ကြေးမုံ
The Mirror Daily
Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 29 September 2020 ၁၀၁၅၀

# COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်
၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၈ ရက်)

Coronavirus Disease 2019 (COVID-19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များအား ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်း


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းပြောကြားစဉ်။

ဒီနေ့မှာ ကျွန်မတို့နိုင်ငံရဲ့ ကိုဗစ်ရောဂါ အခြေအနေကို ပြည်သူလူထုကို တင်ပြဖို့ဖြစ်ပါတယ်။ အများကတော့ သိပြီးသားဖြစ်မှာပါ။ အခုဆိုရင် ရောဂါပိုးကူးစက်နေတဲ့၊ ကူးစက်ခဲ့တဲ့၊ အခုလက်ရှိရော ကူးစက်နေဆဲ အားလုံးပေါင်းလိုက်ရင် တစ်သောင်းကျော်သွားပါပြီ။ နောက်ပြီးတော့ သေပျောက်မှုနှုန်းကလည်း ၂၀၀ ကျော်သွားပါပြီ။ အဲဒီအခါကျတော့ ကျွန်မတို့ ပြည်သူတွေတချို့မှာ စိုးရိမ်ကြောင့်ကြမှုတွေ ရှိမယ်ဆိုတာ သဘာဝကျပါတယ်။ ဒါပေမယ့် ဒီဟာကို စိုးရိမ်ကြောင့်ကြစရာလို့ မမြင်ဘဲနဲ့ အလေးအနက်ထားစရာလို့ မြင်စေချင်ပါတယ်။ အလေးအနက်ထားစရာ၊ သတိထားစရာလို့ မြင်စေချင်ပါတယ်။

နောက်ပြီးတော့ အထူးသဖြင့် အခုရောဂါပိုးတွေ့ရှိနေပြီဆိုပြီး သိရတဲ့ ကျွန်မတို့ ပြည်သူတွေကို အားပေးစကားပြောချင်ပါတယ်။ ဘယ်တော့မှ တစ်ယောက်တည်း မဟုတ်ပါဘူး။ ကိုဗစ်ရောဂါရဲ့ ပြဿနာကဘာလဲဆိုတော့ ရောဂါရှိပြီဆိုရင် တခြားရောဂါတွေဖြစ်တဲ့ အခါမှာလို ဘေးကနေပြီးတော့ မိသားစုတွေ၊ မိတ်ဆွေတွေက ဝန်းရံပေးလို့မရပါဘူး။ သတ်သတ်စီနေရတယ်။ နေရတဲ့အခါကျတော့ တစ်ယောက်တည်း နေရလို့ဆိုပြီးတော့ စိတ်ဓာတ်ကျတာတို့၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

**နိုင်ငံတော်အနေနဲ့ကတော့ ရောဂါဖြစ်နေတဲ့ ပြည်သူအားလုံး တစ်ယောက်ချင်း၊ တစ်ယောက်ချင်းကို တန်ဖိုးထားပါတယ်။ ကျွန်မတို့ ဘယ်တော့မှ ဘယ်သူဖြစ်တာလဲလို့ မမေးပါဘူး။ ဘယ်နှယောက်ဖြစ်တာပဲ ကြည့်ပါတယ်။ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းကို တန်းတူပဲ တန်ဖိုးထားပါတယ်။ ချမ်းသာကြွယ်ဝတဲ့သူ၊ ဩဇာအာဏာရှိတဲ့သူဆိုပြီး ခွဲပြီးတော့ သူ့ဆိုရင် ပိုပြီးတော့ အလေးထားတယ်ဆိုတာ လုံးဝမရှိပါဘူး။ ဒါကြောင့် ကျွန်မတို့ ပြည်သူတွေဟာ အဲဒီအင်အားနဲ့ ဒီရောဂါကို ပြန်ပြီး တွန်းလှန်စေချင်တယ်။**

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# စီးပွားရေးအလားအလာကောင်းများနှင့် မြင့်မားလာနိုင်သည့် အနာဂတ်လူမှုစီးပွား

ကိုဗစ်-၁၉ ရောဂါသည် ပြည်သူများ၏ ကျန်းမာရေးသာမက အသက်အန္တရာယ်ပါ ထိခိုက်ပျက်စီးမှုရှိစေသော မကြုံဖူးသည့် ရောဂါဆန်းဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိပြည်သူများသည် ကိုဗစ်ရောဂါကြောင့် ဘဝများ၊ အသက်များ ပေးဆပ်ခဲ့ရပြီး ဆက်လက်၍လည်း ရင်ဆိုင်ကျော်လွှားအန်တုနိုင်ရန် ကြိုးပမ်းနေသည်။ ကိုဗစ်-၁၉ ရောဂါသည် ပြည်သူများ၏ ကျန်းမာရေးအတွက်သာမက လူမှုစီးပွားများပါ ထိခိုက်ပျက်စီးစေသည်ကို လက်တွေ့ကြုံတွေ့နေကြရပါသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဆိုးကြောင့် ကျန်းမာရေးအပြင် လူမှုရေး၊ စီးပွားရေး ထိခိုက်နစ်နာသည့် အကျိုးသက်ရောက်မှုများ များစွာရှိနေပြီဖြစ်သည်။ အချို့ပြည်သူများအနေဖြင့် ကိုဗစ်အလွန်ကာလတွင် မြန်မာနိုင်ငံ၏ လူမှုဘဝ၊ စီးပွားရေးဘဝအခြေအနေအပေါ် စိုးရိမ်ပူပန်မှုများရှိနေပေသည်။ ယင်းကိစ္စနှင့်စပ်လျဉ်းပြီး စက်တင်ဘာလ ၂၅ ရက်နေ့ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

"ကျွန်မတို့ ကိန်းဂဏန်းတွေ ကြည့်လိုက်တယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှုဟာ ကျွန်မတို့အခုက ၉ လပိုင်းပဲရှိသေးပေမယ့် အရင်နှစ်ကထက်ပိုနေပါပြီ။ အဲဒီတော့ပြောချင်တာက ကိုဗစ်ရောဂါနဲ့ ရုန်းကန်နေရတဲ့ အခြေအနေမှာတောင်မှ ကျွန်မတို့ စီးပွားရေးသိပ်ပြီးတော့ မကျဆင်းအောင်လို့ ကျွန်မတို့ အတတ်နိုင်ဆုံး ထိန်းထားပါတယ်။ ထိန်းလို့လည်း အတိုင်းအတာတစ်ခုအထိ အောင်မြင်နေတယ်ဆိုတာလည်း ပြောချင်ပါတယ်"ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးအခြေအနေနှင့် ပတ်သက်၍ ထုတ်ဖော်ပြောကြားအသိပေးခဲ့သည်။

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍနှင့်ပတ်သက်၍ စီးပွားရေးနှင့် သက်ဆိုင်သည့် ကိန်းဂဏန်းနှစ်ခုတွင် ယခုစက်တင်ဘာလ၌ အလားအလာကောင်းများတွေ့နေရသည်ကို ညွှန်းဆိုဖော်ပြခဲ့ပြီး ယခုနှစ်ကုန်တွင် ကူးသန်းရောင်းဝယ်ရေးပိုင်း၌ အောင်မြင်မှုများရနိုင်မည်ဖြစ်သည်။ လက်ရှိဘဏ္ဍာနှစ်တွင် ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၈၁၀ ကျော်ရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၁၂၀ ခန့် ပိုမိုရရှိထားသည်။ ယခုဘဏ္ဍာနှစ် စက်တင်ဘာလ ၁၁ ရက်နေ့အထိ ပြည်ပသို့ စုစုပေါင်းပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၇၇၁ ဘီလီယံရရှိထားပြီး ယခင်နှစ်ကာလတူတွင် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၉၇၄ ဘီလီယံသာ ရရှိခဲ့သည်။ လက်ရှိဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံခန့်ရရှိထားပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာသန်း ၈၀၀ ခန့် ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပြည်သူ့အစိုးရလက်ထက် လေးနှစ်ကျော်ကာလတွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၊ စက်မှုဇုန်လုပ်ငန်းကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ အိမ်ခြံမြေကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းကဏ္ဍ၊ သတ္တုတွင်းလုပ်ငန်းကဏ္ဍနှင့် အခြားဝန်ဆောင်မှုစီးပွားရေးလုပ်ငန်းကဏ္ဍ ၁၁ ခုတို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်ထားသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်ရောဂါဖြစ်ပွားနေဆဲကာလ၌ ရင်းနှီးမြှုပ်နှံမှုနှင့် အချို့သောကူးသန်းရောင်းဝယ်ရေးကဏ္ဍများတွင် အလားအလာကောင်းများမှာ အားရစရာဖြစ်သည်။ စက်တင်ဘာလ ၂၇ ရက်နေ့ညတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပသည့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဆင့်မြင့်အစည်းအဝေးတွင် ဆွေးနွေးကြသော ဖွံ့ဖြိုးဆဲနိုင်ငံ ၁၃ နိုင်ငံမှ ဝန်ကြီးများက ကိုဗစ်-၁၉ တိုက်ဖျက်ရေး၊ ကုလသမဂ္ဂ ၂၀၃၀ အာဂျင်ဒါနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စုစည်းညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာနက်ရှိုင်းရေးသည် အရေးကြီးကြောင်း အသိအမှတ်ပြုပြောကြားခဲ့ကြပြီး ကိုယ်စားလှယ်များက ဖွံ့ဖြိုးဆဲနိုင်ငံများအား အရင်းအမြစ်များနှင့် နည်းပညာအကူအညီများ ထောက်ပံ့ရေးအတွက် ကုလသမဂ္ဂ၏အခန်းကဏ္ဍကို အလေးထားပြောကြားခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်ရောဂါနှင့် ရင်ဆိုင်ကြုံတွေ့နေရသော်လည်း မြန်မာနိုင်ငံ၏အနာဂတ်စီးပွားရေး၊ အလုပ်အကိုင်အခြေအနေများအတွက် စိုးရိမ်ပူပန်ဖွယ်ရာမရှိဘဲ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းအားထုတ်မှု၊ လက်ရှိ၌ စီးပွားရေးအလားအလာကောင်းများ ရရှိမှုတို့ကြောင့် အနာဂတ်လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာအောင် ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

# ဦးတင်ယုအား ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် စက်တင်ဘာ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကောင်စစ်ဝန်ချုပ်ရုံး၊ လော့စ်အိန်ဂျယ်လိစ်မြို့မှ ကောင်စစ်ဝန်ချုပ် ဦးတင်ယုအား ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီး ဖြစ်သည်။ **သတင်းစဉ်**




# ဧရာဝတီမြစ်ရေ အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၈**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကသာမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၈-၉-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၁၀,၀၀၀ | ၁၃၆ | ၂,၃၆၀,၀၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၀၀ | ၈၂၀ | ၃,၀၁၉,၀၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၂၂,၅၀၀ | ၂၃,၀၀၀ | ၅၄၂ | ၁၂,၄၃၅,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၆၄၁ | ၁,၇၃၀,၈၀၀ |
| EFR | ၃,၀၀၀ | ၃,၀၀၀ | ၁၀ | ၃၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၂၈

ရန်ကုန်(ရွှေဈေး) ၁၃၁၃၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၃၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၃၅/၅၇၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၂၅/၅၅၅ ကျပ် | ၅၅၅/၅၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၀၀/၆၂၀ ကျပ် | ၆၆၀/၆၈၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၇၅/၅၀၅ ကျပ် | ၅၃၅/၅၄၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၃၀/၄၄၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၄၀/၄၅၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၂၇/၄၃၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၀၈.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၂၃.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၁.၈၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁.၂၆၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၃.၃၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၇၄၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၂၁.၃၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၁.၁၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၄၂.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၁.၅၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

MYANMAR Digital News
Presented by NPI
www.mdn.gov.mm

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ဇင်မေဦး၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်ခိုင်မာဆွေနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

○ ရှေ့ဖုံးမှ

စိတ်အားငယ်တာတို့ ဖြစ်တယ်ဆိုတာလည်း ဒါလည်း သဘာဝကျပါတယ်။ အဲဒီတော့ ကျွန်မပြောချင်တာက ကျွန်မတို့ရဲ့ နိုင်ငံတော်အနေနဲ့ကတော့ ရောဂါဖြစ်နေတဲ့ ပြည်သူအားလုံး တစ်ယောက်ချင်း၊ တစ်ယောက်ချင်းကို တန်ဖိုးထားပါတယ်။ ကျွန်မတို့ ဘယ်တော့မှ ဘယ်သူဖြစ်တာလဲလို့ မမေးပါဘူး။ ဘယ်နှယောက်ဖြစ်တာပဲ ကြည့်ပါတယ်။ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းကို တန်းတူပဲတန်ဖိုးထားပါတယ်။ ချမ်းသာကြွယ်ဝတဲ့သူ၊ ဩဇာအာဏာရှိတဲ့သူဆိုပြီး ခွဲပြီးတော့ သူ့ဆိုရင် ပိုပြီးတော့ အလေးထားတယ်ဆိုတာ လုံးဝမရှိပါဘူး။ ဒါကြောင့် ကျွန်မတို့ပြည်သူတွေဟာ အဲဒီအင်အားနဲ့ ဒီရောဂါကို ပြန်ပြီး တွန်းလှန်စေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ စိတ်ဓာတ်ကျပြီဆိုရင် ကိုယ်ခံအားက ကျတတ်ပါတယ်။ ကိုယ်ခံအားမကျဖို့က အင်မတန်မှအရေးကြီးပါတယ်။ ကျွန်မတို့နိုင်ငံတော်တင်မကဘူး။ ကျွန်မတို့ ပြည်သူတွေ အများစုကလည်း ဒီလိုပဲ ရောဂါဖြစ်တဲ့သူတွေအပေါ်မှာ မေတ္တာနဲ့ ရှုနေမယ်။ ကရုဏာနဲ့ရှုနေမယ်။ အမြန်ဆုံးပြန်ပြီးတော့ သက်သာစေချင်တဲ့စိတ်တွေရှိနေမယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။ ဒါကြောင့် ဒီရောဂါပိုးရပြီဆိုတာ တွေ့တယ်ဆိုရင် စိတ်ဓာတ်မကျပါနဲ့။ အတတ်နိုင်ဆုံး ကျွန်မတို့လုပ်ပေးပါမယ်။ နောက်ပြီးတော့လည်း ပြည်သူပြည်သားတွေကလည်း ဝိုင်းပြီးတော့ မေတ္တာပို့ကြမယ်၊ ဆုတောင်းပေးကြမယ်လို့လည်း ကျွန်မယုံကြည်ပါတယ်။

ဒီတော့ ဒီရောဂါပိုးတွေ့ရှိတာနဲ့ပတ်သက်လို့ သောကြာနေ့တုန်းက ကျွန်မပြောပါတယ်။ တောင်ကိုရီးယားကနေပြီးတော့ ဒီရောဂါပိုး ရှိ မရှိကို မြန်မြန်ဆန်ဆန်နဲ့ မှန်မှန်ကန်ကန်စစ်ဆေးနိုင်တဲ့ Antigen test kit တွေရဖို့ ရှိတယ်လို့ ကျွန်မပြောခဲ့ပါတယ်။ ဒါရက်ပိုင်းအတွင်း ရောက်မယ်ဆိုတာ ကျွန်မပြောတဲ့အတိုင်းပဲ ခုရက်ပိုင်း အတွင်း ရောက်ပါပြီ။ မနေ့ကဆိုရင် ကျွန်မတို့အစိုးရဝယ်တဲ့ နှစ်သိန်းထဲမှာဆိုရင်ခြောက်သောင်းရောက်ပါတယ်။ ဒီနေ့ဆိုရင် နောက်တစ်သိန်းလေးသောင်းရောက်ဖို့ ရှိတဲ့အခါကျတော့ ဒီနှစ်သိန်းစလုံးဟာ ဒီနေ့ပြည့်မှာ ဖြစ်ပါတယ်။ မနက်ဖြန်ကစပြီးတော့ မြို့နယ်၊ ခရိုင် ဆေးရုံတွေမှာ စပြီးတော့ စမ်းသပ်တဲ့ test kit ကို သုံးမှာ ဖြစ်ပါတယ်။ နောက် မနက်ဖြန်မှာလည်း တောင်ကိုရီးယားအစိုးရကနေပြီးတော့ လှူဒါန်းတဲ့ test kit တွေထဲက ငါးထောင်ရောက်ဖို့ရှိပါတယ်။ အဲဒီတော့ စပြီးတော့ မြန်မြန်ဆန်ဆန်နဲ့ မှန်မှန်ကန်ကန် စမ်းသပ်နိုင်တဲ့ test kit တွေကို သုံးပြီဆိုရင် ရောဂါပိုးရှိတာတွေ ပိုပြီးတော့တွေ့လာမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မြန်စစ်လိုက်တဲ့အခါကျတော့ မြန်မြန်သိရတယ်။ အဲဒါကြောင့်လည်း စိတ်ဓာတ်မကျပါနဲ့။ ဒီလိုမြန်မြန်သိရတဲ့အခါကျတော့ စောစောစီးစီး ကုသမှုပေးနိုင်တယ်။ ပျောက်နှုန်းကပိုပြီးတော့ ကောင်းလာမယ်။

အရင်လည်းကျွန်မတို့ ပြောခဲ့ပါတယ်။ ဒီရောဂါနဲ့ပတ်သက်ပြီးတော့ အသေအပျောက်ရှိခဲ့တာဟာ ဘာနဲ့ဆက်စပ်နေလဲဆိုတော့ အခြေခံကျန်းမာရေးနဲ့ ဆက်စပ်နေပါတယ်။ ဒါကြောင့် အသက်ကြီးတဲ့ ပုဂ္ဂိုလ်တွေ၊ အခြေခံကျန်းမာရေးအားမကောင်းတဲ့ ပုဂ္ဂိုလ်တွေ၊ အခြေခံရောဂါတွေ၊ အခြားရောဂါတွေရှိတာ၊ အထူးသဖြင့် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ ကျွန်မတို့ရဲ့ ပြည်သူတွေမှာ ရှိတတ်ပါတယ်။ အဲဒါတွေရှိတဲ့ ပုဂ္ဂိုလ်တွေဆိုရင် ပိုပြီးတော့ သတိထားရပါတယ်။ ပိုပြီးတော့ ကိုယ်ခံအားမကောင်းလို့ စိုးရိမ်စရာဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုရောဂါတွေရှိလို့လည်း စောစောက ကျွန်မပြောသလို စိတ်ဓာတ်မကျပါနဲ့။ စိတ်ဓာတ်က အများကြီးဆောင်ပါတယ်။ ကိုယ်တစ်ယောက်တည်း မဟုတ်ဘူး။ ကိုယ်နဲ့ တစ်တိုင်းပြည်လုံးက ရှိတယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ အင်အားမွေးပါ။ ကျွန်မတို့ တစ်တိုင်းပြည်လုံးအတွက် ကိုယ်ကလည်း ရုန်းကန်ရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဒီရောဂါကို ကျော်လွှားနိုင်အောင်လို့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ဝန်ထမ်းတွေ၊ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးစေချင်ပါတယ်။

ကျန်းမာရေးဝန်ထမ်းတွေအကြောင်း ပြောရင်းနဲ့ တစ်ခါတည်း ကျွန်မပြောရမယ်ဆိုရင် ကျန်းမာရေးဝန်ထမ်းတွေထဲမှာလည်း ရောဂါပိုးကူးစက်တာတွေရှိတယ်။ အသေအပျောက်လည်းရှိပါတယ်။ ဒါဟာလည်း ကျွန်မတို့ ကျန်းမာရေးဝန်ထမ်းတွေရဲ့ အလုပ်သဘောသဘာဝအရ ရှောင်ရခက်တဲ့ကိစ္စပါ။ ကျွန်မတို့ ဒီလိုရှောင်ရခက်တဲ့ ကိစ္စမှန်းသိရက်သားနဲ့ စေတနာ၊ မေတ္တာနဲ့ တာဝန်ကျေပွန်စွာ ထမ်းဆောင်ပေးနေတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ ကျွန်မတို့ စေတနာ့ဝန်ထမ်းတွေ၊ Quarantine ဘက်မှာ ကူညီတဲ့စေတနာ့ဝန်ထမ်းတွေ အားလုံးကိုလည်း ပြည်သူ ပြည်သားများကိုယ်စား ကျေးဇူးတင်ပါတယ်ဆိုတာ ကျွန်မထပ်လောင်းပြီးတော့ ပြောချင်ပါတယ်။

အဲဒီတော့ ကျွန်မတို့ပြည်သူတွေဟာ အခုဆိုရင် အထူးသဖြင့်ပေါ့။ ရောဂါပြန့်ပွားမှုက များပြားပြီးတော့ ဆိုးရွားနေတာကတော့ ရန်ကုန်တိုင်းဒေသကြီးပေါ့။ ရန်ကုန်တိုင်းဒေသကြီးမှာတော့ တော်တော်ဆင်ဆင်ခြင်ခြင်ဖြစ်လာပြီလို့ သိရတဲ့အတွက် ဝမ်းသာပါတယ်။ ဒါပေမယ့်လည်း ဆက်ပြီးတော့ ဆင်ခြင်ဖို့လိုပါတယ်။ အခုဟာက အခုစပြီး ဆင်ခြင်လို့ မနက်ဖြန် ချက်ချင်းအားလုံးဟာပျောက်မှာ မဟုတ်ပါဘူး။ ကူးပြီးသား ရောဂါပိုးတွေကတော့ ရှိနေမှာပဲ။ ဆက်ပြီးတော့ မပြန့်ပွားအောင် ကျွန်မတို့က ထိန်းသိမ်းထားဖို့ ဖြစ်ပါတယ်။ ဆက်ပြီးတော့ မပြန့်ပွားအောင်လို့ဆိုတော့ အဲဒီလိုပြန့်ပွားစေတဲ့နေရာတွေကို ကျွန်မတို့ အထူးဂရုပြုပြီးတော့လုပ်ဆောင်နေပါတယ်။ ဥပမာဆိုရင် ဈေးတွေပေါ့။ ဈေးတွေမှာ အစကတည်းကတော့ စည်းမျဉ်းစည်းကမ်းတွေ ထုတ်ထားပါတယ်။ ဒါပေမယ့်လည်း ဒီစည်းမျဉ်းစည်းကမ်းတွေကို တင်းတင်းကျပ်ကျပ် လိုက်နာမှုတွေကတော့ နည်းပါတယ်။

ဒါကြောင့်လည်း အဲ့ဒီဘက်ကနေ ပြန့်ပွားတာတွေရှိပါတယ်။ အခုကျတော့ ပိုပြီးတော့ စည်းမျဉ်းစည်းကမ်းတွေကို တင်းတင်းကျပ်ကျပ် လိုက်နာလာတာတွေကလည်း ပြည်သူတွေဘက်က ရှိတယ်ပေါ့နော်။ အစိုးရဘက်ကလည်း ပိုပြီးတော့ တင်းတင်းကျပ်ကျပ် ထိန်းသိမ်းဖို့ဆောင်ရွက်နေတာတွေလည်းရှိပါတယ်။ ဒါကြောင့် ဒီလိုပြန့်ပွားမှုကတော့ လုံးဝတော့ကျသွားနိုင်မယ်လို့ ကျွန်မတို့ ခန့်မှန်းထားပါတယ်။ စည်းမျဉ်းစည်းကမ်းတွေ ချမှတ်ထားရဲ့သားနဲ့ ဒီစည်းမျဉ်းစည်းကမ်းတွေကိုမလိုက်နာဘဲ နေတာဟာ အဲဒါသတ္တိမဟုတ်ဘူး၊ အဲဒါတော့ သတိထားစေချင်တယ်။ မကြောက်ပါဘူး။ ဖြစ်မှာ မကြောက်ပါဘူး ဆိုပြီးတော့ စည်းမျဉ်းစည်းကမ်းတွေကို မလိုက်နာတာဟာ သတ္တိမဟုတ်ဘူး။ အဲဒါပြောရင်းနဲ့ ဖေဖေပြောတဲ့စကားလေးတစ်ခုကို သွားပြီး သတိရပါတယ်။ လုပ်ရဲတာက သတ္တိမဟုတ်ဘူး၊ ခံရဲတာကသတ္တိပဲ။ အဲဒါကြောင့် အခု ဒီစည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်ရဲတယ်ဆိုတာ သတ္တိမဟုတ်ပါဘူး။ စည်းမျဉ်းစည်းကမ်းတွေကိုခံရဲတယ်၊ စည်းမျဉ်းစည်းကမ်းတွေရဲ့ ဝန်ကိုခံပြီးတော့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာမယ်ဆိုတာ အဲဒါက တကယ့်သတ္တိပဲ။ ဒီလိုလုပ်ရဲတဲ့ သတ္တိထဲမှာတော့ ကျွန်မတို့ ဝန်ထမ်းတွေပါတာပေါ့။ စေတနာ့ဝန်ထမ်းတွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေကတော့ သတ္တိနဲ့လုပ်ရတယ်။ အများအတွက် လုပ်ရတယ်။ ဒီလိုလုပ်ရဲတဲ့သတ္တိကတော့ ခံရဲတဲ့သတ္တိနည်းတူ တန်ဖိုးရှိပါတယ်။

ကျွန်မတို့ အခု ပြည်သူတွေ ကျန်းမာရေးအတွက် ဂရုစိုက်တဲ့နေရာမှာ ဘယ်သူ့ကိုမှ မချန်လုပ်ထားပါဘူး။ စောစောက ပြောသလိုပေါ့နော်၊ အယုတ်အလတ်အမြတ် မခွဲခြားပါဘူး။ ဥပမာအားဖြင့်ဆိုရင် အကျဉ်းကျနေတဲ့ ကျွန်မတို့ပြည်သူတွေ၊ အချုပ်ခံနေရတဲ့ ကျွန်မတို့ပြည်သူတွေရဲ့လိုအပ်ချက်တွေကိုလည်း ကျွန်မတို့ အများကြီးစဉ်းစားပါတယ်။ အကျဉ်းထောင်ထဲမှာလည်း ရောဂါမပြန့်ပွားအောင်၊ အချုပ်ခန်းတွေထဲမှာ ရောဂါမပြန့်ပွားအောင်လို့ တစ်ချိန်တည်းမှာပဲ တရားဥပဒေစိုးမိုးရေးကို ကျွန်မတို့ ဦးထိပ်ထားပြီးတော့ တရားစီရင်မှုတွေကို လုပ်ထုံးလုပ်နည်းအရ ဆက်လက်ပြီးတော့ ဖြစ်သွားအောင်လို့လည်း ကျွန်မတို့စီစဉ်ရပါတယ်။ ဒါကြောင့် ရမန်ပေးတဲ့ နေရာမှာ၊ စီရင်ချက်ချတဲ့နေရာမှာ ဘယ်လိုအကောင်းဆုံးလုပ်မလဲ၊ တရားဥပဒေနဲ့လည်းကိုက်ညီအောင် နောက်ပြီးတော့ ကျွန်မတို့ရဲ့ ပြည်သူတွေ အကျဉ်းကျနေတဲ့၊ အချုပ်ခံနေရတဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးကိုလည်း ကာကွယ်နိုင်အောင် ဆိုပြီးတော့ အဘက်ဘက်ကနေ ကျွန်မတို့ကြည့်ပြီးတော့ကြိုးစားပါတယ်။ ဒါကြောင့်မို့ ဘယ်သူမှ အားငယ်စရာမလိုပါဘူး။ ငါကတော့ အရေးမပါဘူး။ ငါက အကျဉ်းကျနေတဲ့သူ၊ အချုပ်ကျနေတဲ့သူလို့ စဉ်းစားစရာမလိုပါဘူး။ အားလုံးကို တန်းတူညီတူ ဂရုစိုက်ပြီးတော့ အကောင်းဆုံးဖြစ်အောင် လုပ်ပေးပါမယ်။ ပြည်သူတွေကတော့ ဝိုင်းဝန်းပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့ အင်မတန်မှ လိုအပ်ပါတယ်။ ဒီစည်းမျဉ်းစည်းကမ်းတွေကို လိုက်နာဖို့ပဲ ဖြစ်ပါတယ်။

နောက်ပြီးတော့ ကျွန်မတို့အရင် သောကြာနေ့တုန်းက ပြောတယ်။ အစီအစဉ်တစ်ခု လုပ်ပါမယ်။ အဲဒါကတော့ ကျွန်မတို့ ပြည်သူတွေက ဟိုကြားဒီကြားနဲ့ ကြားတာကို ယုံပြီးတော့ ဟိုဆေးမြီးတိုလေးနဲ့ ကုကြည့်၊ ဒီဆေးမြီးတိုလေးတွေနဲ့ကုကြည့် လုပ်မှာစိုးလို့ ကျွန်မတို့ သမားတော်ကြီးများကို မေးခွန်းမေးနိုင်တဲ့ အစီအစဉ်မျိုးလုပ်မယ်လို့ ကျွန်မပြောခဲ့ပါတယ်။ ဒီအစီအစဉ်ကလည်း မနက်ဖြန်ဆို စတင်ပါတော့မယ်။ ဒီအစီအစဉ်မှာသိချင်တဲ့ကိစ္စတွေ မေးဖို့ဆိုရင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ Facebook မှာ မေးဖို့ဆိုတာလည်း ကျွန်မပြောပြီးသား ဖြစ်ပါတယ်။ အဲဒီတော့ အခုထိဆိုရင် ရောက်လာတဲ့မေးခွန်းတွေဟာ ၃၀၀ လောက်ရှိပြီလို့ နားလည်ပါတယ်။ ဒါပေမယ့် ဒီ ၃၀၀ ထဲမှာ တချို့မေးခွန်းတွေဟာ ထပ်တာပေါ့နော်။ ပြည်သူများ တချို့တွေ သိချင်တဲ့ဟာတွေက အကြောင်းအရာ တစ်ခုတည်းဆိုတဲ့အခါကျရင်တော့ အားလုံး တစ်ခုချင်းမဖြေဘဲနဲ့ ခြုံငုံပြီးတော့ ဖြေမှာဖြစ်ပါတယ်။ ဒီတော့ ကျွန်မနားလည်သလောက်ကတော့ ရောက်လာတဲ့ မေးခွန်းတွေအားလုံးဟာ အခုထိဆိုရင် ၃၀၀ လောက်ရှိနေပြီ။ ဒါပေမယ့် တူညီတဲ့ မေးခွန်းတွေ ဖယ်လိုက်မယ်ဆိုရင်တော့ ၅၀ နဲ့ ၁၀၀ ကြား ရှိတာပေါ့နော်။ ၅၀ နဲ့ ၁၀၀ ကြားဆိုတော့လည်း အားလုံးကို တစ်ထိုင်တည်းတော့ ကျွန်မတို့ရဲ့ ကျန်းမာရေးသမားတော်ကြီးတွေက ဖြေနိုင်မှာမဟုတ်ပါဘူး။ မနက်ဖြန်ကနေစပြီး အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး နေ့တိုင်းနေ့တိုင်းပေါ့။ အခု ကျွန်မတို့ အကြမ်းဖျင်းအားဖြင့် သတ်မှတ်ထားတာကတော့ ညနေ ၇ နာရီနဲ့ ၇ နာရီခွဲအချိန် အဲဒီအချိန်ဟာ ပြည်သူတွေအတွက် အဆင်ပြေမယ်ထင်လို့ ကျွန်မတို့ရွေးထားတာ ဖြစ်ပါတယ်။

အဲဒီအချိန်အတွင်းမှာ ကျန်းမာရေးကျွမ်းကျင်အဖွဲ့ကနေပြီးတော့ ဒီမေးခွန်းတွေဖြေပါ့မယ်။ ဖြေတဲ့အထဲမှာလည်း အရေးအကြီးဆုံးဟာတွေကိုတော့ ကောက်နုတ်ပြီးတော့ ဖြေပါ့မယ်။ နောက်ပြီးတော့လည်း အခြားပြည်သူတွေသိချင်တာတွေကို တစ်နေ့ချင်း တစ်နေ့ချင်း ဖြေသွားမှာဖြစ်ပါတယ်။ ပြည်သူတွေကလည်း နားထောင်စေချင်ပါတယ်။

> **စည်းမျဉ်းစည်းကမ်းတွေ ချမှတ်ထားရဲ့သားနဲ့ ဒီစည်းမျဉ်းစည်းကမ်းတွေကိုမလိုက်နာဘဲ နေတာဟာ အဲဒါ သတ္တိမဟုတ်ဘူး၊ အဲဒါတော့ သတိထားစေချင်တယ်။ မကြောက်ပါဘူး။ ဖြစ်မှာ မကြောက်ပါဘူးဆိုပြီးတော့ စည်းမျဉ်းစည်းကမ်းတွေကို မလိုက်နာတာဟာ သတ္တိမဟုတ်ဘူး။ အဲဒါပြောရင်းနဲ့ ဖေဖေပြောတဲ့စကားလေးတစ်ခုကိုသွားပြီး သတိရပါတယ်။ လုပ်ရဲတာက သတ္တိမဟုတ်ဘူး၊ ခံရဲတာကသတ္တိပဲ။ အဲဒါကြောင့် အခု ဒီစည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်ရဲတယ်ဆိုတာ သတ္တိမဟုတ်ပါဘူး။ စည်းမျဉ်းစည်းကမ်းတွေကို ခံရဲတယ်၊ စည်းမျဉ်းစည်းကမ်းတွေရဲ့ဝန်ကို ခံပြီးတော့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာမယ်ဆိုတာ အဲဒါက တကယ့်သတ္တိပဲ။**

ဒီအစီအစဉ်ကို နားထောင်ပါ။ စိတ်ထဲမှာ သိပ်ပြီးတော့ မရှင်းတာရှိရင်လည်း ထပ်ပြီးတော့ မေးလို့ရပါတယ်။ ဒါပေမယ့် မေးတဲ့အခါမှာ တိုတိုနဲ့လိုရင်း မေးစေချင်ပါတယ်။ ကျွန်မသတိပြုမိပါတယ်။ တစ်ခါတလေ ပြည်သူတွေနဲ့ ဆွေးနွေးပွဲတွေ လုပ်တဲ့အခါကျရင် မေးခွန်းမေးတာက မေးခွန်းနဲ့မတူဘဲနဲ့ တစ်ခါတည်း ဆောင်းပါးတစ်ပုဒ်လိုပဲ အင်မတန်မှ ရှည်လှပါတယ်။ အဲဒါဆိုရင် ဖတ်ရတဲ့လူကလည်း အချိန်ပေးရတယ်။ တစ်ခါတလေလည်း အဓိကဘာကို ဆိုလိုတာလဲဆိုတာ မရှင်းမလင်း ဖြစ်တတ်ပါတယ်။ ဒါကြောင့် တိုတိုနဲ့လိုရင်းကိုသာ မေးစေချင်ပါတယ်။ အဲဒါမှလည်း ကျွန်မတို့ ကျွမ်းကျင်ပညာရှင်ကြီးတွေက မြန်မြန်ဆန်ဆန်နဲ့ ထိထိရောက်ရောက်ဖြေနိုင်မှာဖြစ်ပါတယ်။

နောက်တစ်ခုက စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းရေးပေါ့။ စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းရေး၊ တရားဥပဒေ စိုးမိုးရေးနဲ့ပတ်သက်ပြီး ကျွန်မတို့ စည်းမျဉ်းစည်းကမ်းတွေ ထုတ်ထားတယ်ဆိုတာဟာ ပြည်သူတွေကိုချုပ်ချယ်ချင်လို့ မဟုတ်ပါဘူး။ ရောဂါကို ချုပ်ချယ်ချင်လို့ပါ။ ရောဂါပြန့်ပွားမှုကို ချုပ်ချယ်ချင်လို့ ထုတ်ထားတာပါ။ ဒါပေမယ့် တချို့ကတော့ လွတ်လပ်စွာ လုပ်ပိုင်ခွင့်ကို ချုပ်ချယ်တယ်လို့ ထင်ကြပါတယ်။ လုံးဝလွတ်လပ်စွာလုပ်ပိုင်ခွင့်ဆိုတာ ဘယ်သူ့မှာမှ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့နေရတာက လူ့အသိုင်းအဝိုင်းထဲမှာနေရတာ၊ တစ်ယောက်တည်း နေတာမဟုတ်ပါဘူး။ တစ်ယောက်တည်းပဲ သဲကန္တာရကြီးရဲ့ အလယ်မှာ နေတယ်ဆိုရင်တော့ ကိုယ်လုပ်ချင်တာလုပ်နေလို့ရရင်လည်း ရမှာပေါ့။ ဒါပေမယ့် ဘာမှလည်းမရှိတော့ ဘာမှလည်း လုပ်စရာတော့ရှိမှာမဟုတ်ပါဘူး။ အဲဒါကြောင့် ကျွန်မ ပြောချင်တာက ဒီလိုစည်းမျဉ်းစည်းကမ်းတွေ ထုတ်တာဟာ အများအကျိုးအတွက် ဖြစ်ပါတယ်။ အဲဒီတော့ အများအကျိုးကို ထိခိုက်တယ်ဆိုရင် ဥပဒေအရအရေးယူရပါမယ်။ ဒီလိုလည်းအရေးယူချင်လို့ မဟုတ်ဘူး။

ဒါပေမယ့် တချို့ကျတော့ အရေးယူမှပဲ ဒီဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာကို သဘောပေါက်လို့ပါ။ ဥပမာဆိုရင် ကာရာအိုကေ ကိစ္စပေါ့နော်။ ကာရာအိုကေဆိုတာ ကျွန်မ အရင်တစ်ခါပြောဖူးပါတယ်။ ဘာဖြစ်လို့ အန္တရာယ်ရှိသလဲဆိုတာ၊ အားလုံးစုပြီးတော့နေတဲ့ပုံစံနဲ့ ကာရာအိုကေပွဲတွေကို ကျင်းပတာဖြစ်ပါတယ်။ တစ်နေရာတည်းမှာ စုကြတယ်။ လူစုလူဝေးဖြစ်တယ်။ တစ်ယောက်နဲ့ တစ်ယောက် နီးနီးကပ်ကပ်နေတယ်။ နောက်ပြီးတော့လည်း သီချင်းဆိုတယ်ဆိုရင် အများက မိုက်တစ်ခုတည်းကိုသုံးတယ်။ အဲဒီကနေပြီးတော့ ပိုးတွေက ပြန့်ပါတယ်။ တစ်ယောက်က ထုတ်လိုက်တဲ့ ပိုးတွေကို နောက်တစ်ယောက်က ရှူသွင်းသလိုမျိုး ဖြစ်တတ်ပါတယ်။ ဒါကြောင့် ကာရာအိုကေဆိုင်တွေနဲ့ ပတ်သက်လို့ ကျွန်မတို့ တိတိကျကျ၊ တင်းတင်းကျပ်ကျပ်အရေးယူပါမယ်။ အခုလည်းအရေးယူဖို့ဆောင်ရွက်နေပါတယ်ဆိုတာလည်း ပြည်သူတွေကို အသိပေးချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တချို့ကနေပြီးတော့ ကာရာအိုကေနဲ့ပတ်သက်လို့ အရေးမယူဘူးလား၊ လွှတ်ထားသလားလို့ ဆိုပြီးတော့ မေးခွန်းတွေထုတ်ပါတယ်။ ကျွန်မတို့လည်း ဒါအမြဲပဲ စဉ်းစားပါတယ်။ ဒါဟာ ဘယ်လောက် ကျွန်မတို့ လုပ်နေတဲ့ အလုပ်တွေဟာ ပီပီပြင်ပြင်ရှိရဲ့လား၊ တင်းကျပ်သင့်သလောက်တင်းကျပ်ရတာ၊ တင်းကျပ်ချင်လို့ မဟုတ်ပါဘူး။ ကျွန်မတို့ဟာ စောစောကပြောသလိုပေါ့။ ထိန်းချုပ်ချင်တာ ရောဂါပါ၊ ပြည်သူတွေကို မဟုတ်ပါဘူး။ ရောဂါကို ထိန်းချုပ်ဖို့အတွက် ကျွန်မတို့ ဒီစည်းမျဉ်းစည်းကမ်းတွေကို တင်းတင်းကျပ်ကျပ် ချမှတ်ရတာဖြစ်ပါတယ်။

နောက်ဆုံးနိဂုံးချုပ်အနေနဲ့တော့ အမြဲပဲ အနာဂတ်ကိုပဲ ကြည့်စေချင်ပါတယ်။ ပစ္စုပ္ပန်ကို တည့်တည့်ရှုရမယ်ဆိုတာ အမှန်ဆုံးပါ။ ဒါပေမယ့် ပစ္စုပ္ပန်ကို တည့်တည့်ရှုတဲ့အခါမှာ အနာဂတ်ကို မျက်ခြည်ပြတ်သွားလို့ မဖြစ်ပါဘူး။ အနာဂတ်ကို ဘယ်သွားချင်သလဲဆိုတာကိုလည်း ကျွန်မတို့ စဉ်းစားဖို့လိုပါတယ်။ ဒါကြောင့် ကျွန်မကနေပြီးတော့ စီးပွားရေးအခြေအနေနဲ့ပတ်သက်လို့ ကြုံရင်ကြုံသလို ပြည်သူတွေကို တင်ပြတာဖြစ်ပါတယ်။ အစိုးရိမ်မလွန်စေချင်လို့ပါ။ ကျွန်မတို့နိုင်ငံမှာဆိုရင် အခု ကျွန်မကြည့်လိုက်တဲ့အခါကျတော့ တိုးတက်မှုနှုန်းတွေပေါ့နော်။ တစ်ကမ္ဘာလုံးမှာဆိုရင် တိုးတက်မှုနှုန်းတွေက ကျနေပါတယ်။ ကျနေပေမယ့် တချို့နိုင်ငံတော်တော်များများမှာဆိုရင် ကျတာ ဘယ်လောက်ကျသလဲဆို တော့ အနုတ်လက္ခဏာ ပြနေတာ၊ သုညအောက်ကျသွားတယ်။ ကျွန်မတို့ဟာ အခုထိတော့ သုညအောက်မကျသေးပါဘူး။ သုညအောက်မကျတဲ့ နိုင်ငံအနည်းငယ်ထဲမှာပါတယ်လို့ ပြောရမှာပေါ့။ ကျွန်မတို့ အာဆီယံမှာဆိုရင် သုညအောက်မကျတဲ့ နိုင်ငံသုံးနိုင်ငံထဲမှာ ကျွန်မတို့နိုင်ငံ အခုထိတော့ ရှိပါသေးတယ်။ ဆက်ရှိမယ်လို့တော့ ကျွန်မတို့ အာမမခံနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခု ဒိုင်ုတိယလှိုင်းနဲ့လည်း ကျွန်မတို့ ရုန်းကန်နေရတာ ဖြစ်ပါတယ်။

သို့သော်ငြားလည်း ကျွန်မတို့ ဆက်ပြီးတော့လည်း ထိန်းထားပါ့မယ်။ ထိန်းထားရုံတင်မက ပိုပြီးတော့ တိုးတက်အောင်လည်း လုပ်ပါ့မယ်။ အဲဒါကိုလည်း ပြည်သူတွေ အနေနဲ့ နောင်ပေါ့နော်။ အနာဂတ်စီးပွားရေး အခြေအနေကို စဉ်းစားပြီးတော့ အစိုးရိမ်မလွန်စေချင်ပါဘူး။ အခုချိန်မှာ ကျန်းမာအောင်နေပါ။ အကယ်၍ ရောဂါပိုးဝင်နေပြီဆိုရင် ရောဂါပိုးကိုကျော်လွှားနိုင်ဖို့အတွက် ကိုယ့်စိတ်ကို ကိုယ်မှန်မှန်ထားပါ။ ကျွန်မတို့အားလုံး နိုင်ငံတော်အစိုးရကရော၊ ပြည်သူပြည်သားတွေကရော ကိုယ့်ဘက်မှာရှိနေတယ်ဆိုတာကို ယုံကြည်ပါ။ နောင်လာမယ့် စီးပွားရေး အခက်အခဲတွေအတွက် ကျွန်မတို့နိုင်ငံတော်ကနေပြီးတော့ ပြင်ဆင်ထားတာရှိပါတယ်၊ ပြင်ဆင်ထားပြီးသားပါ။ ဆက်ပြီးတော့လည်းလုပ်သွားမှာပါ။ အရင်တုန်းက ပြင်ဆင်ထားပြီးပြီဆိုတော့ ထိုင်ပြီးကြည့်နေမှာ မဟုတ်ပါဘူး။ အခြေအနေပြောင်းလဲတာနဲ့အမျှ ကျွန်မတို့ ဘယ်လိုပြောင်းလဲသင့်တယ်၊ ဘယ်လိုခြေလှမ်းတွေ လှမ်းနိုင်မယ်ဆိုတာကို ကြည့်ပြီးတော့ ဆက်လုပ်သွားမှာ ဖြစ်ပါတယ်။

ကျွန်မ ထပ်တလဲလဲ ပြောသလိုပေါ့။ ကျွန်မတို့ပြည်သူတွေရဲ့ အဓိကတာဝန်ကတော့ ကိုယ့်ကျန်းမာရေးကို ကိုယ်ဂရုစိုက်ဖို့။ ကိုယ့်ကျန်းမာရေးကို ကိုယ်ဂရုစိုက်ပါ။ ပိုးဝင်ပြီးပြီဆိုရင် ဒီဟာကို ကျော်လွှားနိုင်ဖို့ စိတ်ဓာတ်အင်အားနဲ့မက နိုင်ငံတော်ကပေးတဲ့ ကျန်းမာရေး စောင့်ရှောက်မှုအင်အားနဲ့ ကျော်လွှားပါ။ ကိုဗစ်ရောဂါပိုး မဝင်သေးဘူးဆိုရင်လည်း နောင်မဝင်အောင်လို့၊ ကိုယ့်ကိုယ်ကိုယ် မကူးစက်အောင်လို့၊ တခြားသူတွေ မကူးစက်အောင်လို့ နည်းအမျိုးမျိုးနဲ့ ကြိုးစားကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။ ကျန်တဲ့ကိစ္စတွေကိုတော့ နိုင်ငံတော်ကနေပြီးတော့ တတ်နိုင်သမျှ တာဝန်ယူပါ့မယ်။ ကျွန်မတတ်နိုင်သမျှလို့ပြောတာ ဘာဖြစ်လို့လဲဆိုတော့ အားလုံးကိုလည်း ကျွန်မတို့ကနေ ကြိုတင်ပြီးတော့ ခန့်မှန်းလို့မရပါဘူး။ ခန့်မှန်းနိုင်သရွေ့တော့ ခန့်မှန်းပြီးတော့ ပြည်သူလူထု မထိခိုက်အောင်၊ နိုင်ငံတော်မထိခိုက်အောင်လို့ ကျွန်မတို့ တစိုက်မတ်မတ်လုပ်နေပါတယ်ဆိုတာတော့ ပြည်သူတွေ ယုံကြည်စေချင်ပါတယ်။ ဒါကြောင့် ကိုဗစ်ရောဂါကို တစ်ယောက်ချင်း၊ တစ်ယောက်ချင်း အောင်နိုင်အောင် လုပ်မယ်ဆိုလို့ရှိရင် တစ်နိုင်ငံလုံးကလည်း အောင်နိုင်မှုရမှာလို့ ယုံကြည်ပါတယ်လို့ ပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်။

အားလုံး ကျန်းမာချမ်းသာအောင် နေနိုင်ကြပါစေ။ မေတ္တာအများကြီး ပို့ပါတယ်။ ကျေးဇူးတင်ပါတယ်။

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် (၁၀)ကြိမ်မြောက် မဲခေါင်-ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ပါဝင်တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၂၈**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် (၁၀)ကြိမ်မြောက် မဲခေါင်- ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်မှ ပါဝင်တက်ရောက်သည်။

**ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်**

အစည်းအဝေးတွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Pham Binh Minh နှင့် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Ms. Kang Kyung-wha တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအိုနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများလည်း ပါဝင်တက်ရောက်ခဲ့ကြပြီး ဝန်ကြီးများသည် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု၏ တိုးတက် အောင်မြင်မှုများအပေါ် အသိအမှတ်ပြုခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ပထမအကြိမ် မဲခေါင်-ကိုရီးယား ထိပ်သီးအစည်းအဝေးကျင်းပကာ ပူးပေါင်းဆောင်ရွက်မှုယန္တရားကို အမြင့်ဆုံးအဆင့်သို့ မြှင့်တင်နိုင်ခဲ့ခြင်းအားကြိုဆိုခဲ့ကြသည်။ ဝန်ကြီးများသည် ပထမအကြိမ် ထိပ်သီးအစည်းအဝေးမှ ဆုံးဖြတ်ခဲ့သည့် အတိုင်း ငြိမ်းချမ်းသာယာဝပြောသည့် ပြည်သူဗဟိုပြု အသိုက်အဝန်း တစ်ရပ်ထူထောင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုမဏ္ဍိုင်(၃)ရပ်ဖြစ်သည့် ပြည်သူချင်းဆက်ဆံရေး၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးမဏ္ဍိုင်တို့အောက်မှ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန်လည်း ထပ်လောင်းအတည်ပြုခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ပါဝင်ဆွေးနွေးရာ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်တိုက်ဖျက်ရေးဆောင်ရွက်ရာတွင် ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ အကူအညီများပေးအပ်ခဲ့ခြင်းကို ကျေးဇူးတင်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါဒုတိယလှိုင်း ကာကွယ်တိုက်ဖျက်ရေးအတွက် လိုအပ်နေသည့် အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ တန်ဖိုးရှိ Test kits များကို မြန်မာနိုင်ငံသို့ ထောက်ပံ့သွားရန် ကိုရီးယားသမ္မတနိုင်ငံ၏ ဆုံးဖြတ်ချက်အား ဝမ်းမြောက်ကြိုဆိုကြောင်း ထည့်သွင်းပြောကြားသည်။

**မူဘောင်အောက်မှ အကူအညီပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မဲခေါင်ဒေသ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ကုလသမဂ္ဂ ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးတို့အတွက် ကိုရီးယားနိုင်ငံမှ မဲခေါင်နိုင်ငံများအား တရားဝင်ဖွံ့ဖြိုးမှုအကူအညီ မူဘောင်နှင့် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု မူဘောင်များအောက်မှ အကူအညီများ ပေးခဲ့ခြင်းအတွက်လည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ကိုရီးယားသမ္မတနိုင်ငံမှ မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေသို့ ၂၀၂၀ ပြည့်နှစ်မှစတင်ကာ နှစ်စဉ် အမေရိကန်ဒေါ်လာ ၃ သန်းအထိ တိုးမြှင့်ထည့်ဝင်ခဲ့ခြင်းအတွက် လည်းကောင်း၊ စတုတ္ထအကြိမ် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေ အစီအစဉ်တွင် မြန်မာနိုင်ငံ၏ ဘေးကင်းသောသီးနှံများ စိုက်ပျိုး ထုတ်လုပ်ရန် မြေဆီလွှာနှင့်ရေ၌ သတ္တုဓာတ်ပါဝင်မှု စစ်တမ်းကောက်ယူရေးစီမံချက်ကို ရွေးချယ်ပေးခဲ့ခြင်းအတွက်လည်းကောင်း ကျေးဇူးတင်ရှိကြောင်းပြောကြားသည်။

**ဆက်လက်ပူးပေါင်းဆောင်ရွက်မည်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မဲခေါင်ဒေသ၏ ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ထိန်းသိမ်းရန် မဲခေါင်-ကိုရီးယားဇီဝမျိုးစုံမျိုးကွဲစင်တာကို မြန်မာနိုင်ငံ၌ တည်ဆောက်သွားမည်ဖြစ်သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မဲခေါင်ဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အခြားသောလုပ်ငန်းစဉ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် လက်ရှိကပ်ရောဂါ အခြေအနေများအရ မဲခေါင်နိုင်ငံများအနေဖြင့် ကျန်းမာရေးလုံခြုံမှု ပေးရေးနှင့် စီးပွားရေးတောင့်ခံနိုင်မှုတည်ဆောက်ရေးအကြား ချိတ်ဆက်ဆောင်ရွက်မှုလုပ်ငန်းစဉ် အပေါ်တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန် လိုအပ်ကြောင်း အကြံပြုဆွေးနွေးသည်။

**အတည်ပြုချမှတ်ခဲ့**

အစည်းအဝေးမှ (၁၀)ကြိမ်မြောက် မဲခေါင်-ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲသဘာပတိ ကြေညာချက် နှင့် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ်(၂၀၂၁-၂၀၂၅)တို့ကို အတည်ပြု ချမှတ်ခဲ့သည်။ အဆိုပါ (၅)နှစ်တာ လုပ်ငန်းအစီအစဉ်သည် မဲခေါင်-ကိုရီးယားပူးပေါင်းဆောင်ရွက်မှုအတွက် လမ်းပြမြေပုံတစ်ခုဖြစ်လာမည်ဖြစ်ပြီး ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကဏ္ဍစသည့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ခုနစ်ခုအတွက် သီးခြားရည်မှန်းချက်များလည်း သတ်မှတ်ပေးခဲ့သည်။

မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် မဲခေါင်ဒေသတွင်းနိုင်ငံများအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်နှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို လျှော့ချရန် ၂၀၁၁ ခုနှစ်က စတင်ခဲ့သည့်လုပ်ငန်းစဉ် ဖြစ်ပြီး အဖွဲ့ဝင်များအဖြစ် ကိုရီးယားသမ္မတနိုင်ငံနှင့် မဲခေါင်ဒေသနိုင်ငံ ငါးနိုင်ငံဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့ ပါဝင်ကြသည်။

**သတင်းစဉ်**

# အရက်၊ ဘီယာ၊ ဝိုင်(ယမကာ) ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ၏ သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၈**

အရက်၊ ဘီယာ၊ ဝိုင်(ယမကာ) ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ၏ သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Zoom Application ဖြင့် ကျင်းပသည်။


**ဆွေးနွေးဆုံးဖြတ်**

အစည်းအဝေးတွင် အရက်၊ ဘီယာ၊ ဝိုင် (ယမကာ) ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်ထူးက မိမိတို့ကော်မတီအနေဖြင့် ယခင်အစည်းအဝေးများ၌ ယစ်မျိုးဥပဒေ (မူကြမ်း)နှင့် အရက်တင်သွင်းခွင့် လုပ်ထုံးလုပ်နည်းတို့အပေါ် ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဟိုတယ်၊ စားသောက်ဆိုင်နှင့် စူပါမားကတ်များတွင် ယမကာများ ရောင်းချခွင့်နှင့် စပ်လျဉ်း၍ မူဝါဒဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်း ဆွေးနွေးဆုံးဖြတ်နိုင်ခဲ့ကြောင်း၊ အရက်တင်သွင်းရာတွင် အခွန်ဘဏ္ဍာရရှိရေးအပြင် တစ်ဖက်တွင်လည်း ပြည်သူများကျန်းမာရေး၊ စာရိတ္တဆိုင်ရာကိစ္စရပ်များနှင့် ဆက်နွှယ်နေသည့်အတွက် ဆက်စပ်ဌာနများနှင့်လည်း ညှိနှိုင်းဆောင်ရွက်ရမှုများရှိကြောင်း၊ လက်ရှိအခြေအနေမှာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများဖြစ်ပွားနေသော်လည်း မူဝါဒဆိုင်ရာ ဆုံးဖြတ်ဆောင်ရွက်ရန်များ ရှိသည့်အတွက် ယခုကဲ့သို့လူချင်းထိတွေ့မှုမရှိသည့် Virtual Meeting ကျင်းပရခြင်းဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် ပြည်တွင်းအခွန်များဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းသို့ တရားမဝင်ရောက်ရှိနေသည့် နိုင်ငံခြားအရက်များကို အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းလုပ်ငန်းစီမံချက် ဆောင်ရွက်မှုအခြေအနေ၊ အကောက်ခွန်ဦးစီးဌာန၏ Bonded Warehouse လုပ်ထုံးလုပ်နည်းနှင့်ပတ်သက်သည့် ဆောင်ရွက်မှုအခြေအနေ၊ ယစ်မျိုးလိုင်စင်များ တင်ပြလျှောက်ထားလာမှုနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားရန် ကိစ္စတို့ကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့်လည်း ယစ်မျိုးဥပဒေသစ် အမြန်ဆုံးပြဋ္ဌာန်းနိုင်ရေး တွန်းအားပေးဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ကုန်သွယ်ရေးဦးစီးဌာနက ဆဋ္ဌမအကြိမ်ကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသည့် ကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားသည်။

အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှ ကော်မတီအဖွဲ့ဝင်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




# မင်းလှမြို့နယ်နှင့် အုတ်ဖိုမြို့နယ်ရှိ သဘာဝရေပြင်များတွင် ငါးမျိုးများစိုက်ထည့်

**သာယာဝတီ စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး၏ကြီးကြပ်မှုဖြင့် သာယာဝတီခရိုင် အုတ်ဖို ငါးလုပ်ငန်းစခန်းမှ မင်းလှမြို့နယ်နှင့် အုတ်ဖိုမြို့နယ်အစပ်ရှိ သဘာဝရေပြင်အတွင်းသို့ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၀၀၀၀၀ နှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၁၁၀၀၀၀ တို့အား ငါးမျိုးများ စိုက်ထည့်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဖြိုးဝေလင်းနှင့် ဝန်ထမ်းများ၊ အုတ်ဖိုငါးလုပ်ငန်းစခန်း တာဝန်ခံ ဒေါ်မိုးသီတာနှင့် ဝန်ထမ်းများနှင့် ဒေသခံရေလုပ်သားများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ညွှန်ကြားချက်နှင့်အညီ ပူးပေါင်းပါဝင်မျိုးစိုက်ထည့်ခဲ့ကြသည်။ အုတ်ဖိုငါးလုပ်ငန်းစခန်းအနေဖြင့် ၂၀၁၉-၂၀၂၀ မျိုးစိုက်လျာထားချက်အား ရာနှုန်းပြည့်စိုက်ထည့်ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်သူသာလျှင် အဓိက

## COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါ ကန့်သတ်ချက်များအားလုံးကို ၃၀-၉-၂၀၂၀ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၂၉-၈-၂၀၂၀ ရက်စွဲပါကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေးကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့် စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာအပါအဝင် မည်သည့်ပြည်ဝင်ဗီဇာအမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့်စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါကြေညာချက်။

၂။ COVID-19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့် ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများအပါအဝင်) အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ်(သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံရန် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက်လိုက်နာကြရမည်ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၈ ရက်

## Volunteer Medical Service ပေးချင်တဲ့သူတွေဟာ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း၊ ဆေးတက္ကသိုလ် - ၁ တို့နဲ့ ဆက်သွယ်ပြီး ဆောင်ရွက်နိုင်ပါတယ်

ပါမောက္ခ ဒေါက်တာဇော်ဝေစိုး

ထက်လျှံ

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီး ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဆေးတက္ကသိုလ် - ၁ (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဇော်ဝေစိုးနှင့် မြန်မာ့ရုပ်မြင်သံကြားမှ သတင်းအဖွဲ့က စက်တင်ဘာ ၂၇ ရက်တွင် ဆက်သွယ်မေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည် -**

**ပါမောက္ခ ဒေါက်တာဇော်ဝေစိုး [ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ် - ၁ (ရန်ကုန်)]**

ရန်ကုန်ရဲ့ ၂၇ - ၉ - ၂၀၂၀ ရက်နေ့ ကိုဗစ်အခြေအနေနဲ့ ပတ်သက်ပြီး ပြောရရင် ၇၉၄ ဦးပါ။ ရန်ကုန်မှာ မနေ့က Positive ဖြစ်တဲ့ လူနာပေါင်း ၇၉၄ ဦးရှိပါတယ်။ အဲဒီ ၇၉၄ ဦးကို နေရာချထားဖို့ ကျွန်တော်တို့ ပြင်ဆင်ရပါတယ်။

### နေရာချထားလျက်ရှိ

ပထမဦးဆုံးပြောရရင် အောင်မြင့်မိုရ်မှာ ဆက်လက်ပြီး နေရာချထားတာ ဖြစ်ပါတယ်။ အောင်မြင့်မိုရ်က ခုတင် ၁၂၀၀ ဆံ့တာဖြစ်တဲ့အတွက် အဲဒီမှာ နေရာလုံလောက်စွာရှိပါတယ်။ မနေ့တုန်းက လူ ၄၀၀ ကျော်ကို အဲဒီကို ပို့ဆောင်ထားခဲ့ပါတယ်။ ဒီနေ့ ဆက်လက်ပြီး အောင်မြင့်မိုရ်အိမ်ရာကို ထားမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ဒီနေ့ တပ်မတော်ရဲ့ ရဲမွန်တိုက်/စည်းကျောင်းက ခုတင် ၁၆၆ ခုတင် ရရှိတဲ့အတွက် ယခုဆိုရင် စတင်ပြီး ပို့ဆောင်နေပါပြီ။ အဲဒီလိုမျိုး နေရာချထားလျက်ရှိပါတယ်။

ဆက်လက်ပြီး ရောဂါလက္ခဏာပြင်းထန်တဲ့သူတွေကို ဝေဘာဂီ၊ တောင်ဥက္ကလာနဲ့ ဖောင်ကြီးကို ပို့ဆောင်ပြီး ကုသပေးလျက်ရှိပါတယ်။ တစ်ပြိုင်နက်တည်းမှာ ရန်ကုန်မှာရှိတဲ့ ဆေးရုံကြီးတွေရဲ့ Oxygen Therapy (အောက်ဆီဂျင်ကုထုံး) ကုသနိုင်မှုကိုမြှင့်တင်ဖို့အတွက်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ဆုံးဖြတ်ချက်အစီအစဉ်နဲ့ စတင်ဆောင်ရွက်လျက်ရှိပါတယ်။

### လုံလုံလောက်လောက်ကုသနိုင်အောင်

ဒါဟာ ယခင်တုန်းက ကျွန်တော်တို့ ဆေးရုံတွေမှာ Oxygen Therapy ပေးနိုင်တဲ့နေရာတွေဟာ HDU နဲ့ ICU တွေသာ ဖြစ်ပါတယ်။ ယခုဆိုရင် Ward တွေထဲမှာ၊ Ward တိုင်းမှာ Oxygen Therapy ပေးနိုင်အောင်၊ Oxygen ပေးလို့ရအောင် စီစဉ်မှာဖြစ်ပါတယ်။ ယခင်တုန်းက Oxygen ကို Oxygen ထည့်တဲ့ Cylinder တွေနဲ့သယ်ယူပြီး ပို့ရတာဖြစ်ပါတယ်။ ယခုဟာက Liquid Oxygen နဲ့ ဒီ Oxygen ပိုက်လိုင်းတွေ သွယ်တန်းပြီး ပေးနိုင်အောင် စီစဉ်မှာဖြစ်ပါတယ်။ ဒီနည်းအားဖြင့် ရှေ့လျှောက် ကိုဗစ် - ၁၉ နဲ့ အခြားရောဂါတွေနဲ့ တွဲပြီး ရှိတဲ့သူတွေအတွက် ဆေးရုံတွေမှာ လုံလုံလောက်လောက် ပြည့်ပြည့်ဝဝ ကုသနိုင်အောင် ကြိုတင်စီစဉ်လျက်ရှိပါတယ်။

### ရိုးမစင်တာ(၂)

ယခုထွက်ရှိလာတဲ့ လူနာအရေအတွက်အရ တစ်နေ့ကို ၇၀၀/၈၀၀ Positive ဖြစ်နေတာ ဖြစ်ပါတယ်။ ဒီလူနာတွေကို ပြည့်ပြည့်စုံစုံကုသနိုင်အောင် စီစဉ်ဆောင်ရွက်တဲ့နေရာမှာ ထပ်မံပြီးတော့ ရိုးမစင်တာ(၂)ကို ဖွင့်လှစ်နိုင်ဖို့ စီစဉ်လျက်ရှိပါတယ်။ အလားတူ လိုအပ်ရင် ဆက်လက်ပြီးတော့ ဖွင့်လှစ်နိုင်အောင် တခြားသင့်လျော်တဲ့နေရာတွေကို ယခုအချိန်မှာ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

တစ်ဖက်ကလည်း ဒီလိုစင်တာတွေဖွင့်တဲ့အခါ အဓိက လိုအပ်ချက်ဖြစ်တဲ့ ကျန်းမာရေးဝန်ဆောင်မှု၊ ဒီစောင့်ရှောက်မှုပေးနိုင်တဲ့ ဆရာဝန်/ဆရာမ၊ ဝန်ထမ်းအင်အား လိုအပ်ပါတယ်။ ယခင်တုန်းက ပြည့်စုံပါတယ် ပြောခဲ့ပေမယ့် ယခုအချိန်မှာ လိုအပ်လာပြီ ဖြစ်ပါတယ်။ ယခင်က လူ ၂၀၀ / ၃၀၀ ထွက်တာကို ထိန်းနိုင်တဲ့ အနေအထားရှိပါတယ်။ ယခုလို ၇၀၀ / ၈၀၀ ထွက်တဲ့ အချိန်မှာ ပြုစုစောင့်ရှောက်တဲ့ စင်တာတွေ တိုးပြီးတော့ လိုလာသလို၊ ဒီလူနာတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးမယ့် ကျန်းမာရေးဝန်ထမ်းတွေ၊ ဆရာဝန် / ဆရာမတွေ ပိုမိုလိုအပ်လာတာဖြစ်ပါတယ်။

ယခုဆိုရင် Ward တွေထဲမှာ၊ Ward တိုင်းမှာ Oxygen Therapy ပေးနိုင်အောင်၊ Oxygen ပေးလို့ရအောင် စီစဉ်မှာဖြစ်ပါတယ်။ ယခင်တုန်းက Oxygen ကို Oxygen ထည့်တဲ့ Cylinder တွေနဲ့သယ်ယူပြီး ပို့ရတာဖြစ်ပါတယ်။ ယခုဟာက Liquid Oxygen နဲ့ ဒီ Oxygen ပိုက်လိုင်းတွေ သွယ်တန်းပြီး ပေးနိုင်အောင် စီစဉ်မှာဖြစ်ပါတယ်။

### အင်နဲ့အားနဲ့ ဆောင်ရွက်လာ

ဒါအတွက်လည်း ယခုဆိုရင် စတင်ပြီးတော့ မြန်မာနိုင်ငံဆရာဝန်များအသင်းက အကူအညီတွေ စတင်ပြီးရရှိနေပါပြီ။ အဲဒီအသင်းက အဖွဲ့ဝင်တွေ၊ Volunteer တွေက ကိုဗစ်စင်တာတွေမှာ စတင်ပြီး ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ယခင်ကလည်း ဆောင်ရွက်ပါတယ်။ ယခုဆိုရင် အင်နဲ့အားနဲ့ ဆောင်ရွက်လာပါတယ်။

ဒ့ါအပြင် ရန်ကုန်မှာရှိတဲ့ Private Hospital တွေ၊ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းဟာ ယခုဆိုရင် ဖောင်ကြီးသာမက အောင်မြင့်မိုရ်နဲ့ ရိုးမကို ပါဝင်ပြီး ကူညီဆောင်ရွက်မှာ ဖြစ်ပါတယ်။ ရိုးမ (၂) ရဲ့ တော်တော်များများ အပိုင်းတွေကို မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းကနေ ပါဝင်ဆောင်ရွက်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါနဲ့အတူ ကျွန်တော့်အနေနဲ့ ဒီနေရာကနေပြီး မေတ္တာရပ်ခံချင်ပါတယ်။ Volunteer Medical Service ပေးမယ့်သူတွေကို ကြိုဆိုလျက်ရှိပါတယ်။ Volunteer Medical Service ပေးချင်တဲ့သူတွေဟာ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း၊ ဆေးတက္ကသိုလ် - ၁ တို့နဲ့ ဆက်သွယ်ပြီး ဆောင်ရွက်နိုင်ကြောင်း ဒီနေရာကနေ ပြောကြားလိုပါတယ်။ ဆေးတက္ကသိုလ် - ၁ နဲ့ ဆက်သွယ်မယ်ဆိုရင် ဆေးတက္ကသိုလ် - ၁ ရဲ့ ဖုန်းနံပါတ်တွေရှိပါတယ်။ အဲဒါတွေကို ဆက်သွယ်နိုင်တယ်ဆိုတဲ့အကြောင်းနဲ့ ဒီနေရာကနေ ကြိုဆိုလျက်ရှိကြောင်း ပြောကြားလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# တူညီသောပန်းတိုင်ဆီသို့ တတ်ကျွမ်းမှု မူဘောင်ဖြင့် အရောက်လှမ်းခြင်း

ဒေါက်တာဇင်မာကျော်
(သတင်းအတတ်ပညာ)

အမုန်းစကား၊ အစွန်းရောက်ဝါဒ၊ လုပ်ကြံသတင်းနှင့် သတင်းမှားများသည် ကမ္ဘာနှင့်အဝှမ်း ကပ်ဘေးသဖွယ် ပျံ့နှံ့နေသည့် သတင်းအချက်အလက်ဖရိုဖရဲဖြစ်မှု၏ တွေ့ရအများဆုံးသောပုံစံများ ဖြစ်ကြသည်။ ယင်းတို့ကို ဖေ့စ်ဘွတ်၊ တွစ်တာအစရှိသည့် ဆိုရှယ်မီဒီယာ၊ လူမှုကွန်ရက်တို့တွင် တွေ့မြင်နေကြရသောကြောင့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု မြှင့်တင်ရေးလုပ်ငန်း (Media and Information Literacy – MIL) သည် အလေးထားဆောင်ရွက်ရမည့်လုပ်ငန်းအဖြစ် ကမ္ဘာ့နိုင်ငံအသီးသီးက အသိအမှတ်ပြုကာ ဆောင်ရွက်နေကြသည်။ မြန်မာနိုင်ငံတွင်လည်း MIL ပညာပေးလုပ်ငန်းများကို အစိုးရဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများက အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြသည်။

လက်ရှိမြန်မာနိုင်ငံတွင် MIL ဆိုင်ရာ စွမ်းရည်မြှင့်လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသော အစိုးရဌာနများအနက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တို့ပါဝင်ပြီး အစိုးရမဟုတ်သောအဖွဲ့အစည်းများတွင် Myanmar Book Aid and Preservation Foundation (MBAPF)၊ Myanmar ICT for Development Organization (MIDO) နှင့် ဖန်တီးရာ (Phandeeyar)တို့ ပါဝင်သည်။ ဤလုပ်ငန်းအများစုကို DW Akademie, International Media Support နှင့် USAID တို့က အထောက်အပံ့များ ပေးခဲ့ကြသလို နိုင်ငံတကာအစိုးရများကလည်း MIL အစီအစဉ်များကို ထောက်ပံ့ပေးခဲ့ကြသည်။

MIL အသိပညာပေးလုပ်ငန်းများလုပ်ဆောင်ကြခြင်း၏ ရည်ရွယ်ချက်မှာ ကမ္ဘာနှင့်အဝှမ်း ဆိုရှယ်မီဒီယာအသုံးပြုမှု တစ်ဟုန်ထိုးတိုးတက်လာခြင်းနှင့်အတူ ဒွန်တွဲပါလာသည့် အမုန်းစကားများနှင့် သတင်းအတုများ ပျံ့နှံ့မှုကို သတင်းသုံးစွဲသူပြည်သူများ သတိပြုဆင်ခြင်နိုင်မည့် အင်တာနက်နှင့် အင်တာနက်ပြင်ပ ရေတို၊ ရေရှည်နည်းလမ်းများကို မျှဝေလက်ဆင့်ကမ်းကြခြင်း ဖြစ်သည်။

MIL ဆိုသည်မှာ နိုင်ငံသားများက သတင်းအချက်အလက်နှင့် မီဒီယာအကြောင်းအရာ ပုံစံအမျိုးမျိုးကို နည်းလမ်းအမျိုးမျိုးဖြင့် လက်လှမ်းမီရယူခြင်း၊ ရှာဖွေခြင်း၊ နားလည်ခြင်း၊ အကဲဖြတ်ခြင်းနှင့် အသုံးပြုခြင်းတို့ကို ဝေဖန်သုံးသပ်မှုရှိစွာ၊ ကျင့်ဝတ်ညီစွာ၊ ထိရောက်စွာ ဆောင်ရွက်ခြင်းအားဖြင့် ပုဂ္ဂလိကဘဝ၊ လုပ်ငန်းခွင်နှင့် လူမှုအသိုင်းအဝိုင်းရေးရာများတွင် ပါဝင်နိုင်စေရန် ထောက်ပံ့ပေးသော တတ်ကျွမ်းမှုအစုအဝေးကိုခေါ်သည်။

**မူဘောင်တစ်ရပ် လိုအပ်**

ပညာပေးလုပ်ငန်းများတွင် ကိုယ့်နိုင်ငံ၊ ကိုယ့်ဒေသနှင့် ကိုက်ညီမည့် အကြောင်းအရာအပြင် ဦးတည်ပရိသတ်က သိလိုစိတ်မြင့်မားသည့် အကြောင်းအရာနှင့် သိရှိရန်လိုအပ်ချက်မြင့်မားနေသည့် အဓိကအကြောင်းအရာများကို ပြည့်စုံအောင်ထည့်သွင်းပေးကြရသည်။ ကဏ္ဍစုံမှ အဖွဲ့အစည်းများက MIL လုပ်ငန်းများကို တက်ညီလက်ညီ လုပ်ဆောင်လာကြသောအခါ MIL ဆိုင်ရာ သိနားလည်ခြင်းအတွက် ပညာပေးလုပ်ငန်းဆောင်ရွက်မည့်သူများ လက်ကိုင်ထားသင့်သည့် "ဘုံ" စံနှုန်းသတ်မှတ်ချက်များနှင့် တတ်ကျွမ်းရမည့်အချက်များ ပြဋ္ဌာန်းထားသည့် မူဘောင်တစ်ရပ် လိုအပ်လာခဲ့သည်။

**စွမ်းဆောင်ရည်စံနှုန်းများ**

ယူနက်စကိုမြန်မာရုံးက MIL အသိပညာမြှင့်တင်သည့် လုပ်ငန်းများကို မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်မှစတင်ကာ စဉ်ဆက်မပြတ်ဆောင်ရွက်ရင်း ၂၀၁၉ ခုနှစ် မေလနှင့် ဇူလိုင်လတွင် ကျင်းပခဲ့သော အလုပ်ရုံဆွေးနွေးပွဲများ၏ ရလဒ်များကို ထည့်သွင်းကာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်ခြင်း မူဘောင်တစ်ခုကို ရေးဆွဲထုတ်ဝေနိုင်ခဲ့ပါသည်။ အဆိုပါ မူဘောင်သည် "ကျောင်းတွင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေး"တွင် MIL အသိပညာပေးလုပ်ငန်းကို လုပ်ဆောင်ကြသူများ သိထားသင့်သည့် ဦးစားပေး လုပ်ဆောင်ရမည့် တတ်ကျွမ်းမှု အစိတ်အပိုင်းများနှင့် ဦးတည်သင့်သည့် စွမ်းဆောင်ရည်စံနှုန်းများကို သတ်မှတ်ဖော်ပြပါရှိသည်။

MIL ဂေဟစနစ်အစိတ်အပိုင်းများကို နိုင်ငံတကာတွင် ချမှတ်ထားသော သတ်မှတ်ချက်များမှ ထုတ်နုတ်ပြီး အထူးသဖြင့် ယူနက်စကိုက ကူညီဦးဆောင်သတ်မှတ်ပေးပါသည်။ ယူနက်စကို၏ MIL ဂေဟစနစ်တွင် အစိတ်အပိုင်း ၁၂ ခုဖြစ်ပြီး သတင်းအချက်အလက်ဆိုင်ရာ၊ စာကြည့်တိုက်ဆိုင်ရာ၊ လွတ်လပ်စွာထုတ်ဖော်ခွင့်နှင့် သတင်းလွတ်လပ်ခွင့်ဆိုင်ရာ၊ ဒစ်ဂျစ်တယ်ဆိုင်ရာ၊ ကွန်ပျူတာဆိုင်ရာ၊ အင်တာနက်ဆိုင်ရာ၊ ကစားနည်းဆိုင်ရာ၊ ရုပ်ရှင်ဆိုင်ရာ၊ မော်ကွန်းမှတ်တမ်းဆိုင်ရာ၊ သတင်းဆိုင်ရာ၊ ကြော်ငြာဆိုင်ရာ၊ မီဒီယာဆိုင်ရာသိနားလည်မှုတို့ ပါဝင်သည်။

**MIL ၏ စံနှုန်းများသည် လူ့အခွင့်အရေး၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် သတင်းအချက်အလက် လွတ်လပ်ခွင့်၊ ယဉ်ကျေးမှုစုံနှင့် ဘာသာပေါင်းစုံ စုစည်းညီညွတ်မှုရှိခြင်း၊ ပြန်လည်သင့်မြတ်ရေးနှင့် လူမှုသဟဇာတဖြစ်ခြင်း၊ လိင်ဝိသေသ ခံယူမှုအမျိုးမျိုးအကြား တန်းတူညီမျှမှုနှင့် သာတူညီမျှမှု၊ လွတ်လပ်မှုနှင့် တာဝန်ယူမှုအကြား ဘက်မျှမှုနှင့် ဗဟုဝါဒ နှင့် မတူကွဲပြားစုံလင်မှုများအပေါ် သိနားလည်ရေးများကို အခြေခံထား။**

မြန်မာနိုင်ငံအတွက် ရေးဆွဲထားသည့် မူဘောင်တွင် MIL ဂေဟစနစ်၏ အစိတ်အပိုင်း ကိုးခုကို ဦးစားပေး ရွေးချယ်ထားသည်။ မြန်မာနိုင်ငံရှိ ပြည့်စုံသောMIL ဂေဟစနစ်အစိတ်အပိုင်း ကိုးခုမှာ မီဒီယာဆိုင်ရာသိနားလည်မှု၊ လူမှုမီဒီယာဆိုင်ရာသိနားလည်မှု၊ သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု၊ သတင်းဆိုင်ရာသိနားလည်မှု၊ ဒစ်ဂျစ်တယ်ဆိုင်ရာသိနားလည်မှု၊ အင်တာနက်ဆိုင်ရာ သိနားလည်မှု၊ ကွန်ပျူတာဆိုင်ရာသိနားလည်မှု၊ စာကြည့်တိုက်ဆိုင်ရာသိနားလည်မှုနှင့် အွန်လိုင်းဂိမ်းဆိုင်ရာ သိနားလည်မှုတို့ဖြစ်ပါသည်။ တတ်ကျွမ်းမှုတစ်ခုချင်းစီအတွက် ဆက်စပ်ပတ်သက်သော စွမ်းဆောင်ရည်စံနှုန်းများ ရှိကြပါသည်။ ယင်းမူဘောင်တွင် တတ်ကျွမ်းမှုကိုးခုအတွက် အခြေခံစွမ်းဆောင်ရည်စံနှုန်း ၇၆ ခုနှင့် အဆင့်မြင့်စွမ်းဆောင်ရည်စံနှုန်း ၁၀၄ ခုကို ဖော်ပြထားပါသည်။

MIL ဂေဟစနစ်မှ ထပ်မံရွေးထုတ်ထားသော မြန်မာနိုင်ငံအတွက် ဦးစားပေးအစိတ်အပိုင်း ငါးခုမှာ မီဒီယာဆိုင်ရာသိနားလည်မှု၊ လူမှုမီဒီယာဆိုင်ရာသိနားလည်မှု၊ သတင်းအချက်အလက်ဆိုင်ရာသိနားလည်မှု၊ သတင်းဆိုင်ရာ သိနားလည်မှုနှင့် ဒစ်ဂျစ်တယ်ဆိုင်ရာသိနားလည်မှုတို့ဖြစ်ကြသည်။ မျက်မှောက်ကာလတွင် လူငယ်များနှင့် လူလတ်ပိုင်းများသည် သတင်းအချက်အလက်ရယူမှု၊ သတင်းစားသုံးမှု၊ မီဒီယာသုံးစွဲမှုအားလုံးကို စမတ်ဖုန်းများကို ကြားခံပြုကာ အွန်လိုင်းကို အခြေပြု၍ လူမှုကွန်ရက်ဆိုရှယ်မီဒီယာမှတစ်ဆင့် ရယူလျက်ရှိကြသည်။ ထို့ကြောင့် အထူးဆက်နွှယ်နေသည့် ထိုဂေဟစနစ်ငါးခုသည် မြန်မာနိုင်ငံတွင် ဦးစားပေးလုပ်ဆောင်သင့်သော ကဏ္ဍများ ဖြစ်သည်မှာ အထင်အရှားပင်ဖြစ်သည်။

မြန်မာနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် ဆိုရှယ်မီဒီယာအသုံးပြုသူပေါင်း ၂၈ သန်းကျော်အထိ ရှိနေပြီဖြစ်သည်။ ဖေ့စ်ဘွတ်လူမှုမီဒီယာသည် သတင်းအတု၊ သတင်းအမှား၊ လုပ်ကြံသတင်းစသည့် သတင်းဖရိုဖရဲဖြစ်မှုကို ဖြန့်ကြက်ရာတွင် အားအကောင်းဆုံးသော အဓိကလမ်းကြောင်းများ ဖြစ်ကြသည်။ ထို့ကြောင့် လူငယ်များအား သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှုကို ရှေ့တန်းမှ ကာကွယ်နိုင်သော ရေရှည်အတည်တံ့ဆုံးဖြစ်သည့် ယန္တရားတစ်ခုအဖြစ် သတင်းအချက်အလက်နှင့် မီဒီယာဆိုင်ရာသိနားလည်မှုများရှိအောင် သင်ကြားပေးသင့်သည်။

**အဆင့်မြင့်သိနားလည်မှုများ**

MIL၏ စံနှုန်းများသည် လူ့အခွင့်အရေး၊ လွတ်လပ်စွာထုတ်ဖော်ခွင့်နှင့် သတင်းအချက်အလက်လွတ်လပ်ခွင့်၊ ယဉ်ကျေးမှုစုံနှင့် ဘာသာပေါင်းစုံစုစည်းညီညွတ်မှုရှိခြင်း၊ ပြန်လည်သင့်မြတ်ရေးနှင့် လူမှုသဟဇာတဖြစ်ခြင်း၊ လိင်ဝိသေသခံယူမှု အမျိုးမျိုးအကြား တန်းတူညီမျှမှုနှင့် သာတူညီမျှမှု၊ လွတ်လပ်မှုနှင့်တာဝန်ယူမှုအကြား ဘက်မျှမှုနှင့် ဗဟုဝါဒနှင့်မတူကွဲပြားစုံလင်မှုများအပေါ် သိနားလည်ရေးများကို အခြေခံထားပါသည်။ MIL တတ်ကျွမ်းသူများသည် ယင်းစံနှုန်းများကို အခြေခံသိနားလည်မှုမှစတင်ကာ အဆင့်မြင့်သိနားလည်မှုများအထိ ရရှိနိုင်ပေမည်။

MIL တတ်ကျွမ်းမှုများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်–၁၆ (Sustainable Development Goal –16) ဖြစ်သည့် တရားမျှတမှု၊ ငြိမ်းချမ်းမှုနှင့် အားလုံးပါဝင်နိုင်မှုရှိသော လူ့အဖွဲ့အစည်းများမြှင့်တင်ခြင်းကို ပေါက်မြောက်ရရှိအောင် တက်ကြွစွာပါဝင်နိုင်စွမ်းများ လူတစ်ဦးချင်းစီတွင် ရှိလာစေရန် အထောက်အကူပေးပါလိမ့်မည်။ ပညာပေးလုပ်ငန်းဆောင်ရွက်ကြမည့် တစ်ဦးတစ်ယောက်ချင်းမှစ၍ အဖွဲ့အစည်းများအသီးသီးတို့သည် "မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်ခြင်း တတ်ကျွမ်းမှု မူဘောင်"ကို လက်ကိုင်ထားကာဆောင်ရွက်ကြမည်ဆိုလျှင် အားလုံးရည်မှန်းသည့် တူညီသောပန်းတိုင်ဆီသို့ အရောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

ကိုးကား– Towards a Media and Information Literacy Framework in Myanmar, UNESCO

## အတူတိုက်ပွဲဝင်ရမည့်အချိန်

ဒီအချိန်သည်
တိုင်းပြည်ကပ်ဘေး
ကင်းပျောက်ဝေးဖို့
သင်..ဘာပေးမလဲ
ဒါပဲလိုသည်
ကူညီနိုင်သမျှ
ဝိုင်းဝန်းကြလော့
ကိုယ်ကစ၍
လက်တွေ့ပါဝင်
အကောင်းမြင်ဝါဒ
ကျင့်သုံးကြကာ
စေတနာမှန်မှန်
အကြံဉာဏ်ပေး
အမျိုးသားရေးမို့
"သွေးစည်းရမှာ
သည်အချိန်ခါတည့်".....
ဝိဝါဒမကွဲ
လက်တွဲချေမှုန်း
"တို့အားလုံးပဲ
အမုန်းစကားတွေရှောင်".....
ပြည်ထောင်စုကြီး
သည်ခရီးကြမ်း
ကျော်ဖြတ်သန်းဖို့
စွမ်းသမျှကူ
ဘုံရန်သူကို
အတူတိုက်ပွဲဝင်ရမည့်အချိန်။ ။

ဟသ်ာတမြင့်ငွေ

## အခြေခံစည်းမျဉ်းစည်းကမ်းတွေကို လိုက်နာ



**ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ အခြေခံစည်းမျဉ်းစည်းကမ်းတွေကို လိုက်နာပါ။ အပြင်ထွက်တာကို ရှောင်ပါ။ အပြင်ထွက်တာကို ရှောင်ရုံတင်မက အိမ်မှာလည်း ဧည့်သည်တွေကို လက်မခံပါနဲ့။ မလွှဲမရှောင်သာလို့ အပြင်ထွက်ရမယ်၊ မလွှဲမရှောင်သာလို့ ဧည့်သည်တွေကို အိမ်မှာလက်ခံရမယ်ဆိုရင် လာတဲ့သူတွေကိုလည်း နှာခေါင်းစည်းတပ်ဖို့ ပြောပါ။ ကိုယ်တိုင်လည်းတပ်ပါ။ လက်ကိုလည်း မှန်မှန်ဆေးပါ။ အပြင်သွားတဲ့အခါ အလေးထားပြီးတော့ အမြဲပဲ နှာခေါင်းစည်းတပ်ပါလို့ ကျွန်မအနေနဲ့ ဆော်ဩချင်ပါတယ်။**

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၈–၉–၂၀၂၀) ရက်နေ့၊ နေ့လယ် (၃:၀၀)နာရီ

၁။ (၂၆–၉–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၇–၉–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း တွေ့ရှိခဲ့သည့် **ဓာတ်ခွဲအတည်ပြုလူနာ (၇၄၃)** ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာမြို့နယ် | ၇၅ |
| | | မြောက်ဥက္ကလာပမြို့နယ် | ၅၃ |
| | | ဗဟန်းမြို့နယ် | ၃၉ |
| | | မင်္ဂလာဒုံမြို့နယ် | ၃၀ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၂၅ |
| | | ဒလမြို့နယ် | ၂၃ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၂၀ |
| | | ကျောက်တန်းမြို့နယ် | ၁၇ |
| | | လှိုင်မြို့နယ် | ၁၆ |
| | | ပုဇွန်တောင်မြို့နယ် | ၁၅ |
| | | ပန်းဘဲတန်းမြို့နယ် | ၁၂ |
| | | သာကေတမြို့နယ် | ၁၂ |
| | | အင်းစိန်မြို့နယ် | ၁၂ |
| | | တာမွေမြို့နယ် | ၁၁ |
| | | တောင်ဥက္ကလာပမြို့နယ် | ၁၀ |
| | | မရမ်းကုန်းမြို့နယ် | ၁၀ |
| | | သင်္ဃန်းကျွန်းမြို့နယ် | ၁၀ |
| | | သန်လျင်မြို့နယ် | ၁၀ |
| | | ကွမ်းခြံကုန်းမြို့နယ် | ၁၀ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် | ၇ |
| | | ဒဂုံမြို့နယ် | ၆ |
| | | လမ်းမတော်မြို့နယ် | ၅ |
| | | လသာမြို့နယ် | ၅ |
| | | ခရမ်းမြို့နယ် | ၅ |
| | | ဒေါပုံမြို့နယ် | ၄ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် | ၄ |
| | | ကျောက်တံတားမြို့နယ် | ၃ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် | ၃ |
| | | ဗိုလ်တထောင်မြို့နယ် | ၂ |
| | | အလုံမြို့နယ် | ၂ |
| | | စမ်းချောင်းမြို့နယ် | ၂ |
| | | ရန်ကင်းမြို့နယ် | ၂ |
| | | ဒဂုံဆိပ်ကမ်းမြို့နယ် | ၂ |
| | | လှည်းကူးမြို့နယ် | ၂ |
| | | ထန်းတပင်မြို့နယ် | ၂ |
| | | ကမာရွတ်မြို့နယ် | ၂ |
| | | တွံတေးမြို့နယ် | ၁ |
| | | ရွှေပြည်သာမြို့နယ် | ၁ |
| | | ဆိပ်ကြီးခနောင်တိုမြို့နယ် | ၁ |
| | | စုစုပေါင်း | ၄၇၃ |
| ၂ | ရခိုင်ပြည်နယ် | စစ်တွေမြို့နယ် | ၁၁၈ |
| | | ကျောက်ဖြူမြို့နယ် | ၂၃ |
| | | မြောက်ဦးမြို့နယ် | ၁၄ |
| | | ကျောက်တော်မြို့နယ် | ၁၁ |
| | | ပုဏ္ဏားကျွန်းမြို့နယ် | ၆ |
| | | မောင်တောမြို့နယ် | ၅ |
| | | ပေါက်တောမြို့နယ် | ၃ |
| | | တောင်ကုတ်မြို့နယ် | ၂ |
| | | ဘူးသီးတောင်မြို့နယ် | ၂ |
| | | မင်းပြားမြို့နယ် * | ၂ |
| | | အမ်းမြို့နယ် | ၁ |
| | | သံတွဲမြို့နယ် | ၁ |
| | | ရသေ့တောင်မြို့နယ် | ၁ |
| | | မြေပုံမြို့နယ် | ၁ |
| | | စုစုပေါင်း | ၁၉၀ |
| ၃ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့နယ် | ၂ |
| | | ကျောင်းကုန်းမြို့နယ် ** | ၁ |
| | | ဓနုဖြူမြို့နယ် * | ၁ |
| | | မအူပင်မြို့နယ် * | ၁ |
| | | စုစုပေါင်း | ၅ |
| ၄ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေမြို့နယ် | ၃ |
| | | ပုသိမ်ကြီးမြို့နယ် | ၁ |
| | | အောင်မြေသာစံမြို့နယ် | ၁ |
| | | မြင်းခြံမြို့နယ် | ၁ |
| | | သာစည်မြို့နယ် | ၁ |
| | | မိတ္ထီလာမြို့နယ် | ၁ |
| | | ငါန်းဇွန်မြို့နယ် | ၁ |
| | | ရမည်းသင်းမြို့နယ် * | ၁ |
| | | စုစုပေါင်း | ၁၀ |
| ၅ | ပဲခူးတိုင်းဒေသကြီး | ကဝမြို့နယ် | ၂၀ |
| | | သာယာဝတီမြို့နယ် | ၂ |
| | | ပေါက်ခေါင်းမြို့နယ် * | ၂ |
| | | ဖြူးမြို့နယ် | ၁ |
| | | စုစုပေါင်း | ၂၅ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေးမြို့နယ် | ၃ |
| | | ယင်းမာပင်မြို့နယ် | ၂ |
| | | စစ်ကိုင်းမြို့နယ် ** | ၁ |
| | | ချောင်းဦးမြို့နယ် | ၁ |
| | | စုစုပေါင်း | ၇ |
| ၇ | မွန်ပြည်နယ် | ဘီးလင်းမြို့နယ် | ၅ |
| | | ကျိုက်ထိုမြို့နယ် | ၄ |
| | | သံဖြူဇရပ်မြို့နယ် | ၃ |
| | | သထုံမြို့နယ် | ၁ |
| | | မုဒုံမြို့နယ် | ၁ |
| | | စုစုပေါင်း | ၁၄ |
| ၈ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | လယ်ဝေးမြို့နယ် | ၅ |
| | | ဇမ္ဗူသီရိမြို့နယ် | ၄ |
| | | ဇေယျာသီရိမြို့နယ် | ၁ |
| | | ဒက္ခိဏသီရိမြို့နယ် | ၁ |
| | | စုစုပေါင်း | ၁၁ |
| ၉ | ကရင်ပြည်နယ် | ဖားကန့်မြို့နယ် | ၃ |
| | | မိုးညှင်းမြို့နယ် | ၁ |
| | | စုစုပေါင်း | ၄ |
| ၁၀ | မကွေးတိုင်းဒေသကြီး | ပေါက်မြို့နယ် * | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၁ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ်မြို့နယ် | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၂ | ရှမ်းပြည်နယ် | တီးတိန်မြို့နယ် *** | ၁ |
| | | တွန်းဇံမြို့နယ် * | ၁ |
| | | စုစုပေါင်း | ၂ |
| | (၂၇–၉–၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | ၇၄၃ |

* မြို့နယ်များမှ အချို့သည် ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူလျက်ရှိသူများ ဖြစ်ပါသည်။

** စစ်ကိုင်းမြို့နယ်မှ(၁)ဦးနှင့် ကျောင်းကုန်းမြို့နယ်မှ (၁)ဦးတို့သည် ဖြူးမြို့နယ်တွင် အသွားအလာကန့်သတ်ထားရှိသူများဖြစ်ပါသည်။

*** ပြည်ပသို့ ခရီးသွားရာဇဝင်ရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် အသွားအလာကန့်သတ်ထားရှိသူဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် စက်တင်ဘာ ၂၈**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်အသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

ဤအစီအစဉ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းတင်ဆက်သွားမည် ဖြစ်ပါသည်။

အစီအစဉ်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြု အားဖြည့်ဆောင်ရွက်နိုင်ရေးအဖွဲ့ဝင် ကျန်းမာရေးပညာရှင်ကြီးများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူ ကျန်းမာရေးပညာရှင်များက ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့်ပတ်သက်၍ ပြည်သူများသိရှိလိုသည့် အချက်များ၊ မေးခွန်းများကို တီဗွီမှန်သားပြင်မှတစ်ဆင့် ပြန်လည်ဖြေကြားပေးမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် သိရှိမေးမြန်းလိုသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်းသည့် မေးခွန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန Facebook စာမျက်နှာ (www.facebook.com/MinistryOfHealthAndSportsMyanmar)၌

- ဤပိုစ့်အောက်တွင် comment အနေဖြင့်လည်းကောင်း၊
https://www.facebook.com/MinistryOfHealthAndSportsMyanmar/photos/a.281312618564717/3820286061334004/
- chat box သို့လည်းကောင်း၊
- covid19qa@mohs.gov.mm အီးမေး(လ်)လိပ်စာသို့လည်းကောင်း ပေးပို့မေးမြန်းနိုင်ပါသည်။

ထိုသို့မေးခွန်းများပေးပို့ရာတွင် မေးခွန်းများကို ဖြေကြားမည့်နေ့မတိုင်မီ အနည်းဆုံး (၁)ရက်ကြိုတင်၍ နေ့လယ်(၁)နာရီ နောက်ဆုံးထားကာ ပေးပို့စေလိုပါသည်။

အစီအစဉ်အား အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန Facebook စာမျက်နှာနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ပြသသွားမည် ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၈၉၇ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၁၆၃၁ ဦး ရှိသွားပြီ

**နေပြည်တော် စက်တင်ဘာ ၂၈**

စက်တင်ဘာ ၂၇ ရက် ည ၈ နာရီမှ စက်တင်ဘာ ၂၈ ရက် ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ ၅၅၉၇ ခုအား စစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၈၉၇ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၁၆၃၁ ဦးရှိသွားပြီ ဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၁၁၆၃၁ ဦးအနက် သေဆုံးသူ ၂၅၆ ဦးနှင့် ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၃၀၇၃ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

**သတင်းစဉ်**




## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၃၂၁၄၆၅ | ၄၅၆၀၇၄၂ | ၂၀၉၄၅၄ |
| ၂။ | အိန္ဒိယ | ၆၀၇၄၇၀၂ | ၅၀၁၆၅၂၀ | ၉၅၅၇၄ |
| ၃။ | ဘရာဇီး | ၄၇၃၂၃၀၉ | ၄၀၆၀၀၈၈ | ၁၄၁၇၇၆ |
| ၄။ | ရုရှား | ၁၁၅၉၅၇၃ | ၉၄၅၉၂၀ | ၂၀၃၈၅ |
| ၅။ | ကိုလံဘီယာ | ၈၁၃၀၅၆ | ၇၁၁၄၇၂ | ၂၅၄၈၈ |
| ၆။ | ပီရူး | ၈၀၅၃၀၂ | ၆၆၄၄၉၀ | ၃၂၂၆၂ |
| ၇။ | စပိန် | ၇၃၅၁၉၈ | စိစစ်ဆဲ | ၃၁၂၃၂ |
| ၈။ | မက္ကဆီကို | ၇၃၀၃၁၇ | ၅၂၃၈၃၁ | ၇၆၄၃၀ |
| ၉။ | အာဂျင်တီးနား | ၇၁၁၃၂၅ | ၅၆၅၉၃၅ | ၁၅၇၄၉ |
| ၁၀။ | တောင်အာဖရိက | ၆၇၀၇၆၆ | ၆၀၃၇၂၁ | ၁၆၃၉၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၃၀၇၂၈၈ | ၂၅၂၆၆၅ | ၅၃၈၁ |
| ၂။ | အင်ဒိုနီးရှား | ၂၇၈၇၂၂ | ၂၀၆၈၇၀ | ၁၀၄၇၃ |
| ၃။ | စင်ကာပူ | ၅၇၇၁၅ | ၅၇၃၆၇ | ၂၇ |
| ၄။ | မြန်မာ | ၁၁၆၃၁ | ၃၀၇၃ | ၂၅၆ |
| ၅။ | မလေးရှား | ၁၁၀၃၄ | ၉၈၈၉ | ၁၃၄ |
| ၆။ | ထိုင်း | ၃၅၄၅ | ၃၃၆၉ | ၅၉ |
| ၇။ | ဗီယက်နမ် | ၁၀၇၄ | ၉၉၉ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၇၆ | ၂၇၅ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၆ | ၁၄၂ | ၃ |
| ၁၀။ | လာအို | ၂၃ | ၂၂ | ၀ |

## နေရပ်ပြန်မြန်မာသင်္ဘောသားများ ကော့သောင်း၌ အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိ

**ကော့သောင်း စက်တင်ဘာ ၂၈**

ကော့သောင်းမြို့အနီးအက်ဒမန်ပင်လယ်အတွင်း Crew Change ပြုလုပ်ရန် ဘရာဇီးနိုင်ငံမှလာရောက်သည့် MTM HONG KONG သင်္ဘောပေါ်မှ သင်္ဘောသား ၂၁ ဦး၊ စင်ကာပူနိုင်ငံမှလာရောက်သည့် MV.GOLDEN CHIE သင်္ဘောပေါ်မှ သင်္ဘောသား ၁၁ ဦး စုစုပေါင်း သင်္ဘောသား ၃၂ ဦး ယမန်နေ့ညနေပိုင်းက ပြန်လည်ဝင်ရောက်လာရာ ကော့သောင်းမြို့ ဆိပ်ကမ်း၌ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့နှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ကာ ကော့သောင်းမြို့၌ Hotel Quarantine ၁၄ ရက်ထားရှိပြီး ၎င်းတို့၏ အာခေါင်တို့ဖတ်နမူနာများအား ရန်ကုန်အမျိုးသား ကျန်းမာရေးဓာတ်ခွဲဌာနသို့ ပို့ဆောင်ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာ သင်္ဘောသား ၃၂ ဦးမှာ ကော့သောင်းမြို့၌ ကြိုတင်ရောက်ရှိနေသည့် MTM HONG KONG သင်္ဘောပေါ်သို့ တက်ရောက်မည့် ကပ္ပတိန် ဦးညီညီလေးပါ သင်္ဘောသား ၂၂ ဦး၊ MV.GOLDEN CHIE သင်္ဘောပေါ်သို့ တက်ရောက်မည့် ကပ္ပတိန်ဦးလင်းဇော်ပါ သင်္ဘောသား ၁၁ ဦးတို့ဖြင့် တာဝန် လွှဲပြောင်းယူခဲ့သူများဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



# ကမ္ဘောဇဘဏ်က မန္တလေးမြို့ရှိဆေးရုံကြီးများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးပို့လှူဒါန်း



**မန္တလေး စက်တင်ဘာ ၂၈**

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများကို ဆက်လက် ပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ ခုတင် ၃၀၀ ပြည်သူ့ဆေးရုံကြီးနှင့် ကန်တော်နဒီဆေးရုံကြီးများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်**

အခမ်းအနားတွင် ကမ္ဘောဇဘဏ် (အထက်မြန်မာပြည်)မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်ထွန်းနှင့် မန်နေဂျာများက ပိုးတွေ့လူနာများနှင့် ၎င်းတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများဖြစ်သည့် ဆေးရုံသုံးနှာခေါင်းစည်း နှစ်သိန်း၊ ခေါင်းစွပ် ၅၀၀၀၊ မျက်နှာအကာ ၂၀၀၀၊ လက်အိတ် ၃၀၀၀၀၊ လက်သန့်ဆေးရည် ဘူးကြီး ၁၅၀၀၊ မျက်မှန် ၂၀၀၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၁၀၀၀ နှင့် ဆေးရုံကြီးများအတွက် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်ကာလအတွင်း အထွေထွေ အသုံးပြုနိုင်ရန် ငွေကျပ် သိန်း ၁၀၀ စီ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ တို့ကို သက်ဆိုင်ရာ ဆေးရုံအစည်းအဝေး ခန်းမများ၌ ပေးအပ်လှူဒါန်းရာ မန္တလေးမြို့ ခုတင် ၃၀၀ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဝေဝေဦးနှင့် ကန်တော်နဒီဆေးရုံအုပ်ကြီး ဒေါက်တာ သက်ပိုင်ဦးတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ငွေကျပ် ၇၃၂၆၆ သိန်း လှူဒါန်းထားရှိပြီး ဆက်လက်၍လည်း နိုင်ငံတော်နှင့်ပြည်သူအတွက် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေး၊ လိုအပ်သည့် အချိန်၊ လိုအပ်သည့်နေရာ၊ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် ပေးပို့လှူဒါန်းရန် စီစဉ်ထားကြောင်း သိရသည်။

**ကိုကျော်**

**အိုဇုန်းလွှာနှင့် ရာသီဥတုကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့**




**COVID-19 ကူးစက်ခံရနိုင်ခြေများသော အပြုအမူများ**

**(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၈ ရက်)**

အောက်ပါအပြုအမူများပြုလုပ်ပါက လူတစ်ဦးတွင် COVID-19 ရောဂါပိုးရှိနေပါက အခြားသူများထံ ရောဂါကူးစက်ခံရနိုင်ခြေများပြားပါသောကြောင့် **တတ်နိုင်သမျှ** ရှောင်ကြဉ်ကြပါရန် တိုက်တွန်းအပ်ပါသည် -

- ဝိုင်းဖွဲ့သီချင်းဆိုခြင်းနှင့် လူအများစုဝေးကာ ကာရာအိုကေသီချင်းဆိုခြင်း၊
- ရုံး၊ စက်ရုံ၊ အလုပ်ရုံနှင့် ဆေးရုံများတွင် ဝိုင်းဖွဲ့စားသောက်ခြင်း၊
- စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အဖျော်ယမကာဆိုင်၊ ညစာစားပွဲ၊ မိတ်ဆုံစားပွဲ၊ မွေးနေ့ပွဲ၊ အလှူပွဲများ စသည်တို့တွင် ဝိုင်းဖွဲ့စကားပြောဆိုခြင်းနှင့် စားသောက်ခြင်း၊
- ဈေးနှင့် ဈေးဝယ်စင်တာများတွင် လူအများတိုးဝှေ့ ဝယ်ယူခြင်းနှင့် အချိန်ကြာမြင့်စွာ လှည့်လည်ဝယ်ယူခြင်း၊
- တန်ဖိုးကြီး လက်ဝတ်ရတနာများနှင့် ပစ္စည်းများဝယ်ယူရန် ရွေးချယ်ရာတွင် လူအများ အချိန်ကြာမြင့်စွာ အနီးကပ်ထိတွေ့ခြင်း၊
- အလှပြင်ဆိုင်နှင့် ဆံပင်ညှပ်ဆိုင်များတွင် တစ်ဦးနှင့်တစ်ဦး အချိန်ကြာမြင့်စွာ အနီးကပ်ထိတွေ့ခြင်း၊
- လူအများအခန်းတစ်ခုတည်း၌ နီးကပ်စွာ စုပေါင်းအိပ်စက်ခြင်း၊
- ဘတ်စ်ကားများနှင့် အဝေးပြေးယာဉ်များ စီးနင်းရာတွင် ပါးစပ်နှင့်နှာခေါင်းစည်းစနစ်တကျမတပ်ဆင်ခြင်း၊ အချိန်ကြာမြင့်စွာ လူအများတိုးဝှေ့ကြပ်တည်းစွာ စီးနင်းခြင်းနှင့် လူအများကိုင်တွယ်ထားသည့် လက်ကိုင်၊ လက်ရန်းများကို ကိုင်တွယ်ပြီး လက်မဆေးဘဲ မျက်နှာနှင့် နှာခေါင်းတို့ကို ကိုင်တွယ်ခြင်း။

(မှတ်ချက်။ ။ အခြားသော ရောဂါကူးစက်နိုင်ခြေများပြားသည့် လူစုလူဝေးဖြင့်ပြုလုပ်သော ပွဲလမ်းသဘင်များ၊ အခမ်းအနားများ၊ သင်တန်းများ၊ ဝတ်ပြုဆုတောင်းပွဲများ၊ တရားပွဲများစသည်တို့ကို ယခုကာလအတွင်း ခွင့်မပြုကြောင်း အမိန့်ကြေညာစာများဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။)

ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ဟိုပုံးမြို့၌ ESAPစီမံကိန်းဖြင့်ဆောင်ရွက်သည့် ကုန်ထုတ်လမ်းနှင့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် စက်တင်ဘာ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ESAP စီမံကိန်းဖြင့် ဆောင်ရွက်သည့် ကုန်းကျိုင်းကျေးရွာအုပ်စု ဟိုလိကျေးရွာတွင် ကုန်ထုတ်လမ်းနှင့် စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများကို မေ ၁ ရက်မှစတင်၍ ထွန်းကြယ်စင်ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိရာ ငွေကျပ် ၁၁ ဒသမ ၇၃၃ သန်းဖြင့် ဆောင်ရွက်သည့် စိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်း (၁/၀)မိုင်၊ ဂွန်ကျောက်မြေ ကုမ္ပဏီမှ ဆောင်ရွက်သည့် ငွေကျပ် ၃၆ ဒသမ ၇၅ သန်းဖြင့် ကုန်ထုတ် လမ်းပေ ၃၉၆၀ ဖောက်လုပ်ခြင်းနှင့် Box Culvert နှစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အနေဖြင့် ဟိုလိကျေးရွာ၌ အိမ်ထောင်စု ၁၁၀ လူဦးရေ ၄၈၀ တို့အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ လယ်ယာထွက်ကုန်များ ကုန်ကျစရိတ် အနည်းဆုံးဖြင့် ဈေးကွက်သို့လျင်မြန်စွာရောက်ရှိစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဂျိုင်းလော(သတင်းစဉ်)**



**❂ ကိုဗစ်- ၁၉ မှ**

"ဒီခန်းမကြီးက ဆိုင်ခန်းပေါင်း ၆၀၀ လောက် ဆံ့တဲ့ ခန်းမကြီးဖြစ်ပါတယ်။ ဒီခန်းမကြီးထဲမှာ ခုတင် ၁၀၀၀ ဆံ့လောက်ထားရှိနိုင်အောင် ပြင်ဆင်နေပြီဖြစ်ပါတယ်။ ဒါကို တစ်ပတ်အတွင်းပြီးစီးအောင် ပြင်ဆင်ဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု သာကေတမြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ငြိမ်းကျော်က ပြောသည်။

အဆိုပါ ကန့်သတ်စောင့်ကြည့်စခန်းကို ပြင်ဆင်ပြီးပါက ကိုဗစ် – ၁၉ အတည်ပြုလူနာ ၁၀၀၀ ခန့်အား ကုသပေးနိုင်လိမ့်မည်ဖြစ်ကြောင်း၊ ယခုအခါ ကုသရေးခုတင်များ၊ ဆရာဝန်၊ သူနာပြု၊ စေတနာ့ဝန်ထမ်းများဖြည့်တင်းရေး၊ ဆေးဝါးများအချိန်မီရောက်ရှိရေးတို့အတွက် သက်ဆိုင်ရာ ကဏ္ဍများအလိုက် ပြင်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် နေ့စဉ်တိုးပွားလာသည့်ကိုဗစ်-၁၉ အတည်ပြုလူနာများကို နိုင်နင်းအောင် ကုသပေးနိုင်ရေးအတွက် ကုသရေးစင်တာများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်နေသကဲ့သို့ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် မိမိနေအိမ်တွင် နေထိုင်ရေး အစီအစဉ်တွင် လူတိုင်းလိုက်နာဆောင်ရွက်ရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မောင်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၅ / ၂၀၂၀**
၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၈ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ နန်းကွေ့ကျေးရွာနေ ရှမ်းလေးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။ | ၂၁-၉-၂၀၂၀ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ်၊ နန်းကွေ့ကျေးရွာနေ ရှမ်းလေး(ခ)ခမ်းခွန်(၃၅)နှစ်၊ (ဘ) ဦးအောင်ခွန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မြစ်ကြီးနား)မယ(ပ) ၁၃၄/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ရွာသာကျေးရွာနေ သန်းထွန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။ | ၂၀-၉-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ရွာသာကျေးရွာနေ သန်းထွန်း(၅၇)နှစ်၊ (ဘ)ဦးထွန်းကြိုင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ မောင်သိန်း(၄၄)နှစ်၊ (ဘ)ဦးဘအောင်၊ သန်းညွန့်(၅၂)နှစ်၊ (ဘ) ဦးမောင်ချိုတို့ (၃)ဦးအား ဘိန်းဖြူများ၊ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်) မယ(ပ)၁၇၈/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်၊ ပင်းမူးကျေးရွာနေ ဝင်းဖေသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။ | ၂၄-၉-၂၀၂၀ ရက်နေ့တွင် ပင်လည်ဘူးမြို့နယ်၊ ပင်းမူးကျေးရွာနေ ဝင်းဖေ(၆၀)နှစ်၊ (ဘ)ဦးဘချွဲ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပင်လည်ဘူး)မယ(ပ) ၁၇၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ လိပ်ကျကျေးရွာအနီးတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၉-၂၀၂၀ ရက်နေ့တွင် သပိတ်ကျင်းမြို့နယ်၊ လိပ်ကျကျေးရွာနေ ဇော်မင်းအေး(ခ)မောင်အေး(၂၄)နှစ်၊ (ဘ)ဦးစံဝေ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY နှင့် 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သပိတ်ကျင်း)မယ(ပ)၂၆/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ တောင်ဝိုင်းရပ်နေ နေဇောသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၉-၂၀၂၀ ရက်နေ့တွင် မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ တောင်ဝိုင်းရပ်နေ နေဇော(၄၃)နှစ်၊ (ဘ) ဦးသိန်းမြင့် ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် နေဇောအား မတွေ့ရှိဘဲ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ဝါဝါဝင်း(၃၉) နှစ်၊ (ဘ)ဦးဝင်းစိန်အား WY/R စာတန်းပါ စိတ်ကြွဆေးပြားများ၊ အမေရိကန်နိုင်ငံထုတ် Walther အမျိုးအစား ပွိုင့် ၃၈ ပစ္စတိုသေနတ်(၁)လက်၊ ၎င်းကျည်(၆၀)တောင့်တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မုပွန်)မယ(ပ) ၅၂/ ၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁/၂၂(ခ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်နေ တင်ကိုကျော်နှင့် ၎င်း၏ညီဖြစ်သူ ထက်ဝေလွင်(ခ)ထက်ထက် တို့သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၉-၂၀၂၀ ရက်နေ့တွင် ရွှေပြည်သာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်နေ တင်ကိုကျော်(၃၁)နှစ်၊ (ဘ)ဦးကျော်မင်းဆွေ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ၎င်း၏ညီဖြစ်သူ ထက်ဝေလွင်(ခ)ထက်ဝေလင်း(ခ)ထက်ထက်(၂၅)နှစ်နှင့် ဇနီးဖြစ်သူ မအေးသီတာ(၂၀)နှစ်၊ (ဘ) ဦးသံချောင်းတို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ICE များ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရွှေပြည်သာ) မယ(ပ)၃၃/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၉-၂၀၂၀ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ လှိုင်မြစ်လမ်းမပေါ်၌ မရမ်းကုန်းမြို့နယ်၊ (၄) ရပ်ကွက်နေ ရဲမင်းသန်း(၃၂) နှစ်၊ (ဘ) ဦးမိုးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်)မယ(ပ)၁၅၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ စိန်ပန်းရပ်ကွက်နေ အသီးနှင့် ကုလားလေး တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၉-၂၀၂၀ ရက်နေ့တွင် တောင်ကြီးမြို့၊ စိန်ပန်းရပ်ကွက်နေ ကုလားလေး(ခ)နေမင်းထွန်း(၂၀)နှစ်၊ (ဘ)ဦးမောင်လွင်၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ ညီညီအောင်(ခ)အသီး(၂၃)နှစ်၊ (ဘ)ဦးညိုမောင်တို့အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ကြီး)မယ(ပ)၆၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့၊ ဥတ္တံတားရပ်ကွက်နေ သန်းလွင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၉-၂၀၂၀ ရက်နေ့တွင် ရပ်စောက်မြို့၊ ဥတ္တံတားရပ်ကွက်နေ သန်းလွင်(၄၇)နှစ်၊ (ဘ)ဦးကံထူး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရပ်စောက်)မယ(ပ)၅၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၆-၉-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၃၅၁)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၁၇၂၃)ဦး၊ မ(၃၄၂)ဦး၊ ပေါင်း(၂၀၆၅)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၁၀၄၂၂.၆၁၃၉၄)ဂရမ်၊ ICE (၁၄၈၉.၄၂) ဂရမ်၊ ဘိန်း(၄၇၉၃၄.၁၇၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၄၀၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့် (၅၃၃၆၃.၇၆)ဂရမ်၊ ဘိန်းစာရွက် (၅၃၅၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၆၇၈၇၈၆)ပြား၊ ဆေးခြောက် (၁၄၈၅၉.၈၈)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၃၀.၂၈) ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၆၀.၁၅)ဂရမ်၊ ECSTASY အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၈) လက်၊ ကျည်မျိုးစုံ(၆၆၉) တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**
အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၅၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၅၉၀၂၃၃
အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm

## ကျွန်းစုမြို့နယ် အောင်ကျော်ဇောရေငန်ငါးမွေးမြူရေး သမဝါယမအသင်းမှ ကကတစ်ငါးများ ရန်ကုန်သို့ တင်ပို့ရောင်းချ

**ကျွန်းစု စက်တင်ဘာ ၂၈**
တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် အောင်ကျော်ဇောရေငန်ငါးမွေးမြူရေး သမဝါယမအသင်းမှ ထုတ်လုပ်သောငါးများကို ပြည်ပပို့ကုန်အဖြစ် ထိုင်းနိုင်ငံသို့ တင်ပို့လျက်ရှိသော်လည်း ကိုဗစ်-၁၉ ကာလအတွင်း ဆောင်ရွက်ရန်အတွက် အခက်အခဲဖြစ်နေချိန် သမဝါယမနည်းလမ်းများဖြင့် ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းများနှင့် ချိတ်ဆက်၍ အသင်းသားပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် စားသုံးနိုင်ရန်အတွက် ရေငန်ကကတစ်ငါး အကောင်ရေ ၅၀၀၀ အနက် ပထမအကြိမ်အဖြစ် အကောင်ရေ ၈၀၀၊ ပိဿာချိန် ၃၀၀ ခန့်ကို ရန်ကုန်တိုင်းဒေသကြီးသို့ ယမန်နေ့က တင်ပို့ရောင်းချခဲ့ကြောင်းနှင့် ရန်ကုန်သို့အရောက် တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ နှုန်းဖြင့် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။
**သတင်းစဉ်**



(၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မောင်သန်း ကြီးကြပ်မှုဖြင့် မြို့မရဲစခန်းမှူး ဒုရဲမှူး လင်းလင်းနှင့် တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၄ ရက်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။
ပေါက်စ(မင်းလှ)

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့
INTERNATIONAL DAY OF OLDER PERSONS
"Pandemics: Do They Change How We Address Age and Ageing?"
၁.၁၀.၂၀၂၀
နေပြည်တော်

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

# သမ္မတထရမ့် ၁၀ နှစ် ဝင်ငွေခွန်ပေးဆောင်ခြင်းမရှိဟု နယူးယောက်တိုင်းမ်သတင်းဌာနက ဖော်ပြ

**နယူးယောက် စက်တင်ဘာ ၂၈**

အမေရိကန်သမ္မတထရမ့်အနေဖြင့် ရွေးကောက်ပွဲအနိုင်ရခဲ့သည့် ၂၀၁၆ ခုနှစ်တွင် ဝင်ငွေခွန် ၇၅၀ ဒေါ်လာသာ ပေးဆောင်ခဲ့သလို ၁၀ နှစ်ဝင်ငွေခွန်ပေးဆောင်ခြင်း မရှိခဲ့ကြောင်း နယူးယောက်တိုင်းမ်သတင်းဌာနက ယမန်နေ့တွင် ဖော်ပြခဲ့သည်။

**အရှုံးပြ**

ထိုသို့ အခွန်ပေးဆောင်ခြင်းမရှိသည်မှာ သူ၏လုပ်ငန်းများ အရှုံးပေါ်ခြင်းကြောင့်ဟု အကြောင်းပြချက်ပေးထားကြောင်း ဆက်လက်ဖော်ပြသည်။ နယူးယောက်တိုင်းမ်က “ထရမ့် အနေနဲ့ သူ့စီးပွားရေးလုပ်ငန်းစုတစ်ခုလုံးကိုခြုံကြည့်ရင် အရှုံးပေါ်ခဲ့တယ်ဆိုတဲ့ အကြောင်း ပြချက်ပေးပါလိမ့်မယ်။ သမ္မတက ၂၀၁၈ ခုနှစ်မှာ သူ့လုပ်ငန်းက ဝင်ငွေ ၄၃၄ ဒသမ ၉ သန်း ရရှိခဲ့တာတောင် ၄၇ ဒသမ ၄ သန်းရှုံးခဲ့တယ်လို့ ရှင်းချက်ပေးထားတာပါ” ဟု ဖော်ပြခဲ့သည်။ အဆိုပါကိစ္စရပ်နှင့် ပတ်သက်ပြီး သမ္မတထရမ့်က သတင်းမှားများဖြစ်ကြောင်း ချက်ချင်းဆိုသလို တုံ့ပြန်ခဲ့သည်။

**အစဉ်အလာပျက်ယွင်း**

အမေရိကန်သမ္မတများအနေဖြင့် ဥပဒေကြောင်းအရ ကိုယ်ရေးကိုယ်တာဘဏ္ဍာရေးအချက် အလက်များကို ထုတ်ပြန်စရာ မလိုအပ်သော်လည်း သမ္မတနစ်ဆင်လက်ထက်ကစပြီး သမ္မတ တိုင်းက မိမိတို့၏ ငွေကြေးကိစ္စရပ်များကို ချပြသည့် အစဉ်အလာတစ်ရပ် ထွန်းကားလာခဲ့သည်။ သို့ရာတွင် ထရမ့်က သူ၏အခွန်ရှင်းတမ်းကိစ္စရပ်များကို အသေးစိတ်ချပြရန် ငြင်းဆိုလိုက်ခြင်းဖြင့် ယခင်သမ္မတအဆက်ဆက် လုပ်ဆောင်ခဲ့သည့် အစဉ်အလာကို ချိုးဖျက်လိုက်သည်ဟူသော ဝေဖန်မှုများလည်းထွက်နေသည်။ သူ၏ အခွန်ရှင်းတမ်းကိစ္စရပ်သည် ၂၀၁၆ သမ္မတရွေးကောက်ပွဲ တွင် အဓိကဆွေးနွေးစရာ အချက်တစ်ခုဖြစ်ခဲ့ကာ အခွန်နှုန်းထား အနည်းဆုံးဖြစ်စေရမည်ဟူသော ထရမ့်၏ အခွန်ဥပဒေကြမ်းကလည်း ၂၀၁၆ ရွေးကောက်ပွဲတွင် လူထုထောက်ခံမှုတိုးပွားလာခဲ့သည့် အချက်ဖြစ်သည်။

ထရမ့်လုပ်ငန်းစု၏ ရှေ့နေအလန်ဂါတန်က သမ္မတအနေဖြင့် ပြီးခဲ့သည့် ၁၀ နှစ်ကာလ အတွင်း ဖက်ဒရယ်အစိုးရသို့ ဝင်ငွေခွန်သန်းပေါင်းများစွာ ပေးဆောင်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့ သည်။ ထရမ့်က သူ့အနေဖြင့် ဝင်ငွေခွန်များစွာကို ပေးဆောင်ခဲ့သည်ကို မကြာမီ ချပြသွားမည်ဟု သာ တုံ့ပြန်ထားပြီး စာရွက်စာတမ်းများကို ချပြရန် နှောင့်နှေးနေဆဲဖြစ်သည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-မေလွဲ့သင်း**





# အပူလှိုင်းကြောင့် ဘရာဇီးကမ်းခြေများ၌ လူစုလူဝေးဖြစ်ပေါ် နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၀၀၀ ကျော်အထိ မြင့်တက်ခဲ့

**ဆော်ပေါ်လို စက်တင်ဘာ ၂၈**

ဘရာဇီး၌ အပူလှိုင်းကြောင့် ကမ်းခြေများတွင် လူစုလူဝေးဖြစ်ပေါ်ခဲ့သဖြင့် နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၀၀၀ ကျော်အထိ မြင့်တက်ခဲ့ ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံတွင် လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်းက ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၃၁၈ ဦးရှိခဲ့ခြင်းကြောင့် ကူးစက် ခံရသူစုစုပေါင်း ၄၇၃၂၃၀၉ ဦးအထိ ရှိလာခဲ့ကြောင်း ဘရာဇီးကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်းက ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၃၅ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း သေဆုံးသူ အရေအတွက်သည် ၁၄၁၇၇၆ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

သီတင်းပတ်ကုန်ရက်များတွင် ကမ်းခြေများ၌ လူစုလူဝေးဖြစ်ပေါ် ခြင်းကြောင့် ဗိုင်းရပ်စ်ကူးစက်မှု ပိုမိုဆိုးရွားလာမည်ကို စိုးရိမ်လျက်ရှိ ကြောင်း ဘရာဇီးနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှု အများဆုံး ဖြစ်ပွားခဲ့သည့် ရီယိုဒီဂျနေးရိုးနှင့် ဆော်ပေါ်လိုပြည်နယ်တို့မှ အာဏာပိုင် များက ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံ၌ စက်တင်ဘာလအတွင်း အပူချိန် တတိယအကြိမ် မြင့်တက်လာခြင်းကြောင့် ရီယိုဒီဂျနေးရိုးပြည်နယ်သည် အပူချိန် ၃၉ ဒသမ ၂ ဒီဂရီဖြင့် ယခုနှစ်တွင် အပူချိန်စံချိန်တင်ခဲ့ပြီး ကိုပါကာဘာနာ၊ အီပါနီမာနှင့် လီဘလွန်ကမ်းခြေများ၌ လူစုလူဝေးများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဆော်ပေါ်လိုပြည်နယ်သည်လည်း အပူချိန် ၃၄ ဒသမ ၅ ဒီဂရီဖြင့် ၂၀၂၀ ပြည့်နှစ်အတွက် အပူချိန်စံချိန်တင်ခဲ့ပြီး ပြည်သူထောင်ပေါင်း များစွာတို့ကို ဒေသတွင်းကမ်းခြေများသို့ စေလွှတ်ခဲ့ရကြောင်း သိရ သည်။ လက်ရှိတွင် ဆော်ပေါ်လိုပြည်နယ်သည် ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူ ၃၅၁၀၈ ဦးနှင့် ရီယိုဒီဂျနေးရိုးပြည်နယ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၈၂၇၈ ဦး အသီးသီးရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာနောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၃၃၃၃၂၂၆၄ | ဦး |
| သေဆုံးသူ | ၁၀၀၂၇၃၃ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၄၆၅၀၉၉၁ | ဦး |

# အင်ဒိုနီးရှားနိုင်ငံ အလယ်ပိုင်း၌ မြေပြိုမှုများဖြစ်ပွားရာ ၁၀ ဦး သေဆုံး

**ဂျကာတာ စက်တင်ဘာ ၂၈**

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း မြောက်ပိုင်းကာလီမန်တန်ပြည်နယ်၌ ယနေ့ နံနက်အစောပိုင်းက မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ ၁၀ ဦး သေဆုံးခဲ့ပြီး ဘေးအန္တရာယ်အကဲဖြတ်မှု ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူနှစ်ဦး က ပြောကြားခဲ့သည်။

မြောက်ပိုင်းကာလီမန်တန်ပြည်နယ်၏မြို့တော် တာရာကန်မြို့ရှိ နေရာသုံးခု၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများ ဖြစ်ပွားခဲ့သော် လည်း ဒေသခံများကို ဘေးလွတ်ရာသို့ မရွှေ့ပြောင်းခဲ့ရဟု ပြည်နယ် ဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီ အရေးပေါ်အခြေအနေဌာနအကြီး အကဲ ဆမ်တိုက ပြောကြားခဲ့သည်။ မြေပြိုမှုများ ဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးသမားများက ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းတစ်ရပ် လုပ်ဆောင်ရန် အခင်းဖြစ်ရာနေရာများသို့ ချက်ချင်းသွားရောက်ခဲ့ကြောင်း အမျိုးသားရှာဖွေရေးနှင့် ကယ်ဆယ်ရေးရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဂျူစွပ် လာတစ်ဖ်က ပြောကြားခဲ့သည်။

“ကယ်ဆယ်ရေးသမားတွေက သေဆုံးသူအလောင်း ၁၀ လောင်းကို အပျက်အစီးတွေအောက်က ဆွဲထုတ်ခဲ့ပြီးဖြစ်ပါတယ်” ဟု လာတစ်ဖ်က ဆိုသည်။ ၎င်း၏အဆိုအရ ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းတွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေး အေဂျင်စီမှ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ ပါဝင်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# ဂျပန်၌ သက်ကြီးရွယ်အိုစောင့်ရှောက်ပေးမည့် ကျန်းမာရေးဝန်ထမ်း မလုံလောက်မှု ရင်ဆိုင်ရနိုင်

**တိုကျို စက်တင်ဘာ ၂၈**

လာမည့် ၂၀၄၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ၌ သက်ကြီးရွယ်အို အရေအတွက် အလွန်များလာတော့မည်ဖြစ်သဖြင့် အဆိုပါပုဂ္ဂိုလ်များကို စောင့်ရှောက်ပေးမည့် ကျန်းမာရေးဝန်ထမ်း မလုံလောက်မှု ပြဿနာကြုံတွေ့လာနိုင်ကြောင်း ဂျပန်နိုင်ငံအလုပ်သမားရေး ဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနက ကလေး မွေးဖွားနှုန်းကျဆင်းလာခြင်းနှင့်အတူ ကျန်းမာရေးစနစ် ပိုမိုကောင်းမွန်လာ မှုတို့ကြောင့် သက်ကြီးလူဦးရေ တိုးပွားလာခြင်းနှင့်အတူ ကျန်းမာရေး ဝန်ထမ်းအင်အား မလောက်ငမှု ပြဿနာ နောက်ဆက်တွဲအနေဖြင့် ဖြစ်လာနိုင်ကြောင်း၊ အထူးသဖြင့် ၂၀၄၀ ပြည့်နှစ်တွင် ယင်းပြဿနာကို သေချာပေါက် ရင်ဆိုင်ရမည်ဖြစ် ကြောင်း နှစ်စဉ်ထုတ်ပြန်သော စက္ကူဖြူစာတမ်းတွင် ဖော်ပြထား သည်။

၂၀၄၀ ပြည့်နှစ် အရောက်တွင် ကျန်းမာရေးကဏ္ဍ၌ လုပ်သားအင်အား ၁၀ ဒသမ ၇ သန်း လိုအပ်မည်ဖြစ်ပြီး လူငါးယောက်တွင် တစ်ယောက် ကျန်းမာရေးဝန်ထမ်းအဖြစ် ဆောင်ရွက်ရန် အကြမ်းဖျင်းအားဖြင့် လိုအပ်ခြင်း ဖြစ်သည်။ အဆိုပါတွက်ချက်မှုသည် အမျိုးသား၊ အမျိုးသမီး မျှော်မှန်း သက်တမ်းသုံးနှစ် ပိုမိုတိုးထားခြင်း အပြင် လူ့သက်တမ်းကို အနှစ် ၁၀၀ ဖြင့် တွက်ချက်ထားခြင်းဖြစ်သည်။ လူမှုရေးဆိုင်ရာမူဝါဒအရ အသက်ကြီး သူများအနေဖြင့် ပင်စင်ယူမည့် အသက်အရွယ်ပိုတိုးခြင်းနှင့် ပင်စင်ယူ ပြီးသည့်နောက်တွင်လည်း အလုပ် အကိုင် ဆက်လက်လုပ်ကိုင်ရေးတို့ ကို ဖန်တီးရန် လိုအပ်နေခြင်းဖြစ် သည်။ **ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-မေလွဲ့သင်း**



# ဂျီ-၂၀ ခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေး နိုဝင်ဘာလတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပမည်




**ရီယာဒ့် စက်တင်ဘာ ၂၈**

ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးကို နိုဝင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံက ကြေညာခဲ့သည်။ ဂျီ-၂၀ ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးကျင်းပမည့် ကိစ္စနှင့်စပ်လျဉ်း၍ ယခုနှစ်တွင် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး၏ အလှည့်ကျဥက္ကဋ္ဌ တာဝန်ကျသည့် ဆော်ဒီအာရေဗျနိုင်ငံက စက်တင်ဘာ ၂၈ ရက်တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

**အသက်ပေါင်းများစွာ ကာကွယ်ပေးရန်**

အဆိုပါထိပ်သီးအစည်းအဝေးသည် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း မဆောင်ရွက်နိုင်ခဲ့သည့် အားနည်းချက်များကို ကိုင်တွယ်ဖြေရှင်းခြင်းအားဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရန်နှင့် လူ့အသက်ပေါင်းများစွာကို အကာအကွယ်ပေးရန် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ဂျီ-၂၀ အဖွဲ့သည် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးကို အကာအကွယ်ပေးရန် အမေရိကန်ဒေါ်လာ ၁၁၀၀၀ ဘီလီယံနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် အခြားသော ကျန်းမာရေးဆိုင်ရာ ကြိုးပမ်းမှုများအတွက် အထောက်အကူဖြစ်စေရန် အမေရိကန်ဒေါ်လာ ၂၁ ဘီလီယံတို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ဂျီ-၂၀ ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးကို နိုဝင်ဘာလတွင် ကျင်းပမည်ဖြစ်ပြီး ကျင်းပချိန်တွင်လည်း စီးပွားရေးပြန်လည်တည်ဆောက်ရေးနှင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးတို့သည် ကမ္ဘာလုံးဆိုင်ရာအရေးကိစ္စအဖြစ် ဆက်ရှိနေဦးမည်ဟု မျှော်လင့်ရကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်

# ထရမ့်အစိုးရ၏ Tik Tok အပလီကေးရှင်းသုံးစွဲမှု ပိတ်ပင်ရေးအမိန့်ကို တရားရုံးက တားမြစ်ရန်ဆုံးဖြတ်

**ဝါရှင်တန် စက်တင်ဘာ ၂၈**

ထရမ့်အစိုးရအဖွဲ့၏ Tik Tok အပလီကေးရှင်းကို ပိတ်ပင်ရေးအမိန့်ချထားမှုကို ယာယီတားမြစ်မှုပြုရန် အမေရိကန်ခရိုင်တရားသူကြီး ကားလ်နစ်ကိုးက ဆုံးဖြတ်လိုက်သည်။ နှစ်ဖက်တင်ပြချက်များကို မိနစ် ၉၀ ကြာ ကြားနာပြီးနောက် တရားရုံးက အဆိုပါဆုံးဖြတ်ချက်ကို ယမန်နေ့ညက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ထရမ့်အစိုးရက အမေရိကန်နိုင်ငံသားများ Tik Tok သုံးစွဲနေခြင်းမှတစ်ဆင့် ၎င်းတို့၏ ပုဂ္ဂိုလ်ရေးအချက်အလက်များ ပေါက်ကြားနိုင်ခြင်းကြောင့် အဆိုပါ အပလီကေးရှင်း အသုံးပြုမှုကို ပိတ်ပစ်ရန် အမိန့်ထုတ်ခဲ့ခြင်းဖြစ်သည်။

**ဆိုင်းငံ့ထား**

အခမဲ့ ရယူသုံးစွဲနိုင်သည့် အပလီကေးရှင်းမှာ နိုဝင်ဘာ ၁၂ ရက်တွင် အမေရိကန်ပြည်ထောင်စု၌ သုံးစွဲနိုင်မည်မဟုတ်တော့ကြောင်း Tik Tok မှ တာဝန်ရှိသူများက ကြေညာထားခဲ့ပြီးဖြစ်သဖြင့် ယခုအချိန်အခါတွင် ကူးသန်းရောင်းဝယ်ရေးဌာန၏ ကန့်သတ်မှုများကို ဆိုင်းငံ့ထားသင့်ကြောင်း တရားရုံးက ရှင်းချက်ထုတ်ခဲ့သည်။ ယခုဆုံးဖြတ်ချက်သည် လက်ရှိ အမေရိကန်ပြည်ထောင်စုတွင် သုံးစွဲသူ သန်း ၁၀၀ ရှိသော Tik Tok အတွက် အောင်မြင်သည့် ဆုံးဖြတ်ချက်ဖြစ်လာခဲ့ကြောင်း နယူးယောက်တိုင်းမ်က ဖော်ပြသည်။

**ဂုဏ်သိက္ခာညှိုးနွမ်း**

Tik Tok အနေဖြင့် အမေရိကန်ကုမ္ပဏီများဖြစ်သည့် Walmart နှင့် Oracle တို့နှင့်ပေါင်းပြီး Tik Tok Global ဟူသော အမည်သစ်ဖြင့် အမေရိကန်ပြည်ထောင်စုတွင် လည်ပတ်မည်ဟူသော သဘောတူညီချက် စက်တင်ဘာ ၂၀ ရက်က ရရှိခဲ့ပြီးဖြစ်သည်။ သို့ရာတွင် လုပ်ငန်းသစ်မစတင်နိုင်မီ ယခုလို ယာယီပိတ်ပင်ခံရမှုက ကုမ္ပဏီ၏ အမှတ်တံဆိပ်အတွက် ဂုဏ်သိက္ခာညှိုးနွမ်းသည်ဟု Tik Tok အပလီကေးရှင်းကိုပိုင်ဆိုင်သည့် ByteDance က ယူဆကြောင်း ဆိုသည်။

ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-မေလဲ့သင်း




# အာမေနီးယားနှင့် အဇာဘိုင်ဂျန် တိုက်ခိုက်မှုတွင် ၁၈ ဦး သေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရ



**ယီရီဗန် စက်တင်ဘာ ၂၈**

အငြင်းပွား နာဂေါနို-ကာရာဘတ်ခ်ဒေသ၌ အာမေနီးယားနှင့် အဇာဘိုင်ဂျန်တပ်ဖွဲ့တို့အကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ တပ်ဖွဲ့ဝင် ၁၆ ဦးနှင့် အရပ်သားနှစ်ဦး သေဆုံးခဲ့ပြီး ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း အာမေနီးယား ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

တပ်ဖွဲ့ဝင်အချို့ ထိခိုက်ဆုံးရှုံးမှုရှိခဲ့ကြောင်း အဇာဘိုင်ဂျန်သမ္မတ အီဟမ်အလီယက်ဗ်က ပြောကြား သည်။ အဇာဘိုင်ဂျန် ရဟတ်ယာဉ်လေးစင်းဖျက်ချခံခဲ့ရပြီး တင့်ကား ၃၃ စင်းနှင့် တိုက်ခိုက်ရေးယာဉ်များ အမြောက်ဆန်ထိမှန်ခဲ့ကြောင်း အာမေနီးယားနိုင်ငံက ပြောသည်။ ရဟတ်ယာဉ်နှစ်စင်း ဖျက်ချခံခဲ့ရသည်ဆိုသော အစောပိုင်းပြောကြားချက်များကို အဇာဘိုင်ဂျန် ကာကွယ်ရေးဝန်ကြီးဌာနက ပယ်ချခဲ့သည်။ အဇာဘိုင်ဂျန်နိုင်ငံအတွင်း တည်ရှိသော်လည်း ခွဲထွက်ရေးစစ်ပွဲပြီးဆုံးသည့် ၁၉၉၄ ခုနှစ်နောက်ပိုင်း အာမေနီးယားနိုင်ငံက ထောက်ခံသည့် လူမျိုးစုတပ်ဖွဲ့များ၏ ထိန်းချုပ်မှုအောက်ရောက်ခဲ့သည့်ဒေသ၌ ပြင်းထန်သောတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မည်သည့်အကြောင်းကြောင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်မှာ မရှင်းလင်းသော်လည်း နှစ်ဖက်စလုံး၌ ၁၆ ဦးသေဆုံးခဲ့သည့် ဇူလိုင်လအတွင်း ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများနောက်ပိုင်း အပြင်းထန်ဆုံး တိုက်ခိုက်မှုဖြစ်သည်။ ဒေသအချို့၌ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ရန်နှင့် မြို့တော်ကြီးများ၌ ညမထွက်ရ အမိန့်ထုတ်ပြန်ရန် အဇာဘိုင်ဂျန်သမ္မတ အီဟမ်အလီယက်ဗ်က ညွှန်ကြားခဲ့သည်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရန်နှင့် အခြေအနေတည်ငြိမ်စေရေး စေ့စပ်ညှိနှိုင်းမှုများစတင်ရန် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလာရော့ဗ်က သက်ဆိုင်ရာနိုင်ငံများနှင့် ဆက်သွယ်မှုများ ပြုလုပ်လျက်ရှိသည်။

တိုက်ခိုက်မှုများက စေ့စပ်ညှိနှိုင်းမှုများအတွက် အဟန့်အတား ဖြစ်စေဖွယ်ရှိကြောင်း အာမေနီးယားဝန်ကြီးချုပ် အီဒီရာမာက စက်တင်ဘာ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

ကိုးကား-ဗီတီအိုင်၊ ဘာသာပြန်-ကျော်ထိုက်စိုး

# တရုတ်နိုင်ငံအနေဖြင့် နည်းပညာကဏ္ဍ ရေရှည်တိုးတက်ရေး မြှင့်တင်သင့်

**ရှန်ဟိုင်း စက်တင်ဘာ ၂၈**

အမေရိကန်နိုင်ငံမှ တရုတ်နိုင်ငံသို့တင်သွင်းသည့် တစ်ဝက်လျှပ်ကူးပစ္စည်းများ တင်ပို့မှုတွင် ကန့်သတ်ချက်များချမှတ်ပြီးနောက် တရုတ်နိုင်ငံအနေဖြင့် နည်းပညာကဏ္ဍရေရှည်ချီတက်မှုတစ်ရပ်ကို ဆောင်ရွက်သင့်ပြီဖြစ်ကြောင်း တရုတ်အစိုးရပိုင် ဂလိုဘယ်တိုင်းမ်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုသည် တစ်ဝက်လျှပ်ကူးပစ္စည်းတင်ပို့မှုတွင် ကမ္ဘာ့ဈေးကွက်၌ အဓိက ဦးဆောင်သူအဖြစ် နှစ်ပေါင်းများစွာ ရပ်တည်ခဲ့ပြီး တရုတ်နိုင်ငံထုတ် လျှပ်စစ်ပစ္စည်းများသည်လည်း အမေရိကန်မှတင်ပို့သည့် တစ်ဝက်လျှပ်ကူးပစ္စည်းများကို အခြေပြုထုတ်လုပ်ရခြင်းဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် ကိုယ်ပိုင်သုတေသနများ ပိုမိုအားကောင်းလာအောင် မြှင့်တင်ပြီး အမေရိကန်ပြည်ထောင်စုအပေါ် မှီခိုနေရမှုကို လုံးဝလျှော့ချပေးရန် လိုအပ်နေပြီဖြစ်ကြောင်း ဂလိုဘယ်တိုင်းမ်က တိုက်တွန်းရေးသားထားသည်။ စက်တင်ဘာ ၂၆ ရက်တွင် အမေရိကန်ကုမ္ပဏီများက တရုတ်နိုင်ငံသို့တင်သွင်းမှုတွင် လိုင်စင်ရရှိရန်လိုအပ်ကြောင်း အကြောင်းကြားစာ ပေးပို့ခဲ့ပြီးနောက် တစ်ဝက်လျှပ်ကူးပစ္စည်းများတင်ပို့မှုကို ကန့်သတ်ခဲ့ခြင်းဖြစ်သည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-မေလဲ့သင်း

# ဗီယက်နမ်နိုင်ငံမြောက်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နှစ်ဦးသေ၊ ခုနစ်ဦး ဒဏ်ရာရ

**ဟနွိုင်း စက်တင်ဘာ ၂၈**

ပြီးခဲ့သောရက်အနည်းငယ်အတွင်း ဗီယက်နမ်နိုင်ငံမြောက်ပိုင်းရှိ ပြည်နယ်အချို့၌ မိုးသည်းထန်စွာရွာသွန်းခဲ့ရာ နှစ်ဦးသေဆုံးခဲ့ပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဘေးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုဦးစီးကော်မတီက ယနေ့ ပြောကြားလိုက်သည်။

နေအိမ်ပြိုကျမှုကြောင့် ဖူသိုပြည်နယ်၌ အသက် ၆ နှစ်နှင့် ၃၇ နှစ်အရွယ် နှစ်ဦးသေဆုံးခဲ့ပြီး အိမ်ခေါင်မိုးများ ပြိုကျမှုကြောင့် ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါကော်မတီက ပြောသည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ် ၃၇ လုံး၊ စပါးခင်း ၂၆၇ ဟက်တာနှင့် သီးနှံစိုက်ခင်း ၄၈၄ ဟက်တာ ပျက်စီးခဲ့ပြီး တံတားသုံးစင်း ပြိုကျခဲ့ကာ မြေပြိုကျသည့်ပမာဏမှာ ၁၆၃၀၀ ကုဗမီတာရှိမည်ဟု ခန့်မှန်းရကြောင်း ကော်မတီက ဆိုသည်။ ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၂၂ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ သဘာဝဘေးအန္တရာယ်ကြောင့် ၉၃ ဦး သေဆုံး သို့မဟုတ် ပျောက်ဆုံးကာ ၂၇၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကော်မတီ၏ ပြောကြားချက်အရ သိရသည်။ လေပြင်းတိုက်ခတ်မှု၊ ရေကြီးရေလျှံမှု၊ မြေပြိုမှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် နှစ်နာဆုံးရှုံးမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၁၇ ဒသမ ၄ သန်းနှင့်ညီမျှသည့် ဗီယက်နမ် ဒေါင် ၅ ထရီလီယံအထိ ရှိခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ကျော်ထိုက်စိုး

# ထိုင်းအစိုးရက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ အရေးပေါ်ဥပဒေကို အောက်တိုဘာလကုန်အထိ သက်တမ်းထပ်တိုး


ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ

**ဗန်ကောက် စက်တင်ဘာ ၂၈**
ထိုင်းအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် ချမှတ်ထားသော အရေးပေါ်ဥပဒေကို ခြောက်ကြိမ်မြောက်အဖြစ် အောက်တိုဘာလကုန်အထိ သက်တမ်းထပ်တိုးလိုက်သည်။

ဝန်ကြီးချုပ်ပရာယွတ်ချန်အိုချာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသော ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနသည် အဆိုပါဥပဒေအား သက်တမ်းထပ်တိုးခြင်းအားဖြင့် အောက်တိုဘာ ၃၁ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်မှုကို ပို၍အကျိုးသက်ရောက်စေရန် ယနေ့ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

**ခြောက်ကြိမ်မြောက်ဖြစ်**

ထိုင်းအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ဆက်လက်ထိန်းချုပ်ရန် အဆိုပါ အရေးပေါ်ဥပဒေကို အောက်တိုဘာလအပါအဝင် တစ်လလျှင် တစ်ကြိမ်နှုန်းဖြင့် သက်တမ်းထပ်တိုးပြီး ယခုအခါ ခြောက်ကြိမ်မြောက်ဖြစ်လာပြီဖြစ်ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ထိုင်းနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီးဖြစ်သူ အာနူတင်ချန်ဗီရာကူလ်က ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အောင်မြင်စွာထိန်းချုပ်နိုင်ခဲ့သော နိုင်ငံများမှ ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်မည့်ခရီးသည်များသည် ထိုင်းနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ သီးခြားစောင့်ကြည့်ရေးစင်တာများတွင် နေထိုင်ကောင်းနေထိုင်ရလိမ့်မည်ဖြစ်သော်လည်း ၁၄ ရက်ကြာမြင့်မည်မဟုတ်ကြောင်း မှတ်ချက်ပြုလိုက်သည်။

**မှတ်ချက်ပြုရန် ငြင်းဆန်**

သို့သော် ဒုတိယဝန်ကြီးချုပ် အာနူတင်သည် ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်မည့် ကိုဗစ်-၁၉ ရောဂါ အန္တရာယ်နည်းပါးလာသောနိုင်ငံများမှ ခရီးသည်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးစင်တာများ၌ ကြာမြင့်ရမည့်ရက်အတိအကျကိုမူ မှတ်ချက်ပြုရန် ငြင်းဆန်ခဲ့ကြောင်း သိရသည်။

ထိုင်းအစိုးရသည် ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်မည့် ကိုဗစ်-၁၉ ရောဂါ အန္တရာယ်နည်းပါးသောနိုင်ငံများမှ ခရီးသည်များအား သက်တမ်းသုံးလခံမည့် အထူးပြည်ဝင်ခွင့်ဗီဇာကို ထုတ်ပေးမည်ဖြစ်သည်။ သို့ရာတွင် ထိုင်းနိုင်ငံ၌ အနည်းဆုံးကိုးလ ဆက်တိုက်နေထိုင်ရမည့် နိုင်ငံခြားသားခရီးသည်များအနေဖြင့် ယင်းပြည်ဝင်ခွင့်ဗီဇာကို သက်တမ်းနှစ်ကြိမ် ထပ်တိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

# အာမေနီးယားနှင့် အဇာဘိုင်ဂျန်တို့အကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရန် အီရန် တောင်းဆို

**တီဟီရန် စက်တင်ဘာ ၂၈**
အီရန်နိုင်ငံသည် အာမေနီးယားနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့နှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး နှစ်နိုင်ငံအကြား ပစ်ခတ်တိုက်ခိုက်မှုများကို ရပ်စဲရန်နှင့် နာဂေါ်နို-ကာရာဘက်ခ်ပဋိပက္ခနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံဆွေးနွေးပွဲများစတင်ရန် တောင်းဆိုခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ခါတစ်ဇာဒက်က ယနေ့တွင် ပြောကြားခဲ့သည်။

နှစ်နိုင်ငံအကြား ရန်လိုမုန်းတီးမှုများကိုထိန်းချုပ်ရန်နှင့် မကြာခင် ဆွေးနွေးပွဲများစတင်ရန် အဇာဘိုင်ဂျန်နှင့် အာမေနီးယား တာဝန်ရှိသူများထံ ချက်ချင်းတောင်းဆိုမှုပြုခဲ့ခြင်းဖြစ်ကြောင်း ခါတစ်ဇာဒက်က သတင်းထောက်များနှင့်ပြုလုပ်သည့် အပတ်စဉ်သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

အာမေနီးယားနိုင်ငံနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့သည် နာဂေါ်နို-ကာရာဘက်ခ်ဒေသ၏ အငြင်းပွားနယ်မြေတွင် ယမန်နေ့က ပြင်းထန်သည့်တိုက်ပွဲများ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆိုပါပဋိပက္ခကို ဖြေရှင်းရန်အတွက်မူ ချက်ချင်းအပစ်အခတ် ရပ်စဲရေး၊ ရန်လိုမုန်းတီးမှုများကို ထိန်းချုပ်ရေးနှင့် နှစ်နိုင်ငံဆွေးနွေးပွဲများကို စတင်ရေးတို့ ဆောင်ရွက်ရမည်ဖြစ်ကြောင်းလည်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်

# ဖိလစ်ပိုင်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၇၃ ဦးတွေ့ရှိပြီး ၃၇ ဦး ထပ်မံသေဆုံး

**မနီလာ စက်တင်ဘာ ၂၈**
ဖိလစ်ပိုင်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၇၃ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၀၇၂၈၈ ဦး ရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ယနေ့ပြောကြားသည်။

သို့သော် ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောလူနာ ၁၆၃ ဦး ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြရာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာသူ ၂၅၂၆၆၅ ဦး ရှိလာကြောင်း သိရသည်။

ထို့အတူ ဖိလစ်ပိုင်၌ ကိုဗစ်-၁၉ ရောဂါကြောင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ၃၇ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၃၈၁ ဦး ရှိလာခဲ့သည်။

မြို့တော်မနီလာ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၅၈ ဦး ယနေ့ ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် မနီလာမြို့သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ အများဆုံးတွေ့ရှိခဲ့သည့် ပြည်နယ်နှင့် ဒေသများအနက် ရောဂါကူးစက်မှုနှုန်း အများဆုံးဖြစ်လာခဲ့သည်။

ဖိလစ်ပိုင်သမ္မတ ဒူတာတေးသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအများဆုံး ဖြစ်သည့်မြို့တော်မနီလာနှင့် အနီးအနားဒေသများတွင် အသွားအလာကန့်သတ်မှု ဖြေလျှော့၊ မလျှော့ သို့မဟုတ် တင်းကျပ်သော အသွားအလာကန့်သတ်မှု ဆက်လက်ထိန်းသိမ်း၊ မထိန်းသိမ်းနှင့်ပတ်သက်၍ ယခုသီတင်းပတ်အတွင်း ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မာရီယာရိုဆာရီယိုဗာဂျရီးက ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းသိမ်းရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ရောဂါကူးစက်မှုထိန်းချုပ်နိုင်မည့် အစီအမံများကို လိုက်နာကြရန် ပြည်သူများအား တိုက်တွန်းလိုက်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ

# အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်တို့ ငြိမ်းချမ်းရေးဆွေးနွေးမည်

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၈**
အာဖဂန် ထိပ်တန်းအကြီးအကဲ အဗ္ဗဒူလာ အဗ္ဗဒူလာသည် အာဖဂန်နှင့် ပါကစ္စတန်နိုင်ငံတို့ကြား ၁၀ စုနှစ်ကြာ ဖြစ်ပွားနေသည့် စစ်ပွဲကို အဆုံးသတ်ရေး ပါကစ္စတန်နိုင်ငံနှင့် ဆွေးနွေးမှုပြုရန် ယနေ့တွင် ပါကစ္စတန်နိုင်ငံသို့ ရောက်ရှိနေပြီဖြစ်သည်။


အာဖဂန်နစ္စတန် ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ အဗ္ဗဒူလာ အဗ္ဗဒူလာ အစ္စလာမ္မာဘတ်လေဆိပ်သို့ ရောက်ရှိစဉ်။

အာဖဂန် နိုင်ငံခြားရေးဝန်ကြီးဟောင်းလည်းဖြစ် ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌလည်းဖြစ်သူ အဗ္ဗဒူလာသည် ၎င်း၏ သုံးရက်တာ အစ္စလာမ္မာဘတ် ခရီးစဉ်အတွင်း ပါကစ္စတန်ဝန်ကြီးချုပ် ခန်းနှင့် တွေ့ဆုံကာ နှစ်နိုင်ငံကြား ဆက်ဆံရေး မပြေလည်မှုများကို အဆုံးသတ်ရေး၊ ပါကစ္စတန်က တာလီဘန်များကို ထောက်ပံ့နေသည်ဟူသော အာဖဂန်ဘက်မှ စွပ်စွဲချက်များကို ပြန်လည်ရုပ်သိမ်းရေးနှင့် အာဖဂန်တွင် အိန္ဒိယနိုင်ငံ၏ နိုင်ငံရေးအရ ဩဇာလွှမ်းမိုးနေမှုများကို လျှော့ချရေးစသည့် ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသွားမည်ဖြစ်သည်။ ပါကစ္စတန်ဘက်ကလည်း အာဖဂန်ဘက်မှ ပါကစ္စတန် ဆန့်ကျင်ရေး စစ်သွေးကြွများကို ထောက်ပံ့နေသည်ဟု စွပ်စွဲမှုများရှိခဲ့သည်။

နိုင်ငံခြားရေးဌာန၏ ထုတ်ပြန်ချက်တွင် ပါကစ္စတန်သည်လည်း ငြိမ်းချမ်းရေးဆွေးနွေးမှုကို အပြည့်အဝ ဖော်ဆောင်သွားရန် လိုလားကြောင်း ဖော်ပြပါရှိသည်။ အာဖဂန်ဆိုင်ရာ အမေရိကန်အထူးအရာရှိ ခါလီဇက်က နှစ်နိုင်ငံကြား တိုက်ခိုက်မှုများ အဆုံးသတ်ပြီး ငြိမ်းချမ်းရေးလမ်းကို အမြန်ဆုံး လျှောက်လှမ်းရန် တိုက်တွန်းထားသလို ယခုဖြစ်စဉ်အတွက် ပါကစ္စတန်၏ ကြိုးပမ်းမှုနှင့် တာလီဘန်တို့နှင့် သဘောတူညီချက် ရရှိအောင် ညှိနှိုင်းပေးမှုအပေါ် အသိအမှတ်ပြုကြောင်း ဆိုသည်။ အဖဂန်နှင့် တာလီဘန်တို့ကြား အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှုကို ပြီးခဲ့သည့် စက်တင်ဘာ ၁၂ ရက်က ဒိုဟာမြို့တွင် ပြုလုပ်ခဲ့သည်။

ကိုးကား - စီအင်န်အေ
ဘာသာပြန် - မေလှဲ့သင်း

# တောင်ကိုရီးယား၌ အမေရိကန်တပ်ဖွဲ့ဝင် ငါးဦး ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရ

**ဆိုးလ် စက်တင်ဘာ ၂၈**
တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုမြင့်မားနေစဉ် အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရကြောင်း တောင်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်တပ်ဖွဲ့က ယနေ့ပြောကြားသည်။

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးသည် စက်တင်ဘာ ၁၀ ရက်မှ ၂၅ ရက်အတွင်း တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည်ဟု အတည်ပြုခဲ့ခြင်းဖြစ်သည်။



အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးအနက် လေးဦးသည် စက်တင်ဘာ ၁၀ ရက်၊ ၂၃ ရက်၊ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် စင်းလုံးငှားလေယာဉ်ဖြင့် အမေရိကန်ပြည်ထောင်စုမှ တောင်ကိုရီးယားရှိ အမေရိကန် လေတပ်အခြေပြုစခန်းဖြစ်သည့် အိုဆန်စခန်းသို့ အသီးသီးဆိုက်ရောက်ခဲ့ကြသည်။

ထို့အပြင် ကျန်တပ်ဖွဲ့ဝင်တစ်ဦးသည် စက်တင်ဘာ ၁၁ ရက်က ကုန်သွယ်ရေးလေယာဉ်တစ်စင်းဖြင့် အင်ချွန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်ခဲ့ကြောင်း သိရသည်။ တာဝန်ရှိသူများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော အမေရိကန်တပ်ဖွဲ့ဝင်အားလုံးကို ပြောင်တက်ခ်အရပ်တွင်တည်ရှိသော ကမ့်ဟမ်းဖရေးစ်နှင့် အိုဆန်လေတပ် အခြေပြုစခန်းများရှိ ကိုဗစ်-၁၉ ရောဂါ လူနာများအတွက် သတ်မှတ်ထားသော သီးခြားစောင့်ကြည့်ရေးစင်တာများသို့ ပို့ဆောင်ထားကြောင်း သိရသည်။

လက်ရှိအချိန်အထိ တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် အမေရိကန်တပ်ဖွဲ့ဝင်နှင့် ၎င်းတို့၏ မိသားစုဝင်ပေါင်း ၁၉၈ ဦး ရှိလာကြောင်း တောင်ကိုရီးယားပိုင် ယွန်ဟပ်သတင်းအေဂျင်စီက ဖော်ပြထားသည်။ တောင်ကိုရီးယားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၀ ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ တောင်ကိုရီးယား၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၃၆၆၁ ဦး ရှိလာကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

# မြဝတီ၊ ဟိုပုံး၊ ကျိုင်းတုံနှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



စိုင်းလှိုင်၊ စိုင်းနော်ထွန်း(ခ)အိုက်လျှန်း၊ ဇော်မျိုးအောင် တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညပိုင်းတွင် မြဝတီမြို့ အမှတ်(၃)ရပ်ကွက် ကရင်စာပေ(၁) လမ်းပေါ်တွင်တွေ့ရှိသူ ပြည့်ဖြိုးအောင် (ခ)ဂျက်ပေါ့ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၂၁၁ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မြဝတီမြို့ အမှတ်(၃)ရပ်ကွက် ဗန္ဓုလလမ်းရှိ မသဲသက်သက်မျိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၄၀၀ တို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ နံနက်ပိုင်းတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဟိုပုံးမြို့နယ် ဟိုပုံး-လွိုင်လင်သွားကားလမ်း ရွာသစ်ကျေးရွာအနီးတွင် ဇော်မျိုးအောင် မောင်းနှင်လာသည့် မော်တော်ယာဉ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၄၅၀၀၀၀ စုစုပေါင်း ကျပ်သိန်း ၄၅၀၀ ဖိုးကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ လွိုင်လင်မြို့နယ် တောင်ကြီး-လွိုင်လင်သွားကားလမ်း ဟိုတင့် ကျေးရွာအနီး၌ စိုင်းလှိုင်နှင့် စိုင်းနော်ထွန်း(ခ) အိုက်လျှန်းတို့ကို မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ယင်းနေ့ မွန်းလွဲပိုင်းက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ကတ်ဖကျေးရွာအုပ်စု ဟွေဆိုင်း ကျေးရွာနေ မဘူးမီ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၄၀၅၀ ကိုလည်းကောင်း၊ စက်တင်ဘာ ၂၆ ရက် ညပိုင်းတွင် တာချီလိတ်မြို့နယ် ကျိုင်းလပ်နယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် ကျိုင်းလပ်မြို့ ကျခမ်းကျောက်ကျေးရွာအုပ်စု နမ့်ငေါ့ ကျေးရွာအနီးတွင် ကျလော မောင်းနှင် လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၅၄၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

■

# အောက်တိုဘာလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၂၈**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၃-၈ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှ လည်းကောင်း၊ အောက်တိုဘာ ၉-၁၄ ရက်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၁၁ ရက်မှ ၁၅ ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၀ ရက်ခန့်နှင့် တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၁ ရက်မှ ၂၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်း ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၊ ကသာမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် တစ်ကြိမ်ခန့်စီနှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

**မိုး/ဇလ**

# မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၈**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ စက်တင်ဘာ ၂၃ ရက်မှ ၂၄ ရက်အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အုတ်တွင်းမြို့နယ် ခပေါင်းကြိုးဝိုင်းအကွက်အမှတ် (၆၅၊ ၁၁၁) အတွင်း တရားမဝင် ကျွန်းသစ် ခွဲသား၊ ခွဲခြမ်း ၁၁ ဒသမ ၁၉၀၂ တန်၊ ကလေးဝမြို့နယ် မဟာမြိုင်ကြိုးဝိုင်းနှင့် ပလ္လင်ကြိုးဝိုင်းအတွင်း တရားမဝင် ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ ကညင်၊ အင်ခွဲသား ၇၀ ဒသမ ၆၃၆၆ တန်၊ ဝန်းသိုမြို့နယ် နမ်းခမ်းကြိုးဝိုင်းအကွက် (၂)အတွင်း တရားမဝင်ကျွန်းသစ် ၂၉ ဒသမ ၇၂၆၀ တန်နှင့် တပ်လွင်ကြိုးဝိုင်း အကွက်အမှတ်(၉)၊ ထန်းတပင်ကျေးရွာနှင့် ကျောက်တောကျေးရွာကြားတွင် တရားမဝင် ကျွန်းသစ် ၅ ဒသမ ၇၃၄၀ တန်၊ တရားမဝင် တရုတ်နီအင်ဂျင်နှစ်လုံး၊ ဖောင်းပြင်မြို့နယ် အရှေ့မြင်သာကျေးရွာအနီး နန်းပလင်းချောင်းအနီးနေရာတွင် CHANGCHAI ၂၂ ကောင် အင်ဂျင်တစ်လုံးပါ သစ်စက်နှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ တရားမဝင် အင်၊ ကညင်သစ်ခွဲသား ၃၆ ဒသမ ၉၉၁၂ တန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် မင်းကင်းမြို့နယ် ကျောက်ခဲတက်ကျေးရွာ နေအိမ်ခြံဝင်းအတွင်း၊ ချင်းတွင်းမြစ်အတွင်းနှင့် မြောင်းဇင်းရွာအနီးတို့မှ သစ်စက်ဆက်စပ်ပစ္စည်း လေးမျိုး၊ မီးစက် တစ်လုံး၊ ချိန်းဆော နှစ်လုံး၊ တာယာဘီးတပ်လှည်း နှစ်စီး၊ လွှစင် သုံးစင်၊ တရားမဝင် ကျွန်း၊ အင်၊ ကညင် သစ်၊ ခွဲသား၊ ခွဲခြမ်း၊ ပကာ စုစုပေါင်း ၄၄ ဒသမ ၀၅၂၈ တန်နှင့် ပြစ်မှုကျူးလွန်သူ ငါးဦး၊ ပုသိမ်ကြီးမြို့နယ် မန္တလေး-ပြင်ဦးလွင်(အတက်) ကားလမ်းနှင့် (၁၆)မိုင် စစ်ဆေးရေးစခန်း ရှောင်ကွင်းလမ်းဆုံတွင် ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား ၁ ဒသမ ၆၀၅၄ တန်နှင့် ပြစ်မှုကျူးလွန်သူ တစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာ ရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း**
**(နေပြည်တော်)**

(၅၆) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး အောင်မျိုးလွင် ဦးစီးသော တပ်ဖွဲ့ဝင်များ ကျောက်မြောင်း အရှေ့ရပ်ကွက်ရှိ သာသနာ့ဇောတိပါလ စာသင်တိုက်အတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

ကိုဌေး









# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

## ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်
ရက် ၄၀ သာ
လိုတော့သည်။

## ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာနတည်နေရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက်အရောက် ပေးပို့သွားရန်
- မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက်အရောက် ပေးပို့ရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်
- ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက်နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

## ပူတာအိုမြို့နယ်၌ ပထမအကြိမ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

ပူတာအို စက်တင်ဘာ ၂၈

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရန် ပထမအကြိမ် မြို့နယ်အဆင့် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ကချင်ပြည်နယ် ပူတာအိုမြို့ အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးနော်လွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးရှဘောင်ဖုန်ဝင့်က ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များနှင့် နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးရာတွင် ဆောင်ရန် ရှောင်ရန်အချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကျော်ဇင်ဦးက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရာတွင် လိုက်နာရမည့် ညွှန်ကြားချက်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက မဲဆွယ်စည်းရုံးရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

### ကိုယ်စားလှယ်လောင်း ၂၉ ဦး

ပူတာအိုမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စု ၂၅ စု၊ မဲရုံပေါင်း ၄၈ ရုံတွင် ပထမအကြိမ်မဲစာရင်းအရ မဲပေးပိုင်ခွင့်ရှိသူပေါင်း ၃၉၆၁၀ ရှိပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ကိုးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၉ ဦးတို့က သက်ဆိုင်ရာ လွှတ်တော်မဲဆန္ဒနယ်အလိုက် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖုန်ကန်
(ပြန်/ဆက်)



## မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ ခန့်အပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



မင်းတပ် စက်တင်ဘာ ၂၈

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အဓိကတာဝန်ယူဆောင်ရွက်ရမည့် မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ ခန့်အပ်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက မင်းတပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

မင်းတပ်မြို့နယ်အတွင်းရှိ မဲရုံ ၁၁၆ ရုံတွင် တာဝန်ယူဆောင်ရွက်ရမည့် မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များကို အောက်တိုဘာ ၁ ရက်မှစ၍ တာဝန်ပေးခန့်ထားရမည်ဖြစ်ရာ မဲရုံတစ်ရုံအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲစာရင်းထုတ်ပေးသူ၊ မဲလက်မှတ်ထုတ်ပေးသူ၊ မဲရုံလုံခြုံရေး စသည်ဖြင့် အဖွဲ့ဝင် ၁၀ ဦးမှ ၁၆ ဦးအထိ ဖွဲ့စည်းလျာထားဆောင်ရွက်ရမည်များကို မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကီးအွမ်က ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပညာရေးဌာနမှ မဲရုံအဖွဲ့ဝင် ပညာရေးဝန်ထမ်းအင်အား ရွေးချယ်လျာထားမှုအခြေအနေကို လည်းကောင်း၊ ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းအင်အား ရွေးချယ်လျာထားမှုတို့ကို လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှ မဲရုံလုံခြုံရေးဝန်ထမ်းများ ရွေးချယ်ထားမှုကိုလည်းကောင်း အသီးသီးတင်ပြဆွေးနွေးကြသည်။

ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကီးခွီရိန်းက သက်ဆိုင်ရာဌာနအသီးသီး၏ တင်ပြဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး အဆိုပါအစည်းအဝေးသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ခွဲတွင်ပါဝင်သော ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။


လင်းလင်း(ပြန်/ဆက်)

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .**

# ခေတ်သစ်ပြည်ထောင်စုပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၈

**ခေတ်သစ်ပြည်ထောင်စုပါတီ ဥက္ကဋ္ဌ ဦးအောင်သန်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –**



**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင် ပြည်သူလူထုကြီးခင်ဗျား–**

ကျွန်တော်ကတော့ ခေတ်သစ်ပြည်ထောင်စုပါတီ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ ဦးအောင်သန်းဖြစ်ပါတယ်။ ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီသည် ဖက်ဒရယ်ဒီမိုကရေစီမဟာမိတ် ၁၄ ပါတီရဲ့ ပါတီအဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်။ မိဘပြည်သူများအားလုံး ရင်ထဲမှာရှိနေတဲ့၊ ကိန်းအောင်းနေတဲ့ ဒီမိုကရေစီရေး ပြင်းပြဆန္ဒပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

မဲဆန္ဒရှင်လူထုကြီးခင်ဗျား ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီရဲ့ မူဝါဒလမ်းစဉ်တွေ မတင်ပြမီ အရေးကြီးတဲ့အကြောင်းနှစ်ချက် တင်ပြပါမယ်။

**ပထမအချက်ကတော့**

လာမည့် ၈-၁၁-၂၀၂၀ ရက်နေ့မှာကျင်းပမယ့် ရွေးကောက်ပွဲကြီးဟာ ၁၉၄၈ မှ ၁၉၆၂ အတွင်း ကျင်းပခဲ့တဲ့ရွေးကောက်ပွဲမျိုးတွေနဲ့လည်းမတူပါဘူး။ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ရွေးကောက်ပွဲမျိုးတွေလည်း မဟုတ်ပါဘူး။ ယခုရွေးကောက်ပွဲဟာ ပါတီစုံစနစ်သို့ အမှန်အကန် ကူးပြောင်းရောက်ရှိရေး၊ စနစ်ပြောင်း၊ ခေတ်ပြောင်း ရွေးကောက်ပွဲကြီးဖြစ်ဖို့ ထူးခြားအရေးပါလှတဲ့ ရွေးကောက်ပွဲကြီးပဲလို့ ဆိုပါရစေ။ ယခုရွေးကောက်ပွဲသည် လွတ်လပ်ခွင့်နှင့် ဒီမိုကရေစီအတွက် သေရေးရှင်ရေးတမျှ အရေးကြီးပါတယ်။

၁၉၆၂ ခုနှစ် ဒီမိုကရေစီစနစ်ပျက်သုဉ်းသွားပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်ပေါ်ပေါက်လာပါတယ်။ ဒီမိုကရေစီစနစ်ပြန်လည်အစပျိုးခဲ့တဲ့ အချိန် ၂၀၁၀/၂၀၁၅ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပခဲ့တဲ့အချိန် ဖြတ်သန်းလာခဲ့ရတဲ့အချိန်မှာ ပြည်သူလူထုတစ်ရပ်လုံး ခံစားချက်များရှိခဲ့ပါတယ်။ မြန်မာနိုင်ငံသားအားလုံးသိရှိခံစားရတဲ့ဘဝက လွတ်မြောက်အောင် လုပ်ဆောင်မယ့်အချိန်၊ ကြိုးစားရမယ့်အချိန် ယနေ့ရောက်ရှိလာပါပြီ။ ငြိမ်းချမ်းရေးရချင်တဲ့ဆန္ဒ နိုင်ငံသားအားလုံးရဲ့ရင်ထဲမှာ ကိန်းအောင်းနေပါတယ်။ အဲဒီ hidden desire ဆိုတဲ့ ရင်ထဲကဆန္ဒကြီးကို ထုတ်ဖော်ပြသကြဖို့ အချိန် Turning Point တစ်ဆစ်ချိုးအကွေ့ ရောက်ရှိနေပါပြီ။

တစ်ဆစ်ချိုးရောက်နေတဲ့အချိန်မှာ ပြည်ထောင်စုကြီးကိုကာကွယ်နိုင်ရေးအတွက် ရှိသင့်ရှိထိုက်တဲ့အင်္ဂါရပ်တွေနဲ့ ပြည့်စုံတဲ့ကမ္ဘာ့အဆင့်အတန်းမီ တပ်မတော်၊ မြန်မာ့တပ်မတော်တစ်ခု မရှိမဖြစ်လိုအပ်တယ်လို့ ခေတ်သစ်ပြည်ထောင်စုပါတီမှ ခံယူပါတယ်။

**(An Army with profe standards)**

ယနေ့တပ်မတော်သည် မိဘပြည်သူများ၏ ရင်နှစ်သည်းချာ သားသမီးများနှင့်ဖွဲ့စည်းထားတဲ့ တပ်မတော်ဖြစ်ပါတယ်။ (An Army with national pride)အမျိုးဂုဏ်ကိုချစ်မြတ်နိုးတဲ့ ဂုဏ်၊ မာန်မာနရှိတဲ့ တပ်မတော်ဖြစ်ပါတယ်။ မြန်မာနိုင်ငံသားအားလုံးထဲက မြန်မာနိုင်ငံသားများ ဖြစ်ကြပါတယ်။ မြန်မာနိုင်ငံရဲ့ အနာဂတ် ငြိမ်းချမ်းသော၊ လုံခြုံသော၊ ညီညွတ်သော နိုင်ငံဖြစ်ရေး၊ ဒီမိုကရေစီ မြန်မာနိုင်ငံတော်ဖြစ်ရေး၊ ဒီမိုကရေစီစနစ်သို့ ချီတက်ရာမှာ ပြည်သူလူထု နိုင်ငံသားအားလုံးနှင့်အတူ ညီညီညွတ်ညွတ်အတူ ချီတက်ပြီး မြန်မာနိုင်ငံရဲ့ အနာဂတ် ငြိမ်းချမ်းသော၊ လုံခြုံသော၊ ညီညွတ်သော (Peace Security and Unity) မြန်မာနိုင်ငံတော်ကြီး တည်ဆောက်ကြဖို့ရာမှာ မြန်မာတပ်မတော်ကျန်လို့မဖြစ်ပါဘူး။ ချန်ထားလို့မရပါဘူး။ မိဘပြည်သူနဲ့ တစ်သားတည်း၊ တစ်စိတ်တစ်ဝမ်းတည်း၊ လက်ရေတစ်ပြင်တည်း လက်တွဲလုပ်ဆောင်ကြဖို့ လိုပါတယ်။ ပြည်ထောင်စုကို Reunion လုပ်ကြရမှာဖြစ်ပါတယ်။

အဲဒီဆန္ဒက ပြည်ထောင်စုနိုင်ငံသားတိုင်းအားလုံးပါဝင်တဲ့ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် ပြန်လည်ပေါင်းစည်းရေးဖြစ်ပါတယ်။ Reunion လုပ်ခြင်းဖြစ်ပါတယ်။ အမျိုးသားအဆင့်၊ အမျိုးသားအားလုံးပါဝင်တဲ့ ညီလာခံကြီး၊ အမျိုးသားရေးဆွေးနွေးပွဲကြီးတစ်ရပ် ခေါ်ယူရမှာဖြစ်ပါတယ်။ အမျိုးသားရေး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြစ်လျက် ပေါင်းစည်းသော ပြည်ထောင်စုခေတ်သစ်သို့ အမျိုးသားညီလာခံကြီးမှရေးဆွဲသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ထိုအခြေခံဥပဒေမှ ရွေးကောက်တင်မြှောက်ကြမယ်ဆိုရင် ပေါ်ပေါက်လာမည့်အစိုးရသည် ပြည်ထောင်စုအစိုးရစစ်စစ်ဖြစ်မည်ဟု ခေတ်သစ်ပြည်ထောင်စုပါတီမှ ယုံကြည်ပါတယ်။

ဒုတိယအချက်ကတော့ ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီ မူလတည်ထောင်စဉ်က ပါတီဖွဲ့စည်းရေးဆိုတာထက် အမျိုးသားရေးအသွင်ဆောင်တဲ့ အဖွဲ့အဖြစ် တည်ဆောက်ခဲ့ခြင်း ဖြစ်ပါတယ်။

လက်ငင်းဖြစ်ပေါ်နေတဲ့ပြဿနာတွေကို အစွမ်းရှိသမျှ ဖြေရှင်းပေးခဲ့ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်သို့ ငြိမ်းချမ်းစွာ ပြောင်းလဲသွားနိုင်ရေးအတွက် လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲသာလျှင် တစ်ခုတည်းသော ထွက်ရပ်လမ်းဖြစ်တယ်လို့ ယုံကြည်ပါတယ်။ လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့လိုပါတယ်။ ယုံကြည်သည့်အတိုင်း ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒီမိုကရေစီက မဲပေးတာ၊ အခြေခံဥပဒေရှိရုံနဲ့ မလုံလောက်ပါဘူး။ လူတစ်ယောက်ရဲ့ အခြေခံအခွင့်အရေးတို့ကို အကာအကွယ်ပေးဖို့ လိုပါတယ်။ ပုဂ္ဂလိကလွတ်လပ်ခွင့်မရှိသရွေ့ ဒီမိုကရေစီရှိတယ်လို့ ကျွန်တော်တို့ မယူဆပါဘူး။ ဒီမိုကရေစီတိုးတက်ဖို့ လူမှုအဖွဲ့အစည်းအမြင်ပြောင်းဖို့ လိုပါတယ်။

လူထုကို အာဏာကို ဘယ်လိုပေးမလဲ၊ အစိုးရနဲ့ ဘယ်လိုဆက်ဆံမလဲ၊ မြန်မာ့ဒီမိုကရေစီ ပြောင်းလဲရေးအတွက် မူဝါဒပြောင်းလဲမှုနဲ့ လူမှုအဖွဲ့အစည်း အမြင်ပြောင်းလဲဖို့လိုအပ်ပါတယ်။ မူဝါဒက လက်ရှိပြောင်းလဲနေပြီ ဖြစ်ပါတယ်။ ပြောင်းလဲဖို့ ဆက်ကြိုးစားကြရမှာ ဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းလို ကျင့်ဝတ်ပိုင်းအားကောင်းတဲ့ လူထုခေါင်းဆောင်မျိုး မြန်မာနိုင်ငံမှာ လိုအပ်နေပါတယ်။

နိုင်ငံသားတိုင်းရဲ့ အတွင်းနှလုံးသားမှာ ပြင်းပြတဲ့ ပြည်တွင်းငြိမ်းချမ်းရေး လိုချင်တဲ့ဆန္ဒ(hidden desire)ရှိပါတယ်။ အဲဒီဆန္ဒကို ယနေ့ ရဲရဲဝံ့ဝံ့ထုတ်ဖော်ကြရမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူလူထုကြီးခင်ဗျား**

မဲဆန္ဒရှင်လူထုကြီးကို အပိုင်း (၅)ပိုင်းခွဲပြီး ရှင်းလင်းတင်ဆက်ပါမယ် –

၁။ ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီ ပေါ်ပေါက်လာပုံ။
၂။ ကျွန်တော်တို့ပါတီကိုင်စွဲထားတဲ့ ယုံကြည်ခံယူချက်၊ လမ်းစဉ်နှင့် လုပ်ငန်းစဉ်။
၃။ ကျွန်တော်တို့ပါတီရဲ့ ရွေးကောက်ပွဲအပေါ် သဘောထားနှင့်ရွေးကောက်ပွဲတွင်ပါဝင်မှု။
၄။ မဲဆန္ဒရှင်လူထုကြီးရဲ့ ရပိုင်ခွင့်။
၅။ ခေတ်သစ်ပြည်ထောင်စုပါတီ ကိုယ်စားလှယ်လောင်းများအတွက် မေတ္တာမဲ ပန်ကြားတောင်းခံခြင်းတို့ ဖြစ်ပါတယ်။

ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီသည် ယခင်ရှိခဲ့တဲ့ ပြည်ထောင်စုပါတီ (ပ.ထ.စ)အဖွဲ့ကြီးရဲ့ သဘောထားခံယူချက်များ ဆက်လက်၍ ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲပြီး ဆောင်ရွက်သွားရန် ဖွဲ့စည်းလိုက်တဲ့ပါတီဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီက ချေနှစ်ချေကို စွဲကိုင်ထားပါတယ်။ ချေနှစ်ချေဆိုတာ လက်စားမချေဘူး၊ သင်ပုန်းချေရမှာဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား –**

" ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီ ခံယူထားတဲ့ဝါဒက မေတ္တာဝါဒဖြစ်ပါတယ်။

ကမ္ဘာ့လူသားတို့ အကြိုက်တူဝါဒတစ်ခုကို စတင်တည်ထောင်ခဲ့ကြရာမှာ ကိုယ်ချင်းစာမေတ္တာဝါဒ၊ ကမ္ဘာဦးဝါဒ၊ ကမ္ဘာသစ်တည်ထောင်သောဝါဒဖြစ်ပါတယ်။ မေတ္တာဝါဒကို စွဲကိုင်ပြီး ကျင့်သုံးကြမယ်ဆိုရင် အရာရာအောင်မြင်မယ်လို့ ကျွန်တော်တို့ပါတီက ယုံကြည်ပါတယ်။

**ပြည်သူလူထုကြီးခင်ဗျား**

ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီရဲ့ လုပ်ငန်းစဉ်တွေကို အောက်ပါအတိုင်း ချမှတ်ထားပါတယ်။

လက်ငင်းဖြစ်ပေါ်နေတဲ့ ပြဿနာတွေကို အစွမ်းရှိသမျှ ဖြေရှင်းပေးရန်၊ ဒီနေ့ ကျွန်တော်တို့ ပြည်ထောင်စုမှာ မဖြေရှင်းရင်မဖြစ်တဲ့ပြဿနာဟာ ပြည်တွင်းငြိမ်းချမ်းရေးပြဿနာပါ။ ငြိမ်းချမ်းရေးရရှိမှသာ ဒီမိုကရေစီရဲ့ အဓိပ္ပာယ်ပြည့်စုံပြီး ဝပြောသာယာတဲ့ပြည်ထောင်စုကြီးကို တည်ထောင်နိုင်မှာပါ။ ဒါကြောင့် ပြည်တွင်းလက်နက်ကိုင်အဖွဲ့မှာပါဝင်နေတဲ့ အင်အားစုများအားလုံး ကြိုတင်စည်းကမ်းချက်များမထားဘဲ တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းတဲ့နည်းနဲ့ ဖြေရှင်းကြမှသာ ရေရှည်တည်တံ့ ကျယ်ပြန့်ခိုင်မာတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မယ်လို့ ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီက မမိုတ်မသုန်ယုံကြည်ပါတယ်။ ယနေ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှတစ်ဆင့် ငြိမ်းချမ်းသောလုံခြုံရေး၊ ညီညွတ်သော (Peace, Security and Unity) မြန်မာနိုင်ငံကြီးအဖြစ် ပေါ်ပေါက်ရပ်တည်နိုင်အောင် ကြိုးပမ်းကြဖို့ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား –**

နိုင်ငံ့ဝန်ထမ်းများနဲ့ ပတ်သက်ပြီးတော့ နိုင်ငံ့ဝန်ထမ်းများ စတင်ဝင်ရောက်တဲ့အဆင့်မှ အမြင့်ဆုံးအဆင့်ထိ ရောက်ရှိခံစားခွင့်နဲ့ ရရှိရေးကို ဆောင်ရွက်မှာဖြစ်ပါတယ်။အငြိမ်းစားဝန်ထမ်းများအတွက် ခေတ်နှင့်လျော်ညီသော လစာရိက္ခာများရရှိအောင် ဆောင်ရွက်ပါမယ်။

**စီးပွားရေး**



မှန်ကန်သော ကမ္ဘာ့အဆင့်မီ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့ စီးပွားရေးစနစ် "Free and competitive Trade policy"စနစ်ကို ချမှတ်ဆောင်ရွက်နိုင်ရန် ဖြစ်ပါတယ်။ နိုင်ငံတော်က စွက်ဖက် ကြိုးကိုင်မှုကင်းသော လွတ်လပ်စွာယှဉ်ပြိုင်ထုတ်လုပ်ရောင်းချသည့် စီးပွားရေးစနစ်တစ်ရပ်ကို တည်ထောင်အကောင်အထည်ဖော်ခြင်းဖြင့် ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံ(LDC) နိုင်ငံဘဝမှ လွတ်မြောက်စေပါမည်။ ဒီစနစ်ဖြင့် ကုန်ပစ္စည်းပေါများရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးပြုလုပ်ရန် ရည်ရွယ်ပါသည်။ မြန်မာငွေရဲ့တန်ဖိုးကို နိုင်ငံခြားငွေများနဲ့ ကွာဟချက် နည်းနိုင်သမျှနည်းအောင် စီမံမှုတွေချမှတ်ထားပါမယ်။ ပြည်တွင်းသုံးငွေကိုလည်း အာမခံချက်ရရှိရေးအတွက် ဥပဒေရေးဆွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**လူထုကျန်းမာရေး**

လက်ရှိကျန်းမာရေးစနစ်သည် ၇၀ ရာခိုင်နှုန်းသော ပြည်သူများနေထိုင်သည့် ကျေးရွာနှင့် ဝေးလံခေါင်းပါးသောဒေသရှိပြည်သူများအတွက် လက်လှမ်းမီနိုင်မှု အနေအထားများ များစွာလိုအပ်ဆဲ ဖြစ်ပါသည်။

ဤကိစ္စကို အဖြေရှာနိုင်ရန် ပြည်သူတစ်ရပ်လုံးလွှမ်းခြုံသော သာမျှညီကျန်းမာရေးစောင့်ရှောက်မှုစနစ် (Universal Health Coverage)ကို တစိုက်မတ်မတ် အားထည့်ဆောင်ရွက်မည်ဖြစ်သည်။

**ပညာရေး**

အနာဂတ်မြန်မာနိုင်ငံတော် ကလေးသူငယ်များအရေး၊ ကျန်းမာရေး၊ ပညာရေးအပိုင်းမှာ နိုင်ငံတော်ဘတ်ဂျက်မှ သီးခြားခေါင်းစဉ်ပြဋ္ဌာန်းပြီး ခွင့်ပြုသုံးစွဲနိုင်ရေး ဆောင်ရွက်မယ်။

ကမ္ဘာ့အဆင့်မီပညာရေးစနစ်ကို အကောင်အထည်ဖော်သွားပါမယ်။ ကျောင်းသားသမဂ္ဂ၊ ဆရာများသမဂ္ဂများ ဖွဲ့စည်းခွင့်ရရှိရေး ဆောင်ရွက်မယ်။ အမျိုးသားပညာရေး၊ ဥပဒေရေးဆွဲပြဋ္ဌာန်းရာ၌ အနာဂတ်အတွက် ယနေ့ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို ပြုပြင်ပြောင်းလဲပြီး နိုင်ငံတကာစံချိန်မီ ပညာရေးစနစ်ဖြစ်ပေါ်ရေး ဆောင်ရွက်မယ်။ ကလေးသူငယ် လူရွယ်များအတွက် (Sex) ပညာရေးကို လုံးဝကန့်ကွက်သွားမယ်။ လမ်းမှားရောက်မယ့် အတွေးအခေါ်ဖြစ်ပါတယ်။

**အလုပ်သမား**

အလုပ်သမားတွေနဲ့ပတ်သက်ရင် အလုပ်သမားတွေ၊ အရာထမ်း၊ အမှုထမ်းတွေ မနစ်နာရအောင် ကာကွယ်ပေးမယ့်စည်းမျဉ်းဥပဒေတွေ ပြဋ္ဌာန်းပေးသွားမယ်။

**လယ်သမား**

တောင်သူလယ်သမားများနဲ့ပတ်သက်ပြီး လယ်ရှင်မြေရှင်ကြီးများ ပေါ်ပေါက်စေတဲ့ ဥပဒေဖျက်သိမ်းရေး ဆောင်ရွက်မယ်။

**နိုင်ငံခြားရေး**

လွတ်လပ်ပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးဝါဒကို ကျင့်သုံးမှာ ဖြစ်ပါတယ်။

**တရားစီရင်ရေး**

ဥပဒေနှင့်အညီ တရားစီရင်သော တရားစီရင်ရေးဆိုင်ရာ ဥပဒေအသစ်များ ရေးဆွဲပြဋ္ဌာန်းပြီး လူထုအားလုံး အားကိုးလေးစားသော တရားစီရင်ရေး ပေါ်ပေါက်အောင် ဆောင်ရွက်မယ်။

**အလံနှင့်တံဆိပ်**

ခေတ်သစ်ပြည်ထောင်စုပါတီ၏ အလံနှင့်တံဆိပ်အဓိပ္ပာယ်ဖော်ညွှန်းမှုမှာ ပါတီအလံ၏ နောက်ခံအပြာရောင်မှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးစုများအားလုံး အေးအတူပူအမျှ ဥမကွဲသိုက်မပျက် အတူတကွနေမယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။

အဖြူရောင်ကြယ် ၁၄ ခု စက်ဝိုင်းတည်ဆောက်ထားခြင်းမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုတို့နဲ့ တိုင်းရင်းသားလူမျိုးစုများအားလုံးတို့ရဲ့ သဘောသဘာဝကို ဖော်ညွှန်းထားပါတယ်။

ခေတ်သစ်ပြည်ထောင်စုပါတီ စာလုံးအဝါရောင်မှာ "သီလ၊ သမာဓိနှင့် နည်းပညာ"တို့ကို ဖော်ညွှန်းထားပါတယ်။

NEU မှာ New Era Union Party ၏ အတိုကောက်စာလုံးဖြစ်ပြီး အစိမ်းရောင်မှာ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ညွှန်းပါတယ်။ ယနေ့ရွေးကောက်ပွဲဟာ လူ့လွတ်လပ်ခွင့်နဲ့ ဒီမိုကရေစီအတွက် သေရေးရှင်ရေးတမျှ အရေးကြီးသော ရွေးကောက်ပွဲကြီးဖြစ်ပါတယ်။ လွှတ်တော်တွင် ဥပဒေရေးရာဆွေးနွေးအကြံပြုနိုင်သူများ များများရောက်ရှိအောင် ဆောင်ရွက်ကြပါလို့တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား…

လူသစ်စိတ်သစ်ဖြင့် ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံတော်သစ် တည်ဆောက်ကြပါစို့။

# ကမ္ဘာအေးစေတီလမ်းရှိ အဘိဓမ္မရတနာဃရ(အဘိဓမ္မာဓမ္မဗိမာန်တော်)၌ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးတွေ့ရှိသော သံဃာတော် အပါး ၃၀၀ အား ထားရှိကုသမည်

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အဘိဓမ္မရတနာဃရ (အဘိဓမ္မာဓမ္မဗိမာန်တော်)၌ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးတွေ့ရှိသော အတည်ပြုသံဃာတော်အပါး ၃၀၀ အား ထားရှိကုသစောင့်ရှောက်မည်ဖြစ်ကြောင်း အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးမှ သိရသည်။

**ဆွမ်း၊ ဝေယျာဝစ္စ တာဝန်ယူ**

"ပြင်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းတွေကို ဒီနေ့ညနေမှာပဲ စလုပ်ဆောင်နေပြီး မနက်ဖြန်အပြီးသတ်ဆောင်ရွက်မှာဖြစ်တာမို့ စက်တင်ဘာ ၃၀ ရက်ကစပြီး အတည်ပြုသံဃာတော်များကို ထားရှိသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်အနေနဲ့ ရောက်ရှိလာမယ့် သံဃာတော်တွေရဲ့ ဆွမ်းကိစ္စ၊ ဝေယျာဝစ္စကိစ္စအားလုံးကို တာဝန်ယူ လုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးနှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းက ပြောသည်။

**တွေ့ဆုံဆွေးနွေး**

အဆိုပါ အဘိဓမ္မရတနာဃရ(အဘိဓမ္မာဓမ္မဗိမာန်တော်)၌ ကိုဗစ်-၁၉ ရောဂါ အတည်ပြုသံဃာတော်အပါး ၃၀၀ အား ထားရှိကုသစောင့်ရှောက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဇော်ဝေစိုး၊ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးနှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းတို့က အဘိဓမ္မာဓမ္မဗိမာန်တော်၌ ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်း- ပွင့်သစ္စာ၊ ဓာတ်ပုံ - စိုးမြင့်အောင်**



# မြန်မာနိုင်ငံ သမဝါယမသတင်းအချက်အလက်စနစ် အကောင်အထည်ဖော်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၈**

မြန်မာသမဝါယမသတင်းအချက်အလက်စနစ် (MCIS) အကောင်အထည်ဖော်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သမဝါယမဦးစီးဌာနရုံးချုပ်(နေပြည်တော်)တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ဂျာမနီနိုင်ငံ DGRV German Confederation of Cooperatives မှ တာဝန်ရှိသူ Marc Andre Zach နှင့် အဖွဲ့ဝင်များ၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ Task Force အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ယင်းအစည်းအဝေးတွင် မြန်မာနိုင်ငံရှိ သမဝါယမအသင်းများ စာရင်းဇယားများ စနစ်တကျရှိစေရန်နှင့် မှန်ကန်တိကျမှုရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်အကောင်အထည်ဖော်သွားမည့် MCIS နှင့် ပတ်သက်သော နည်းပညာဆိုင်ရာကိစ္စရပ်များ၊ စာရင်းကိုင်စံနှုန်းများနှင့် MCIS စနစ်ဖော်ဆောင်ရန် လုပ်ငန်းကော်မတီအဖွဲ့များဖွဲ့စည်း၍ တာဝန်ပေးအပ်ခြင်းကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



တောင်ဥက္ကလာပမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် We Love Southokkalapa ပရဟိတအဖွဲ့နှင့် ဈေးသည်များ ပူးပေါင်းဆောင်ရွက်သည့် ဈေးကားများ ရောင်းချပေးမှုကို တွေ့ရစဉ်။

# ပြည်သူများ နေအိမ်မှနေ၍ ဈေးဝယ်ယူနိုင်ရေး ရောင်းသူနှင့် ဝယ်သူကြား ဝန်ဆောင်မှုပေး

**ရန်ကုန် စက်တင်ဘာ ၂၈**

နေအိမ်တွင်နေထိုင်ရေးကာလအတွင်း စားသောက်မှုအဆင်ပြေစေရန်နှင့် ဈေးများတွင် လူစုလူဝေး မဖြစ်ပေါ်စေရန်ရည်ရွယ်၍ တောင်ဥက္ကလာပမြို့နယ်အတွင်း ပြည်သူများ နေအိမ်မှနေ၍ ဈေးဝယ်ယူနိုင်ရေး ရောင်းသူနှင့် ဝယ်သူကြား ဝန်ဆောင်မှုပေးမည့် အစီအစဉ်ကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း တောင်ဥက္ကလာပမြို့နယ် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

**ဝန်ဆောင်မှုပေးသွားမည်**

အဆိုပါအစီအစဉ်ကို တောင်ဥက္ကလာပမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် We Love Southokkalapa ပရဟိတအဖွဲ့နှင့် အေးချမ်းဖြူစင်မေတ္တာရှင်ပရဟိတအဖွဲ့တို့က ပူးပေါင်းပါဝင်ကာ ဈေးရောင်းသူနှင့် ဝယ်သူကြား ဝန်ဆောင်မှုပေးလျက်ရှိသည်။

"ကျွန်တော်တို့က ရောင်းသူနဲ့ ဝယ်သူကြား အခမဲ့ဝန်ဆောင်မှုပေးတဲ့ သဘောပါ။ လိုချင်တဲ့ ပစ္စည်းကို ကျွန်တော်တို့ဆီ ဖုန်းဆက်ပြီးမှာလို့ရတယ်။ ဖုန်းဆက်ရင် ဝန်ထမ်းနှစ်ယောက်က ဝယ်လို့ရတဲ့ပစ္စည်းတွေကို သူတို့ဖြေပေးလိမ့်မယ်။ သတ်မှတ်ထားတဲ့ စားသောက်ကုန်တွေပဲ မှာလို့ရပါမယ်။ အဓိကကတော့ ဈေးထဲကို မလာစေချင်တာရယ်၊ အိမ်ရှင်မတွေအတွက်လည်း အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်"ဟု တောင်ဥက္ကလာပမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇေယျာဝင်းက ပြောသည်။

**ဆက်သွယ်မှာယူနိုင်**

နေအိမ်မှနေ၍ ဈေးဝယ်ယူလိုသည့် အိမ်ရှင်မများအနေဖြင့် ဖုန်း-၀၉-၂၆၄၂၁၆၀၈၅၊ ၀၉-၈၉၀၀၈၅၇၇၁ သို့ (စနေ၊ တနင်္ဂနွေနေ့)များမှအပ ကျန်ရက်များတွင် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း ဆက်သွယ်မှာယူနိုင်ပြီး ဈေးဝယ်ပေးမည့်ရက်မှာ (အင်္ဂါ၊ ကြာသပတေး၊ စနေ၊ တနင်္ဂနွေနေ့)နှင့် ဈေးဝယ်ပြီးလာပို့ပေးမည့်အချိန်မှာ နံနက် ၈ နာရီမှ ၁၀ နာရီအတွင်း ဖြစ်ကြောင်း သိရသည်။

သတ်မှတ်ထားသော စားသောက်ကုန်များကို တောင်ဥက္ကလာပမြို့နယ် ရပ်ကွက် ၁၃ ရပ်ကွက်အတွင်းရှိ မည်သူမဆို မှာယူနိုင်ပြီး စနစ်တကျထုပ်ပိုး၍ ကား ၁၀ စီးဖြင့် အိမ်တိုင်ရာရောက် အခမဲ့ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**အေးမင်းသူ**

# ကရင်ပြည်နယ် မြဝတီမြို့သို့ ည ၉ နာရီမှ နံနက် ၅ နာရီအတွင်း တာဝန်မှအပ မည်သည့်ယာဉ်မှဝင်ခွင့်မပြုဘဲ အထူးစစ်ဆေးဆောင်ရွက်လျက်ရှိ

**မြဝတီ စက်တင်ဘာ ၂၈**

ကရင်ပြည်နယ် မြဝတီမြို့အတွင်းသို့ လာရောက်မည့်သူများအနေဖြင့် နေ့စဉ် ည ၉ နာရီမှ နံနက် ၅ နာရီအတွင်း တာဝန်မှအပ မည်သည့်ယာဉ်မှ ဝင်ရောက်ခွင့်မပြုဘဲ မြို့သို့ ဝင်ရောက်လာသည့် ကုန်တင်ယာဉ်၊ ခရီးသွားယာဉ်နှင့် အခြားဝင်ထွက်မှုများကို မြဝတီမြို့အဝင် သဃ်န်းညီနောင် စုပေါင်းစစ်ဆေးရေးဂိတ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် အထူးစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရီးသွားပြည်သူများအနေဖြင့် ခရီးသွားထောက်ခံချက်ယူရမည်ဖြစ်ပြီး မြဝတီမြို့သို့ လာရောက်မည့်သူများ အနေဖြင့်လည်း ခရီးသွားထောက်ခံချက်ယူလာရန် မဖြစ်မနေလိုအပ်ကြောင်း၊ သို့မှသာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ထိထိမိမိ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။



ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မိမိနေအိမ်၌ နေထိုင်ရန် အကျုံးဝင်သောဒေသများမှ မြဝတီမြို့သို့ လာရောက်သည့် ပြည်သူများအနေဖြင့် မြဝတီမြို့တွင် အသွားအလာကန့်သတ်စောင့်ကြည့်မှုကို ခံယူရမည်ဖြစ်ကြောင်း သိရသည်။

မြဝတီမြို့အဝင် သဃ်န်းညီနောင် စုပေါင်းစစ်ဆေးရေးဂိတ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး စစ်ဆေးဆောင်ရွက်နေမှုများကို မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ပြည့်စုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ရောဝတီတိုင်းဒေသကြီး၌ ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ဟသ်ာတ စက်တင်ဘာ ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ခရိုင်ခြောက်ခု မြို့နယ် ၂၆ မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**ဆောင်ရွက်**

ယင်းသို့ဆောင်ရွက်ရာတွင် ကျေးရွာ ၃၄၃ ရွာ၌ ရေပေးရေးလုပ်ငန်း ၃၉၀ အတွက် ငွေကျပ် ၂၈၁၆ ဒသမ ၇၆၄၈ သန်း၊ ကျေးရွာ ၂၃ ရွာ၌ ကုန်ထုတ်လမ်း ၂၁ လမ်းအတွက် ၁၅/၂ ဒသမ ၄၀၃ မိုင် ငွေကျပ် ၆၄၃ ဒသမ ၂၁၈ သန်း၊ ကုန်ထုတ်တံတား ၄၅ စင်းအတွက် ၃၇၇ ဒသမ ၇၅ ပေ ငွေကျပ် ၂၁၄ ဒသမ ၂၄၃ သန်း၊ CERP အစီအစဉ်ဖြင့်ဆောင်ရွက်သည့် Cash For Work စီမံကိန်းအား ကျေးရွာ ၂၅၁ ရွာ၌ နိုင်ငံတော်က ထောက်ပံ့ငွေကျပ် သန်း ၂၅၁၀၊ ပြည်သူထည့်ဝင်ငွေ ၂၅၀ ဒသမ ၄၉၉၆ သန်း စုစုပေါင်း ငွေကျပ် ၂၇၆၀ ဒသမ ၄၉၉၆ သန်း ဖြင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း ၃၆၁ ခု၊ ပညာရေးလုပ်ငန်း ခြောက်ခု၊ ရေနှင့်ကျန်းမာသန့်ရှင်းရေးလုပ်ငန်း ၆၅ ခု၊ အဆောက်အအုံလုပ်ငန်း ရှစ်ခု၊ အခြားလုပ်ငန်း ၂၆ ခု စုစုပေါင်း လုပ်ငန်း ၄၆၆ ခုကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ဖြင့် ကျေးရွာ ၁၀၀ တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ သက်မွေးလုပ်ငန်း၊ ကုန်ထုတ်လမ်းနှင့် ရေလုပ်ငန်းများအတွက် ငွေကျပ် သန်း ၂၆၀၀ ထုတ်ချေးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

**လွှဲပြောင်းပေးအပ်**

ယခုအခါ လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးဖြစ်ကြောင်း တိုင်း၊ ခရိုင်၊ မြို့နယ်များမှ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့များက စစ်ဆေးပြီး သက်ဆိုင်ရာ ကျေးရွာကော်မတီဝင်များထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

# ကောလင်းမြို့နယ်၌ ဘိုကာရှီသဘာဝမြေဩဇာပြုလုပ်နည်း လက်တွေ့ပြုလုပ်ပြသ



**ကောလင်း စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ မြို့မနည်းပညာပေးစင်တာအတွင်းရှိဇီးကုန်းကျေးရွာတောင်သူ ဦးမောင်မောင်၏ ရောမင်းစပါးခင်းအနီးတွင် EM ဘိုကာရှီသဘာဝမြေဩဇာပြုလုပ်ခြင်းနှင့် သုံးစွဲပုံသုံးစွဲနည်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများက စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် လက်တွေ့ပြုလုပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကောလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသအတွင်းရှိ တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များကို သဘာဝမြေဩဇာများ လက်တွေ့ပြုလုပ်သုံးစွဲနိုင်ရေးအတွက်လည်းကောင်း၊ မိမိတို့ကိုယ်တိုင် သဘာဝမြေဩဇာပြုလုပ်သုံးစွဲသည့်အလေ့အကျင့်ကောင်းများ ရရှိလာနိုင်စေရေးအတွက်လည်းကောင်း၊ သဘာဝမြေဩဇာသုံးစွဲခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းသောဒေသထွက်ကုန်များရရှိလာနိုင်ရေးအတွက်လည်းကောင်း၊ သဘာဝမြေဩဇာသုံးစွဲခြင်းဖြင့် သီးနှံမျိုးစုံနှင့် အပင်များ၏ ဖွံ့ဖြိုးတိုးတက်လာမှုများ၊ သီးနှံနှင့်အပင်ကို ဖျက်ပိုးများ၏ ဖျက်ဆီးမှုအခြေအနေ၊ ခံနိုင်ရည်ရှိမှုအခြေအနေများကို သိရှိနိုင်ရေးအတွက်လည်းကောင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်း၏ အကျိုးကျေးဇူးများကို သိရှိနိုင်စေရန်အတွက်လည်းကောင်း ရည်ရွယ်၍ ယခုကဲ့သို့ နည်းပညာပေး လက်တွေ့ပြသ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ဒေသအတွင်းရှိ သီးနှံစားသုံးသူများအနေဖြင့်လည်း ဘေးအန္တရာယ်ကင်းရှင်းသော သဘာဝစားသောက်ကုန်သီးနှံများကို စားသုံးနိုင်စေရေးအတွက် ရည်ရွယ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ကောလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောကြားသည်။

ကောလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ယခုကဲ့သို့ သဘာဝမြေဩဇာများ လက်တွေ့ပြုလုပ်နည်းပညာပေးပြသဆောင်ရွက်ခြင်းကို ဒေသအတွင်းရှိ နည်းပညာပေးစင်တာများဖြစ်သော ဥက္ကံနည်းပညာပြန့်ပွားရေးစင်တာ၊ ရွာမနည်းပညာပြန့်ပွားရေးစင်တာ၊ ကျောက်ပြင်သာနည်းပညာပြန့်ပွားရေးစင်တာ၊ ခံသာနည်းပညာပြန့်ပွားရေးစင်တာများရှိ ဒေသများတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

# မိတ္ထီလာ၌ မြေအောက်ရေဖြင့် စိုက်ပျိုးလျက်ရှိသည့် ခရမ်းပင်များ အောင်မြင်ဖြစ်ထွန်း

**မိတ္ထီလာ စက်တင်ဘာ ၂၈**

မိတ္ထီလာမြို့နယ် ဇောင်းချမ်းကုန်းကျေးရွာအုပ်စု ဝွေးတောက်ကုန်းကျေးရွာတွင် မြေအောက်ရေဖြင့်စိုက်ပျိုးလျက်ရှိသည့် ခရမ်းပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မြေအောက်ရေဖြင့် ခရမ်းပင်များကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် ခရမ်းပင်များကို ဇွန်လတတိယပတ်တွင် စိုက်ပျိုးထားရှိကြောင်း၊ ခရမ်းပင်များစိုက်ပျိုးလျှင် ပုံမှန်ရေသွင်းပေးရပြီး မြေအနေအထားပေါ်မူတည်၍ ရေသွင်းပေးရကြောင်း၊ ခြောက်သွေ့ပါက တစ်ပတ်တစ်ခါ ရေသွင်းပေးရကြောင်း၊ အပင်အနေအထားပေါ်မူတည်၍ မြေဩဇာအနည်းငယ်ထည့်ပေးရကြောင်း၊ ခရမ်းပင်များပိုးကျလျှင် ပိုးကျသည့်အနေအထားပေါ်မူတည်၍ ပိုးသတ်ဆေးပက်ဖျန်းပေးရကြောင်း၊ ယခင်နှစ်ကစိုက်ပျိုးသည့် ခရမ်းပင်များမှာ တစ်ပတ်လျှင် ခရမ်းသီးပိဿာ ၅၀၀ ကျော်ထွက်ရှိကာ ဈေးနှုန်းမှာလည်း တစ်ပိဿာကျပ်၅၀၀ ဖြင့် ရောင်းချရသည့်အတွက် အထွက်နှုန်းကောင်းပြီး ဈေးနှုန်းကောင်းမွန်သဖြင့် စီးပွားရေးတွက်ခြေကိုက်ခဲ့ရာ ယခုနှစ်စိုက်ပျိုးထားရှိသော ခရမ်းစိုက်ခင်းမှ ထွက်ရှိမည့် ခရမ်းသီးများ အထွက်နှုန်းနှင့် ဈေးနှုန်းကောင်းမွန်ရန် မျှော်လင့်လျက်ရှိကြောင်း တောင်သူဦးတင်စိုးက ပြောကြားသည်။

မြေအောက်ရေဖြင့် ခရမ်းပင်အပြင် တိုင်ထောင်ပဲ၊ ရုံးပတီများကို စိုက်ပျိုးလျက်ရှိပြီး ထွက်ရှိလာသောအသီးအနှံများကို မိတ္ထီလာဈေးသို့ သွားရောက်ရောင်းချလျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်**
**(မိတ္ထီလာ)**

# ကိုဗစ်-၁၉ ရောဂါကာလအတွင်း ကောက်ရိုးမှိုများ အိမ်အရောက်ပို့စနစ်ဖြင့် ရောင်းချ

**မန္တလေး စက်တင်ဘာ ၂၈**

မန္တလေးမြို့ အမရပူရမြို့နယ်တွင် ကောက်ရိုးမှိုများကို တစ်နှစ်ပတ်လုံးစိုက်ပျိုးလျက်ရှိရာ လက်ရှိ ကိုဗစ်-၁၉ ရောဂါကာလ Stay at Home ပြုလုပ်ထားသည့်အချိန် ကောက်ရိုးမှိုများကို အိမ်အရောက်ပို့စနစ်ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

နွေရာသီနှင့် မိုးရာသီ ကောက်ရိုးမှိုစိုက်ပျိုးရာတွင် အရိပ်ရသည့်သရက်ခြံများထဲတွင် အများဆုံးစိုက်ပျိုးကြသည်။ ကောက်ရိုးမှိုစိုက်ပျိုးသူများမှာ အနည်းဆုံးမှိုပျိုးပုံ ၁၀၀ မှစတင်ကာ စီးပွားဖြစ်စိုက်ပျိုးကြသည်။ ကောက်ရိုးမှိုပျိုးခြင်းလုပ်ငန်းကို အမရပူရမြို့နယ်တွင် ၁၉၉၃ ခုနှစ်မှစတင်ကာ စီးပွားဖြစ်စိုက်ပျိုးလာကြသည်။ ကောက်ရိုးမှိုကို ကောက်ရိုး၊ ကောက်လှိုင်းကုန်ကြမ်းအစား ဂျပ်စက္ကူ၊ မြင်းချေး၊ နွားချေး၊ ဖေဒါတို့ဖြင့် တွင်ကျယ်စွာစိုက်ပျိုးလာခဲ့သည်။ နောက်ပိုင်းတွင် ကုန်ကြမ်းမြင်းချေးရှားပါးလာသောကြောင့် နွားချေး၊ ဂျပ်စက္ကူ၊ ဖေဒါတို့ကို အသုံးပြုကြသည်။ ကောက်ရိုးမှိုသည် အပူအအေးမျှတစေရန် ဆောင်ရွက်ပေးရပြီး ရာသီမရွေးပျိုးနိုင်သည်။ နွေရာသီတွင် အရိပ်ရသောခြံများအတွင်းပျိုးကြပြီး ဆောင်းရာသီတွင် နေပူကွင်းပြင်များ၌ ပျိုးကြသည်။

ကောက်ရိုးမှိုပျိုးပုံတစ်ပုံပြုလုပ်ရန်အတွက် ဂျပ်စက္ကူရှစ်ပိဿာမှ တစ်ဆယ်ပိဿာ၊ နွားချေးလေးတင်းမှ ငါးတင်းခန့်၊ မှိုမျိုးလေးထုပ်၊ ပလတ်စတစ်အကြည်၊ ကောက်ရိုး၊ သက်ငယ်တို့ကို အသုံးပြုကြရသည်။ စတင်ပျိုးသည့်အချိန်မှစကာ ဂရုစိုက်ပေးရပြီး ရက်တိုတိုနှင့် အကျိုးအမြတ်ရရှိသောလုပ်ငန်းဖြစ်သည်။ အမရပူရမြို့နယ်တစ်ဝိုက်တွင် စီးပွားဖြစ်စိုက်ပျိုးကြသည်။ မှိုထွက်နှုန်းမှာ ဆောင်းရာသီတွင်အထွက်နှုန်းများပြီး နွေနှင့်မိုးရာသီတွင် အနည်းငယ် အထွက်လျော့တတ်သည်။

ကောက်ရိုးမှိုပုံ၏ ခြောက်သွေ့မှုနှင့် စိုထိုင်းဆ၊ ရေစုပ်မှုကို ဂရုတစိုက်ကြည့်ကာ ငါးရက်ခန့်တွင် ရေထပ်လောင်းပေးရသည်။ မှိုစတင်ပျိုးသည့်ရက်မှ စတင်ရေတွက်ပါက ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် စတင်ထွက်ရှိသည်။ မှိုထွက်သည့်အခါ ပလတ်စတစ်ကိုလှပ်၍ မှိုကိုအပွင့်အဆင့်မရောက်မီ ခူးပေးကြရသည်။ မှိုတစ်ပုံလျှင် ငါးပိဿာမှ ခုနစ်ပိဿာအထိထွက်ရှိသည်။ မှိုအလုံးအဆင့်သည် ဈေးကွက်ဝင်ပြီး လက်ရှိကာလတွင် မှိုတစ်ပိဿာ ငွေကျပ် ၄၅၀၀ ဖြင့် ရောင်းချလျက်ရှိသည်။ မှိုအပွင့်ကမူ ငွေကျပ် ၂၀၀၀မှ ၂၅၀၀ ခန့်သာရရှိသည်။ ဆောင်းတွင်းပိုင်းတွင် မှိုဈေးနှုန်းပိုမိုတတ်သည်။ မှိုကို တစ်နှစ်ပတ်လုံး ဖောက်သည်ယူရောင်းသူများသည် မှိုပျိုးသည့်နေရာအထိ လာရောက်ဝယ်ယူကြသော်လည်း လက်ရှိကာလတွင် အရောင်းအဝယ်၊ အသွားအလာ အခက်အခဲဖြစ်သည့်အတွက် စိုက်ပျိုးသူများကိုယ်တိုင် အိမ်အရောက်ပို့စနစ်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

မှိုကို စီးပွားဖြစ်ပျိုးသူများပြီး မှိုပုံအနည်းဆုံး ၁၀၀ မှစတင်ကာ ရာသီဥတုနှင့် မှိုဈေးကွက်ကိုကြည့်၍ ပျိုးကြသည်။ ငွေကြေးအရင်းအနှီးအားဖြင့် ငွေကျပ် ၁၀ သိန်းကျော်ရင်းနှီးရသည်။ မှိုပုံတစ်ပုံလျှင် ငွေကျပ် ၁၀၀၀၀ ခန့်ကုန်ကျသည်။ ရက်တိုတိုအတွင်း ငွေဖြစ်လွယ်၍ မှိုဈေးကွက်သည် ခိုင်ခိုင်မာမာရှိပြီး အကျိုးအမြတ်ရှိကြောင်း အမရပူရမြို့နယ်မှ ကောက်ရိုးမှိုပျိုးသူ ကိုကျော်မိုးက ပြောကြားသည်။

**နွေနဒီ(မြစ်ငယ်)**

# မင်းဘူး(စကု)မြို့နယ်၌ တောင်သူများ မြေပဲများ စတင်နုတ်သိမ်း

**မင်းဘူး စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်မှ တောင်သူများ မိုးသီးနှံအဖြစ်စိုက်ပျိုးထားသော မြေပဲသီးနှံများ နုတ်သိမ်းချိန်တန်ပြီဖြစ်၍ စက်တင်ဘာလမှစတင်ကာ သိမ်းဆည်းနေပြီဖြစ်ကြောင်း မင်းဘူး(စကု)မြို့နယ် လက်ပံတောကျေးရွာ တောင်သူများထံမှ သိရသည်။

မင်းဘူး(စကု) မြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း ၆၈ အုပ်စု၊ ကျေးရွာပေါင်း ၁၅၀ ရှိကာ ကျေးလက်နေပြည်သူများမှာ စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြပြီး အချို့ကျေးရွာများရှိ တောင်သူများမှာ ဥယျာဉ်ခြံမြေများ ပြုစုပျိုးထောင်လုပ်ကိုင်ကြကြောင်း၊ စားပင်သီးနှံမျိုးစုံနှင့် နှစ်ရှည်သီးနှံပင်များဖြစ်သည့် သရက်၊ လျှော်ဖြူ၊ သနပ်ခါး၊ မန်ကျည်း၊ ဆီးစသည်တို့ကို စိုက်ပျိုးကြပြီး စက်ရေတွင်းတူး၍ ရေအောင်သည့်ကျေးရွာများတွင် အဆိုပါသီးနှံများကို တစ်နှစ်ပတ်လုံးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ယခုအခါ တောင်သူများသည် မိုးသီးနှံအဖြစ် စိုက်ပျိုးထားသည့် မြေပဲများ အရွက်များဝါလာကာ အပွင့်များကျလာပြီး နုတ်သိမ်းချိန်တန်ပြီဖြစ်၍ စတင်သိမ်းဆည်းနေကြပြီဖြစ်သည်။ ယခင်နှစ်များက မြေတစ်ဧကတင်း ၈၀ ထွက်ရှိကာ တစ်တင်းလျှင် ကျပ် ၁၀၀၀၀ ဈေးရောင်းရသဖြင့် မြေပဲစိုက်တောင်သူများ အဆင်ပြေကြပြီး ယခုနှစ်တွင် မိုးသီးနှံအဖြစ် မြေပဲစိုက်ပျိုးသူများလာကြောင်း၊ ယခုနှစ် မင်းဘူးမြို့၏ မြေပဲဈေးကွက်မှာ တစ်တင်းလျှင် ကျပ် ၁၀၀၀၀ ဝန်းကျင်ရှိသဖြင့် မြေပဲများပေါ်စတွင် အဆင်ပြေနေသေးကြောင်း၊ မိုးဦးတွင် မိုးကောင်းစွာမရွာသော်လည်း မြေပဲအထွက်နှုန်းကောင်းကြောင်း လက်ပံတောကျေးရွာမှ မြေပဲစိုက်တောင်သူ ဦးသောင်းလှိုင်ထွေးက ပြောကြားသည်။



**ဇေယျာထက်**
**(ပြန်/ဆက်)**

# ရေကြီးနစ်မြုပ်၍ ပျက်စီးဆုံးရှုံးသွားသော သီးနှံများအတွက် စပါးမျိုးစေ့များ ပြန်လည်ထောက်ပံ့



**ကွမ်းလုံ စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကုန်းညောင်ကျေးရွာအုပ်စုနှင့် ကောင်းကဲ့ကျေးရွာအုပ်စုတို့တွင် သံလွင်မြစ်နှင့် နမ့်တိန်ချောင်းရေမြင့်တက်လာမှုကြောင့် စိုက်ပျိုးသီးနှံများရေကြီးနစ်မြုပ်ပျက်စီးဆုံးရှုံးခဲ့သည့်အတွက် စပါးမျိုးစေ့များကို စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက ကောင်းကဲ့ကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနက ထောက်ပံ့ပေးအပ်ခဲ့သည်။

ကွမ်းလုံမြို့နယ်တွင် စက်တင်ဘာ ၂၃ ရက်က သံလွင်မြစ်နှင့် နမ့်တင်ချောင်းရေမြင့်တက်လာမှုကြောင့် စပါးစိုက်ခင်းနှင့် အစေ့ထုတ်ပြောင်းစိုက်ခင်းစုစုပေါင်းမြေ ၂၉၇ ဧကနစ်မြုပ်ခဲ့ရာ ၁၅၉ ဒသမ ၃၂ ဧက ပျက်စီးဆုံးရှုံးခဲ့သည်။

ရေနစ်မြုပ်ဆုံးရှုံးခဲ့သော ကုန်းညောင်ကျေးရွာအုပ်စုမှ တောင်သူငါးဦးနှင့် ကောင်းကဲ့ကျေးရွာအုပ်စုမှ တောင်သူ ၁၁၈ ဦးတို့အား တစ်ဧကလျှင် တစ်တင်းခွဲနှုန်းဖြင့် စပါး ၁၅၉ ဒသမ ၃၂ ဧကအတွက် မျိုးစေ့တင်း ၂၄၀ ကိုတောင်သူများလက်ဝယ်အရောက် ထောက်ပံ့ခဲ့ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မိုင်းခိုင်ဇော်(ပြန်/ဆက်)**



## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**မုံရွာ စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီးအဆင့် ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၆/၂၀၂၀)ကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်သည်။

စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသတွင်းကူးစက်ပြန့်ပွားမှုမရှိစေရေး အလေးထား ဆောင်ရွက်ရန်၊ ရောဂါကူးစက်မှု ပိုမိုများပြားလာပါက ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် နယ်မြေဒေသအလိုက် လုံခြုံရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးဆိုင်ရာလုပ်ငန်းများ ကြိုတင်စီမံထားရန် ပြောကြားခဲ့သည်။

**ဆွေးနွေး**

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးနှင့် တက်ရောက်လာသူများက လုပ်ငန်းဆပ်ကော်မတီအလိုက် ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

**ထွန်းကိုကို(ယင်းမာပင်)**

■

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် သဘာဝဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**ဘုတ်ပြင်း စက်တင်ဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ဘုတ်ပြင်းမြို့နယ် ထောင်ခမက်ကျေးရွာအုပ်စု ချောင်းကရုက်ကျေးရွာ၊ ကလန်းချောင်းကျေးရွာနှင့် နို့ငွားကျေးရွာအုပ်စု ချောင်းကဖီးကျေးရွာတို့ရှိ သဘာဝဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေများ သွားရောက်ပေးအပ်ခဲ့သည်။

အဆိုပါကျေးရွာများတွင် စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်ထိ မိုးသည်းထန်စွာရွာသွန်းပြီး ပင်လယ်ဒီရေလှိုင်းရိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့်နေအိမ်များမှ မိသားစုဝင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်က တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ချောင်းကရုက်ကျေးရွာ သဘာဝဘေးကြောင့် နေအိမ်လုံးဝပျက်စီးခဲ့သည် နေအိမ်သုံးလုံး၊ ကလန်းချောင်းကျေးရွာတွင် နေအိမ်တစ်လုံးတို့အတွက် တစ်အိမ်လျှင် ငွေကျပ် ၂၀၀၀၀၀ စီကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နို့ငွားကျေးရွာအုပ်စု ချောင်းကဖီးကျေးရွာသို့သွားရောက်ကာ သဘာဝဘေးဒဏ်ကြောင့် လုံးဝပျက်စီးခဲ့သည့် နေအိမ် ၁၂ လုံးအား တစ်အိမ်လျှင် ငွေကျပ် ၂၀၀၀၀၀ စီနှင့် တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့်နေအိမ် ၁၈ လုံးအား တစ်အိမ်လျှင် ငွေကျပ် ၁၀၀၀၀၀ စီကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းထွန်းဦး(ပြန်/ဆက်)**



## ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် ကူညီအားဖြည့်ဆောင်ရွက်ရန် နေပြည်တော်မှ ကြက်ခြေနီစေတနာလုပ်အားရှင်များ ရောက်ရှိ




**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် ကူညီအားဖြည့်ဆောင်ရွက်နိုင်ရန်အတွက် နေပြည်တော်မှ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယအထွေထွေအတွင်းရေးမှူး ဒေါက်တာတင်ထွန်းအောင်၊ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာလင်းလင်းသက်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမော်၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးကြည်၊ တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှူး ဦးအောင်မင်းမင်းကိုတို့က ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

အဆိုပါ နေပြည်တော်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးမိုးကျော် ဦးဆောင်သည့် နေပြည်တော်ရှိ မြို့နယ်များမှ ကြက်ခြေနီစေတနာလုပ်အားရှင် ၃၅ ဦးသည် လှိုင်မြို့နယ်ရှိ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုရေးစခန်းတွင် ရက်သတ္တနှစ်ပတ်ကြာ ကူညီဆောင်ရွက်ပေးကြမည်ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် ဒေသအသီးသီး၌ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းအောင်(MRCS)**

## ရန်ကုန်မြို့ပတ်လမ်းပိုင်း၌ စက်တင်ဘာ ၂၉ ရက်မှစတင်ကာ ရထားတွဲဆိုင်း သုံးဆိုင်းသာ ပြေးဆွဲမည်

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် ခရီးသွားလာမှု ကန့်သတ်ချက်များကြောင့် ရထားစီးခရီးသည်လျော့နည်းသွားသဖြင့် ရန်ကုန်မြို့ပတ်လမ်းပိုင်း၌ ရထားတွဲဆိုင်းခြောက်ဆိုင်းဖြင့် နေ့စဉ်ပြေးဆွဲလျက်ရှိရာမှ စက်တင်ဘာ ၂၉ ရက်မှစတင်၍ ရထားတွဲဆိုင်း သုံးဆိုင်းသာ ပြေးဆွဲတော့မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ရန်ကုန်မြို့ပတ်ရထားများဖြစ်သော ရန်ကုန်-လှော်ကား လမ်းပိုင်း၌ နံနက်ပိုင်းရုံးချိန်ရထား တစ်စင်းနှင့် ညနေပိုင်းရုံးဆင်းချိန် ရထားတစ်စင်းစီကို ပြေးဆွဲပေးမည်ဖြစ်ပြီး လှော်ကားဘူတာမှ နံနက် ၇ နာရီ ၃၅ မိနစ်တွင် ထွက်ခွာကာ ရန်ကုန်ဘူတာကြီးသို့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ ရန်ကုန်ဘူတာကြီးမှ ညနေ ၅ နာရီတွင် ထွက်ခွာပြေးဆွဲမည့်ရထားမှာ လှော်ကားဘူတာသို့ ညနေ ၆ နာရီ မိနစ် ၄၀ တွင် လည်းကောင်း ရောက်ရှိမည်ဖြစ်သည်။



ရန်ကုန်-မင်္ဂလာဒုံ-အင်းစိန်လမ်းပိုင်း၌ နံနက်ပိုင်းရုံးချိန် ရထားတစ်စင်းနှင့် ညနေပိုင်းရုံးဆင်းချိန် ရထားတစ်စင်းစီကို ပြေးဆွဲပေးမည်ဖြစ်ပြီး အင်းစိန်ဘူတာမှ နံနက် ၇ နာရီ ၂၅ မိနစ်နှင့် မင်္ဂလာဒုံဘူတာမှ နံနက် ၈ နာရီ ၁၀ မိနစ်တွင် ထွက်ခွာပြေးဆွဲမည့်ရထားများမှာ ရန်ကုန်ဘူတာကြီးသို့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ ရန်ကုန်ဘူတာကြီးမှ ညနေ ၅ နာရီ ၄၅ မိနစ်တွင် ထွက်ခွာပြေးဆွဲမည့်ရထားမှာ မင်္ဂလာဒုံဘူတာသို့ ညနေ ၆နာရီ မိနစ် ၅၀နှင့် အင်းစိန်ဘူတာသို့ ည ၇ နာရီ ၃၅ မိနစ်တွင် လည်းကောင်း ရောက်ရှိမည် ဖြစ်သည်။

ရန်ကုန်-ရွာသာကြီးလမ်းပိုင်းတွင်လည်း နံနက်ပိုင်းရုံးချိန်ရထား တစ်စင်းနှင့် ညနေပိုင်းရုံးဆင်းချိန်ရထား တစ်စင်းစီကို ပြေးဆွဲပေးမည်ဖြစ်ပြီး ရွာသာကြီးဘူတာမှ နံနက် ၈ နာရီတွင် ထွက်ခွာပြေးဆွဲမည့်ရထားမှာ ရန်ကုန်ဘူတာကြီးသို့ နံနက် ၉ နာရီတွင် လည်းကောင်း၊ ရန်ကုန်ဘူတာကြီးမှ ညနေ ၅ နာရီ မိနစ် ၂၀ တွင် ထွက်ခွာပြေးဆွဲမည့်ရထားမှာ ရွာသာကြီးဘူတာသို့ ညနေ ၆ နာရီ မိနစ်၂၀ တွင် လည်းကောင်း ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ နေအိမ်တွင်နေထိုင်ရေး မသတ်မှတ်မီက ရန်ကုန်မြို့ပတ်ရထား အစင်းရေ ၃၀ ဖြင့် ပြေးဆွဲပေးခဲ့ရာ တစ်ရက်လျှင် လိုက်ပါစီးနင်းသည့်ခရီးသည် ဦးရေမှာ ၆၀၀၀ ကျော်ရှိခဲ့ပြီး စက်တင်ဘာ ၂၉ ရက်မှစတင်၍ ရထားတွဲဆိုင်း သုံးဆိုင်းဖြင့်သာ ပြေးဆွဲပေးမည်ဖြစ်ရာ ရထားစီးခရီးသွားပြည်သူများ သိရှိစေရန်အတွက် ရထားအချိန်စာရင်း အသေးစိတ်များအား သက်ဆိုင်ရာဘူတာအသီးသီး၌ တစ်ဘူတာချင်းအလိုက် အသိပေးကြေညာပေးထားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**ပွင့်သစ္စာ**

# ရှမ်းပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော မြို့လယ်နမ္မတူမြစ်ကူးတံတားသစ် စက်တင်ဘာလကုန်တွင် ပြီးစီးတော့မည်

**နမ္မတူ စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ်တွင် ရှမ်းပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော မြို့လယ်နမ္မတူမြစ်ကူးတံတားသစ် စက်တင်ဘာလကုန်တွင် တည်ဆောက်ပြီးစီးတော့မည်ဟု တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၄ )မှ သိရသည်။

အဆိုပါ မြို့လယ်နမ္မတူမြစ်ကူးတံတားသစ်မှာ သီပေါ-နမ္မတူ-မန်တုံလမ်းမနှင့် လားရှိုး-နမ္မတူ-မန်တုံးလမ်းမပေါ်တွင်တည်ရှိပြီး နမ္မတူမြို့နယ်မြို့အလယ်တွင် ဖြတ်သန်းစီးဆင်းနေသည့် နမ္မတူမြစ်ပေါ်တွင် နမ္မတူရပ်ကွက်နှင့် ပန်ဟိုက်ရပ်ကွက်တို့ကိုဆက်ကာ တည်ဆောက်ထားသည့် တံတားတစ်စင်းဖြစ်သည်။

မြို့လယ်နမ္မတူမြစ်ကူးတံတားအမျိုးအစားမှာ တံတားအပေါ်ထည် Steel Plate Girder၊ သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်း၊ အောက်ထည် သံကူကွန်ကရစ်တိုင်ကိုယ်ထည်၊ အုတ်မြစ်လေးပေ Spun Pipe, ရှစ်ပေ Well & ၁၂ ပေ Caisson၊ တံတားအရှည် ပေ ၂၈၀၊ တံတားခန်းဖွဲ့ ပေ ၄၀ တစ်ခန်း၊ ပေ ၁၄၀ တစ်ခန်း၊ ပေ ၆၀ တစ်ခန်း၊ ပေ ၄၀ တစ်ခန်း၊ ရေလမ်းကင်းလွတ်အကျယ် ၁၂၈ ပေ၊ ရေလမ်းကင်းလွတ်အမြင့် သုံးပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် သုံးပေ နှစ်ဖက်၊ ခွင့်ပြုယာဉ်အလေးချိန် HL-93 Load Class ဖြတ်သန်းသွားလာခွင့်ရမည်ဖြစ်သည်။

ရှမ်းပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၁၈၇ ဒသမ ၆၅ သန်းဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၄)က တာဝန်ယူ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာလကုန်ပိုင်းတွင် အပြီးတည်ဆောက်ပြီးစီးသွားမည်ဟု တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၄)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသူရသန်းက ပြောသည်။

နမ္မတူမြို့နယ် မြို့လယ်နမ္မတူမြစ်ကူးတံတားသစ် တည်ဆောက်ပြီးစီးပါက တွဲကားများပါ ဖြတ်သန်းခွင့်ရရှိတော့မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုမှာ မန်တုံမြို့နယ်သာမက မုံးပိုးလမ်းကြောင်းပါ သွားလာခွင့်ရမည် ဖြစ်ကာ



နမ္မတူမြို့နယ်နှင့် မန်တုံမြို့နယ်တို့အတွင်းရှိ ဒေသခံ ပြည်သူများ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်၍ ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**လူမော်(ပြန်/ဆက်)**

# ငါးလုံးကုန်းကျေးရွာ စပါးစိုက်ခင်းများအတွင်း မျိုးရိုးဗီဇမြှင့်တင်ထားသည့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၇၅၀၀၀ မျိုးစိုက်ထည့်



**ကျောက်ဆည် စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ပြည်သူများ ငါးစားသုံးခြင်းဖြင့် ကိုယ်လက်ကြံ့ခိုင်သန်မာရေး ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ မျိုးရိုးဗီဇမြှင့်တင်ထားသော ငါးခုံးမကြီးသားပေါက်ကောင်ရေ ၇၅၀၀၀ အား ယနေ့နံနက် ၈ နာရီက ပွတ်တိုင်ကျေးရွာအုပ်စု ငါးလုံးကုန်းကျေးရွာ တောင်သူ ၂၀ ၏ စပါးစိုက်ဧက ၅၀ တွင် ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစေရန်၊ ဒေသတွင်း ငါးသယံဇာတ ပေါများလာစေရန်နှင့် စပါးခင်းများကောင်းမွန်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းကာ ဝင်ငွေပိုမိုတိုးတက်စေရေးအတွက် ခရိုင်ငါးလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ဝင်း၏ ကြီးကြပ်မှုဖြင့် ကူမဲငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစောအောင်ကိုလတ်၊ ဒုဦးစီးမှူး ဒေါ်စပယ်လှိုင်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မြင့်နှင့် ဒေသခံတောင်သူများ ပူးပေါင်းကာ ငါးလုံးကုန်းကျေးရွာ တောင်သူ ဦးခင်မောင်ထွန်းနှင့် တောင်သူ ၂၀တို့၏ စပါးစိုက်ခင်း ဧက ၁၅၀ တွင် ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးမျိုးပြုန်းတီးမှုမရှိစေရေးနှင့် ငါးသယံဇာတတိုးပွားစေရေးအတွက် ငါးသားပေါက်မျိုးများကို မြစ်များ၊ ချောင်းများ၊ ဆည်များနှင့် စပါးခင်းများအတွင်း စိုက်ထည့်ပေးလျက်ရှိရာ ယခုစိုက်ထည့်ပေးခြင်းသည် ရှစ်ကြိမ်မြောက် စိုက်ထည့်ပေးခြင်းဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**သက်မောင်**
**(ပြန်/ဆက်)**

# ဒိုက်ဦးမြို့နယ်၌ CERP အရ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ဒိုက်ဦး စက်တင်ဘာ ၂၈**

ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားမှုကြောင့် ကျေးလက်နေပြည်သူများ ကြုံတွေ့ရသော စီးပွားရေးအခက်အခဲများ ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတော်က ရေးဆွဲဆောင်ရွက်လျက်ရှိသော ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှု အစီအစဉ် (CERP)အရ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာ၌ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ဒိုက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ရှစ်ရွာတွင် Cash For Work စီမံကိန်းထောက်ပံ့ ရန်ပုံငွေ ၈၀ သန်းဖြင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း ၁၉ ခု၊ ရေနှင့် ကျန်းမာသန့်ရှင်းရေးလုပ်ငန်း ငါးခု၊ ပညာရေးလုပ်ငန်း နှစ်ခုနှင့် အခြားလုပ်ငန်းတစ်ခု စုစုပေါင်းလုပ်ငန်း ၂၇ ခုတို့ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လိုအပ်သောနည်းပညာပံ့ပိုးပေးပြီး ယင်းကျေးရွာများရှိ ဒေသခံကျေးလက်နေ ပြည်သူများအား ဝင်ရောက်လုပ်ကိုင်စေ၍ လုပ်အားခပေးချေခြင်းစနစ်ဖြင့် ဇူလိုင်လ စတုတ္ထပတ်မှစတင်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာလ ဒုတိယပတ်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချစ်နှင်းသုန်(ပြန်/ဆက်)**

# ကောလင်းမြို့နယ် ရွှေမင်းဝံလမ်းမကြီး၌ LED မီးတိုင်အသစ် ၁၇ တိုင် စိုက်ထူ

**ကောလင်း စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ရွှေမင်းဝံလမ်းမကြီး၌ နှစ်ဖက်လင်းမီးတိုင် (Double Arm LED) ၁၇ တိုင်ကို စက်တင်ဘာ ၂၆ ရက်က စတင်စိုက်ထူခဲ့ကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ သာမန်အသုံးစရိတ် ရန်ပုံငွေ ၁၂ ဒသမ ၆ သန်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြို့နယ်သို့ထောက်ပံ့ထားသည့် ယာဉ်ယန္တရားများ ငှားရမ်းခရရှိသည့် ရန်ပုံငွေ ၁၈ သန်း စုစုပေါင်း ၂၀ ဒသမ ၆ သန်း ဖြင့် နှစ်ဖက်လင်းမီးတိုင် ၁၇ တိုင် စိုက်ထူခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ နှစ်ဖက်လင်းမီးတိုင်များ စိုက်ထူခြင်းအားဖြင့် မှုခင်းဖြစ်ပွားမှုနှင့် ညအချိန်တွင် ယာဉ်အန္တရာယ်ဖြစ်ပွားမှု လျော့နည်းလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရွှေစက်တော် မန်းချောင်းဆင်စခန်းရှိ ဆင် ၁၃ ကောင်အား အစာဘူဖေး ၁၃ ရက်ကျွေးမည်


**မကွေး စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး မန်းရွှေစက်တော် မန်းချောင်း အပန်းဖြေဆင်စခန်းရှိ ဆင် ၁၃ ကောင်တို့အား ၎င်းတို့ကြိုက်သည့်အစာများကို ဘူဖေးပုံစံခင်းကျင်းကာ ၁၃ ရက်တိုင်တိုင် ကျွေးမွေးသွားမည်ဖြစ်ကြောင်း ဆင်စခန်းတာဝန်ရှိသူထံမှ သိရသည်။

ဆင်များကြိုက်နှစ်သက်သည့် ဖရဲ၊ သခွား၊ ပြောင်း၊ ကြံ၊ ဖရုံ၊ ပြောင်းဖူး၊ ပန်းသီး၊ နာနတ်သီး၊ ငှက်ပျောသီးတို့ကို ဘူဖေးခင်း၍ ကျွေးသွားမည်ဖြစ်သည်။

“ကိုဗစ်-၁၉ ရောဂါကာလမှာ ခရီးသွားလုပ်ငန်းတွေရပ်နားထားရတဲ့အတွက် ဆင်စာကျွေးသူတွေ မရှိတော့ပါဘူး။ လာရောက်လှူဒါန်းသူတွေရှိပေမယ့် နည်းပါတယ်။ တစ်ရက်စာ အနည်းဆုံး ကျပ် ၅၀၀၀၀ ကနေ အများဆုံး ကျပ် ၁၀၀၀၀၀ ထိ လှူဒါန်းနိုင်ပါတယ်။ စက်တင်ဘာ ၂၇ ရက်က စပြီး ဘူဖေး ၁၃ ရက်စာ ငွေကျပ် ၁၃ သိန်းကို ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်က လာလှူခဲ့ပါတယ်'' ဟု ဆင်စခန်းတာဝန်ခံ ကိုအောင်ကိုကိုထက်က ပြောသည်။

မင်းဘူးခရိုင် ပဒေါင်း-ပျော်ဘွယ် ကြိုးပြင်ကာကွယ်တောအတွင်းရှိ ဆင်စခန်းသို့ အထက်စက်တော်ရာသွားသည့်လမ်း ကိုးခန်းကြီးလမ်းခွဲမှ သုံးမိုင်ခရီး၊ ပဒါန်းဒေသအနီး ပုသိမ်-မုံရွာလမ်းမှ ခွဲထွက်သည့် ရှစ်မိုင်လမ်းမှ ငါးမိုင်ခန့် ခရီးအကွာအဝေးရှိကြောင်း၊ အဆိုပါ ဆင်စခန်းသည် ဧက ၁၂၀ ကျယ်ဝန်းပြီး ဆင်စားကျက်သည် ဧက ၇၀၀ အကျယ်ရှိကြောင်း သိရသည်။



ဆင်စခန်းသည် သီးခြားကမ္ဘာလေးတစ်ခုသဖွယ် သာယာလှပပြီး ရှုခင်းအလှကြည့်ရင်း ဆင်အပျော်စီးသူ၊ အလှဓာတ်ပုံရိုက်သူ၊ တောအလှ၊ တောသဘာဝကိုညအိပ်တည်းခိုခံစားလိုသူများအတွက် နေရာကောင်းတစ်ခုဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါအလွန်ကာလတွင် အလည်အပတ်လာရောက်သင့်သည့် နေရာတစ်ခုဖြစ်သည်။

**ဇေယျာတု(မကွေး)**

■

# ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး သာကေတမြို့နယ် ဖျားနာကုဆေးခန်းများ အဆင်ပြေစွာကုသပေးနိုင်ရေး တွေ့ဆုံဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၈**
ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်တွင် ဖျားနာကုဆေးခန်း Fever Clinic ကို မြို့နယ်ဘောလုံးကွင်းတွင် အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ကုသပေးလျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ သံသယ လူနာများအပြင် ဆီးချို၊ သွေးတိုးလူနာများအား ကုသပေးခြင်း၊ တီဘီရောဂါအတွက် ရွှေ့လျားဓာတ်မှန်စက်များဖြင့် အင်္ဂါနေ့တိုင်း အခမဲ့စစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့စစ်ဆေးကုသပေးရာတွင် အခက်အခဲမရှိ အဆင်ပြေစွာ ကုသပေးနိုင်ရေးအတွက် ယမန်နေ့ မွန်းတည့် ၁၂ နာရီက ရန်ကုန် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းသည် သာကေတမြို့နယ် ဖျားနာကုဆေးခန်းတွင် ကုသပေးသော စေတနာ့ဝန်ထမ်းဆရာဝန်များ၊ သူနာပြုများ၊



မြို့နယ်ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းမှ စေတနာ့ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့သည်။

ထို့အပြင် သာကေတမြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါအနံ့ပျောက်လူနာများ ထားရှိနိုင်မည့်နေရာကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း တိုင်းဒေသကြီး လူမှုရေးဝန်ကြီးထံမှ သိရသည်။

**ဆောင်းနှင်းဖြူ (ပြန်/ဆက်)**

# တပ်ကုန်းမြို့နယ်၌ နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များ အခမဲ့ဖြန့်ဝေ

**နေပြည်တော် စက်တင်ဘာ ၂၈**
နေပြည်တော် တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာအုပ်စုအတွင်းရှိ ငါးရက်လျှင် တစ်ကြိမ်ဖွင့်လှစ်သော ညောင်လွန့်ဈေးသို့ လာရောက်ကြသည့် ဈေးရောင်းဈေးဝယ်ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ယနေ့နံနက်ပိုင်းက ဒို့တပ်ကုန်းအဖွဲ့က နှာခေါင်းစည်းနှင့် လက်သန့် ဆေးရည်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေနှင့် ကျန်းမာရေးညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရေး လက်ကိုင်စပီကာဖြင့် ဈေးအတွင်းလှည့်လည်၍ အသိပေးကြေညာခြင်း၊ နှာခေါင်းစည်း အခုရေ ၁၀၀၀ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# နတ်မောက်မြို့ အဝင် / အထွက်ဂိတ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**နတ်မောက် စက်တင်ဘာ ၂၈**
ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကူးစက်မှုမရှိစေရေးအတွက် နတ်မောက်မြို့အဝင်/အထွက် စစ်ဆေးရေးဂိတ်များတွင် မဖြစ်မနေခရီးသွားလာနေရသည့် ပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကိုယ် အပူချိန်တိုင်းတာခြင်းတို့ကို နေ့စဉ် ဆောင်ရွက်လျက်ရှိသည်။

နတ်မောက်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးရေးဂိတ်သုံးနေရာထားရှိပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများဖြင့် စစ်ဆေးဂိတ်တစ်ခုလျှင် တာဝန်ကျဝန်ထမ်းကိုးဦးဖြင့် နေ့စဉ် ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ပပခိုင်(ပြန်/ဆက်)**

# ရေတာရှည်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေး နှာခေါင်းစည်းမဝတ်သူများအား အရေးယူ



**ရေတာရှည် စက်တင်ဘာ ၂၈**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တစ်ခုလုံး ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိလိုက်နာစေရန်ရည်ရွယ်၍ ယနေ့ နံနက်ပိုင်းက ရေတာရှည်၊ ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီမြို့များတွင် နှာခေါင်းစည်း မဝတ်သူများအား အရေးယူခြင်းကို တစ်ပြိုင်တည်း စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်၊ ကြက်ခြေနီ၊ စည်ပင်သာယာရေးဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ရန်ကုန်-မန္တလေးကားလမ်း၊ စည်ပင်သာယာဈေးနှင့် လူစည်ကားရာနေရာများတွင် ဆောင်ရွက်ခြင်းဖြစ်ပြီး နှာခေါင်းစည်းဝတ်ဆင်ခြင်းမရှိသည့် ယာဉ်မောင်းများ၊ ဆိုင်ကယ်စီးနင်းသူများ၊ အခြားသောသွားလာနေကြသူများအား တစ်ဦးလျှင် ဒဏ်ငွေကျပ် ၃၀၀၀ ပေးဆောင်စေခြင်းဖြစ်သည်။

"ရောဂါထိန်းချုပ်ကာကွယ်နိုင်ရေးအတွက် ဒါဟာလုပ်ကိုလုပ်ရမှာပါ၊ ဈေးကွက်ထဲမှာ နှာခေါင်းစည်းတွေ ဈေးပေါပေါနဲ့ဝယ်ယူလို့ရနေပေမယ့် စည်းကမ်းမလိုက်နာချင်သူတွေကြောင့် ရောဂါကူးစက်မှုကို အားပေးသလိုဖြစ်နေတာပါ" ဟု ရေတာရှည်မြို့ခံ တစ်ဦးက ပြောသည်။

ယခုကဲ့သို့ အရေးယူဆောင်ရွက်ခြင်းကြောင့် ခရီးသွားလာကြသူ ရာနှုန်းပြည့်နီးပါး နှာခေါင်းစည်းများဝတ်ဆင်လာသည်ကို နေရာအနှံ့တွင်တွေ့ရှိရပြီး အရေးယူဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်**
**(ဆွာ)**



# မိုးမောက်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မိုးမောက် စက်တင်ဘာ ၂၈**
ကချင်ပြည်နယ် မိုးမောက်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင် ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မြို့နယ်အဝင် မံပုံကျေးရွာ၌ စက်တင်ဘာ ၂၆ ရက်မှစ၍ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ကျန်းမာရေးစစ်ဆေးခြင်း၊ ဖြတ်သန်းသွားလာသူများ၏ အမည်စာရင်းမှတ်ခြင်းတို့ကို ဂိတ်အသစ်ဖွင့်လှစ် ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်အတွင်း အဓိကဝင်ရောက်နိုင်သည့် မြို့ပြင်နေရာဖြစ်သည့် ဗန်းမော်-မြစ်ကြီးနားကားလမ်း မံပုံလမ်းဆုံနေရာတွင် နေ့စဉ်ဝင်ရောက်လာသူများအား ကိုယ်အပူချိန်တိုင်းတာ၍ ကျန်းမာရေးစစ်ဆေးခြင်း၊ နှာခေါင်းစည်းများဝတ်ဆင်သွားလာကြစေရန် အသိပညာပေးခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ လိုက်နာကြရန်မှာကြားခြင်း၊ မိုးမောက်မြို့နယ်ပြင်ပမှ ဝင်ရောက်လာသည့်ပြည်သူများအား စနစ်တကျ မှတ်တမ်းကောက်ယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လွန်းနန်းထွေး (ပြန်/ဆက်)**

# ကျောက်ကြီးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလှုပ်ရှားမှုဆောင်ရွက်

**ကျောက်ကြီး စက်တင်ဘာ ၂၈**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့၌ ယနေ့ နံနက် ၈ နာရီက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်ခဲ့သည်။

မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူ၏စီစဉ်မှုဖြင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး မင်းမြတ်ဖုန်းဦးဆောင်ကာ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သော်ဇင်အောင်နှင့် ဌာနဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ (Karen Development Network)ကရင်ဖွံ့ဖြိုးတိုးတက်ရေးအသင်း မြို့နယ်အဖွဲ့ဝင်များ ပါဝင်ကြပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့်ပတ်သက်၍ အသိပညာ ပိုမိုတိုးပွားစေရန်နှင့် ဆောင်ရန်၊ ရှောင်ရန်များကို သိရှိနိုင်စေရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို ကြေညာခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ကိုဗစ်-၁၉ရောဂါအသိပညာပေးပိုစတာများကပ်ခြင်းကို ကျောက်ကြီးမြို့နယ်အတွင်းရှိ လူစည်ကားရာ လမ်းဆုံလမ်းခွများ၊ ဈေးဆိုင်များ၊ ဈေးများတွင် ဆောင်ရွက်ခဲ့ကြပြီး နှာခေါင်းစည်း ၁၅၀၀ အား အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို လိုက်နာခြင်းအားဖြင့် ပြည်သူတစ်ဦးမှ တစ်ဦး၊ တစ်အိမ်မှ တစ်အိမ်၊ ရပ်ကွက်တစ်ခုမှ တစ်ခု ထိုမှတစ်ဆင့် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုမှ တစ်ခု ရောဂါကူးစက်ပြန့်ပွားမှုများမဖြစ်ပွားစေရန် ကူညီရာရောက်သည့်အပြင် စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် အဘက်ဘက်သောကဏ္ဍများ၌ ဖွံ့ဖြိုးမှုအရှိန်ကို ပြန်လည်ရရှိနိုင်စေရန်ရည်ရွယ်၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

**ကိုသားကြီး**
**(ကျောက်ကြီး)**



## ပထမအကြိမ် မဲပေးမည့်လူငယ်များအား ပြည်သူ့နီတိနှင့် ဆန္ဒမဲပေးပုံ အသိပညာပေး

**ထားဝယ် စက်တင်ဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ပန်းတင်အင်းကျေးရွာရှိဓမ္မာရုံ၌ စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ကလျာဏမိတ္တ ပရဟိတဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ပထမအကြိမ် မဲပေးမည့်လူငယ်များအား ပြည်သူ့နီတိနှင့် ဆန္ဒမဲပေးပုံ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မင်းက အမှာစကားပြောကြားပြီး ကလျာဏမိတ္တ ပရဟိတဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးအောင်သူရလင်းက ပထမအကြိမ်မဲပေးမည့်လူငယ်များအား ပြည်သူ့နီတိနှင့် နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ၊ လွှတ်တော်အဆင့်ဆင့်ရွေးချယ်တင်မြှောက်မှု၊ မဲပေးခြင်းဆိုင်ရာ အသိပညာပေးခြင်း၊ မဲစာရင်းကြည့်ရှုခြင်း၊ ပယ်မဲ၊ ခိုင်လုံမဲ၊ ကြိုတင်မဲ၊ ကိုဗစ်-၁၉ ရောဂါကာလအတွင်း လက်တွေ့သရုပ်ပြ မဲပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာအကြောင်းအရာများကို အသိပညာပေး ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအသိပညာပေးခြင်းတွင် တက်ရောက်လာကြသူများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပူတာအို၌ အွန်လိုင်းမှတစ်ဆင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆွေးနွေး

**ပူတာအို စက်တင်ဘာ ၂၈**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ပူးပေါင်းမှုဖြင့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အွန်လိုင်းမှတစ်ဆင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကို စက်တင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းက ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။




ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သူဇာက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နေသည့် ကာလအတွင်း ပြည်သူများအား အွန်လိုင်းမှတစ်ဆင့် ဗဟုသုတဖြစ်စေရန်ရည်ရွယ်၍ ဆွေးနွေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ်တွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဖီရမ်က ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား စံငါးချက်နှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ရွေးကောက်ပွဲဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကာ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူး ဒေါ်အိအိဖြိုးက မဲစာရင်းပြုစုခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုနှင့် မဲပေးခြင်း ဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးခဲ့ကြသည်။

ပူတာအိုခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၉၈ ခု၊ မဲရုံပေါင်း ၁၃၈ ရုံတွင် ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာချက်အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၆၀၂၅၇ ဦးရှိပြီး နိုင်ငံရေးပါတီရှစ်ပါတီတို့မှ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပြန်/ဆက်)**

## မြင်းခြံခရိုင်အတွင်းရှိ သက်ကြီးရွယ်အိုများအား ထောက်ပံ့သွားမည်

**မြင်းခြံ စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းရှိ အသက် ၈၀ နှင့် ၈၅ နှစ်အတွင်းရှိ သက်ကြီးရွယ်အိုဘိုးဘွားများအား ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ဘိုးဘွားတစ်ဦးလျှင် ကျပ် ၃၀၀၀၀ စီ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ သိရသည်။

"ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ လူမှုရေးပင်စင် မခံစားရသေးတဲ့ အသက် ၈၀ နဲ့ ၈၅ နှစ်အတွင်း သက်ကြီးဘိုးဘွားတွေကို ကျပ် ၃၀၀၀၀ စီ ထောက်ပံ့ပေးအပ်သွားမှာဖြစ်ပြီး တစ်ကြိမ်သာ ထောက်ပံ့ပေးအပ်သွားမှာဖြစ်ပါတယ်"ဟု ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမောက်ဆိုင်က ပြောကြားသည်။

မြင်းခြံခရိုင်အတွင်းကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ အသက် ၈၀ နှင့် ၈၅ နှစ်အတွင်းရှိ သက်ကြီးရွယ်အိုဘိုးဘွား ၇၃၉၈ ဦးရှိပြီး အောက်တိုဘာလဆန်းပိုင်းတွင် စတင်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(ပြန်/ဆက်)**

## ပခုက္ကူမြို့နယ်၌ ၂၀၂၀ ရွေးကောက်ပွဲနှင့် သူတို့၏အမြင်ခေါင်းစဉ်ဖြင့် စကားဝိုင်းပြုလုပ်



**ပခုက္ကူ စက်တင်ဘာ ၂၈**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး၊ ရွေးကောက်ပွဲတွင် ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းရရှိရေးနှင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်တားဆီးရေးနည်းလမ်းများနှင့်အညီ မဲရုံများထားရှိရေးနှင့် မဲဆန္ဒရှင်ပြည်သူများလာရောက်မဲပေးနိုင်ရေးတို့အတွက် ရည်ရွယ်ကာ ၂၀၂၀ ရွေးကောက်ပွဲနှင့် သူတို့၏အမြင် စကားဝိုင်းကို စက်တင်ဘာ ၂၇ ရက် ညနေပိုင်းက ပခုက္ကူမြို့နယ် ကိုးပင်ကျေးရွာ ယောင်းမစွန်ခန်းမ၌ ပြုလုပ်သည်။

စကားဝိုင်းတွင် ပခုက္ကူမြို့ Sky Net သတင်းတာဝန်ခံ ကိုသော်တာထက်က ၂၀၂၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အနုပညာရှင်များနှင့် ပြည်သူလူထုများ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ကိုဗစ်-၁၉ ရောဂါကာလအတွင်း ရွေးကောက်ပွဲအတွက် အကျိုးသက်ရောက်မှုရှိ/မရှိ အခြေအနေတို့အပေါ် သဘောထားအမြင်များမေးမြန်းရာ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်ဌေးအောင်၊ ပခုက္ကူမြို့နယ် အနာဂတ်အလင်းရောင် လူငယ်ဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးရဲထွဋ်၊ ပခုက္ကူမြို့ Guardian Network Founder ဦးလင်းသူအောင်၊ ပခုက္ကူမြို့ လူငယ်ဖွံ့ဖြိုးရေးအသင်းအကြံပေး ဦးတင့်ဇော်ဟိန်း၊ အဆိုတော် ဇွဲပြည့်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

**ဆလိုင်းကိုကီး**

## ရေဘေးကယ်ဆယ်ရေးတွင် ပါဝင်ကူညီခဲ့ကြသော အရန်မီးသတ်တပ်ဖွဲ့ဝင်များအား စားသောက်ကုန်များထောက်ပံ့

**မြန်အောင် စက်တင်ဘာ ၂၈**

မြန်အောင်မြို့ ရေဘေးကယ်ဆယ်ရေးတွင် ပါဝင်ကူညီခဲ့ကြသော မြန်အောင်မြို့နယ် ညောင်မြစ်ဆွဲ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းက ညောင်မြစ်ဆွဲ အရန်မီးသတ်ရုံးတွင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတကလေးများဂေဟာ ပရဟိတမျောက်ချောကုန်းကျောင်းတိုက်ဆရာတော် အရှင်ပညာစာရနှင့် မြန်အောင်မြို့ ကြယ်ငါးကောက်သူများအဖွဲ့တို့က စားသောက်ကုန်များ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး သတ်မှတ်စည်းကမ်းချက်များအတိုင်း ပရဟိတမျောက်ချောကုန်း ကျောင်းတိုက်ဆရာတော် အရှင်ပညာစာရက အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးတို့အား တစ်ဦးလျှင် ဆန်ခြောက်ပြည်၊ ဆီတစ်လီတာ၊ ငွေကျပ် ၅၀၀၀ နှင့် မြန်အောင်မြို့ ကြယ်ငါးကောက်သူများအဖွဲ့ (StarFish Pickers) မှ ဦးသောင်းထွဋ်ဦးဆောင်သောအဖွဲ့က ဒန်ပေါက်တစ်ဘူးနှင့် အချိုရည်တစ်ဘူးတို့ကို စနစ်တကျ လှူဒါန်းပေးခဲ့ကြသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**



## ပင်လည်ဘူးမြို့၌ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲပုံးများရောက်ရှိ

**ပင်လည်ဘူး စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့၌ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲပုံး ၉၈၇ ပုံး ရောက်ရှိလာပြီဖြစ်ကာ အဆိုပါဆန္ဒမဲပုံးများကို ရပ်ကွက်/ကျေးရွာများရှိ မဲရုံများသို့ ခွဲဝေဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

ပင်လည်ဘူးမြို့နယ်၌ ၂၀၂၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပါတီပေါင်း ခြောက်ခု၊ မဲဆန္ဒရှင်ပေါင်း ၈၃၆၆၀ ရှိပြီး မဲရုံပေါင်း ၁၂၈ ရုံ လျာထားဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ မဲရုံမှူးနှင့် အဖွဲ့ဝင်ပေါင်း ၁၉၉၂ ဦးကိုလည်း ဖွဲ့စည်းတာဝန်ချထားပြီးဖြစ်ကြောင်း သိရသည်။

**မျိုးလွင်(ပြန်/ဆက်)**



## ကိုဗစ်-၁၉ ရောဂါ စီးပွားရေးကုစားမှုအစီအစဉ်အရ သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေပေးအပ်

**လှိုင်းဘွဲ့ စက်တင်ဘာ ၂၈**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါ စီးပွားရေးကုစားမှုအစီအစဉ်အရ အသက် ၈၀ နှင့် ၈၅ နှစ်အတွင်း သက်ကြီးဘိုးဘွားများအား ယမန်နေ့က ပိန္နဲတောကျေးရွာ၌ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောချစ်ဦး၊ ပိန္နဲတောကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျောက်တိုင်နှင့် ရပ်မိရပ်ဖများက ကိုဗစ်-၁၉ ကာလအတွင်း စီးပွားရေးကုစားမှုအစီအစဉ်အရ မိသားစုစားဝတ်နေရေးအဆင်ပြေစေရန် ရည်ရွယ်၍ အသက် ၈၀ နှင့် ၈၅ နှစ်အတွင်းရှိ သက်ကြီးဘိုးဘွားများအား တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် အဘိုးခုနစ်ဦးနှင့် အဘွားလေးဦး စုစုပေါင်း ၁၁ ဦးတို့အား ထောက်ပံ့ငွေများ အိမ်တိုင်ရာရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်း



အား ကမ်းလက်များပရဟိတမိသားစုအဖွဲ့မှ တာဝန်ရှိသူများ၊ အဖွဲ့ဝင်များက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

**မိတ္ထီလာ စက်တင်ဘာ ၂၈**

မိတ္ထီလာမြို့နယ်ကျေးလက်ဒေသများရှိ ဘုန်းတော်ကြီးကျောင်းနှင့် တောရကျောင်း စုစုပေါင်း ၄၀ ရှိ သံဃာတော်များအား ကမ်းလက်များပညာရေးနှင့် ကျန်းမာရေးပရဟိတမိသားစုအဖွဲ့နှင့် စေတနာရှင်၊ အလှူရှင်များ ပူးပေါင်း၍ ငွေကျပ် ၄၁ သိန်းကျော်တန်ဖိုးရှိ ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ယမန်နေ့က သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကိုဗစ်-၁၉ ရောဂါကာလမှာ မိတ္ထီလာမြို့နယ်အတွင်းက ကျေးလက်ဒေသတွေမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းတွေ၊ တောရကျောင်းတွေမှာ သီတင်းသုံးနေကြတဲ့ သံဃာတော်တွေ ဆွမ်းနဲ့ လှူဖွယ်ပစ္စည်းတွေ အခက်အခဲမရှိစေဖို့အတွက် ဒေသခံ စေတနာရှင်၊ အလှူရှင်တွေရဲ့ စုပေါင်းပါဝင်လှူဒါန်းမှုကို ကမ်းလက်များပညာရေးနဲ့ ကျန်းမာရေးပရဟိတမိသားစုအဖွဲ့ဝင်တွေက ကိုဗစ်-၁၉ ရောဂါ စည်းကမ်းသတ်မှတ်ချက်နဲ့အညီ ကျေးရွာတွေက ဘုန်းတော်ကြီးကျောင်းတွေအရောက် ဆန်၊ ဆီ၊ ဆပ်ပြာ၊ လက်ဖက်ခြောက်နဲ့ နှာခေါင်းစည်းတွေ သွားရောက်လှူဒါန်းတာပါ။ ကျွန်တော်တို့ ကမ်းလက်များ ပညာရေးနဲ့ ကျန်းမာရေးပရဟိတအဖွဲ့ဝင်တွေရဲ့လှူဒါန်းမှုတွေလည်း ပါဝင်ပါတယ်။ နောက်ထပ်ကျန်ရှိနေသေးတဲ့ မိတ္ထီလာမြို့နယ်အတွင်းက ဘုန်းတော်ကြီးကျောင်းတွေမှာ ဝါဆိုဝါကပ်တော်မူနေကြတဲ့ သံဃာတော်တွေကိုလည်း ဆက်လက်လှူဒါန်းသွားဖို့ အစီအစဉ်ရှိပါတယ်" ဟု ကမ်းလက်များ ပညာရေးနှင့် ကျန်းမာရေးပရဟိတအဖွဲ့မှ ကိုတင်မောင်စိုးက ပြောကြားသည်။

မိတ္ထီလာမြို့နယ်အတွင်းရှိ သီးကုန်း၊ မကျီးတန်း၊ ရေဝေ၊ ဆူးရစ်တန်း၊ တဲလှ၊ အုံတုံရွာသစ်၊ အုံတုံရှေ့၊ ငွေ့အိုင်၊ ရွာတန်းရှည် စသည့်ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်း ၄၀ သို့ ဆန်အိတ် ၇၉ အိတ်၊ ဆီငါးပိဿာပုံး ၇၁ ပုံး၊ ကြက်ဥ၊ လက်ဖက်ခြောက်၊ ဆပ်ပြာမှုန့်ထုပ်နှင့် နှာခေါင်းစည်းများ

# လှိုင်မြို့နယ်၌ စည်ပင်သာယာဝန်ထမ်းများနှင့် သန့်ရှင်းရေးဝန်ထမ်းများအား ဆန်၊ ဆီနှင့် မုန့်များလှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်တွင် မြို့နယ်ကိုဗစ်-၁၉ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီအဖွဲ့များက မြို့နယ်အတွင်း ရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရေး၊ ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် မြေပြင်တွင် ထိတွေ့ဆောင်ရွက်နေရသူများ အဆင်ပြေစေရေးတို့အတွက် ပိုးတွေ့လူနာများထားရှိရာ ကန့်သတ်စောင့်ကြည့်စခန်းများတွင် တာဝန်ထမ်းဆောင်နေကြရသော စည်ပင်သာယာမှ တာဝန်ရှိဝန်ထမ်းများ၊ သန့်ရှင်းရေးဝန်ထမ်းများ စုစုပေါင်း ၁၆၀၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၄၀ တို့အား အလှူရှင်များမှ လှူဒါန်းထားသော ဆန်ခြောက်ပြည်ပါ ဆန်အိတ် အလုံး ၂၀၀ နှင့် M-PRIDE ကုမ္ပဏီမှ လှူဒါန်းထားသော မုန့်မျိုးစုံနှင့် ဆီဘူး ၂၀၀ တို့အား ကိုဗစ်-၁၉ ကော်မတီဝင်များနှင့် အလှူရှင်များက ယမန်နေ့ နံနက်ပိုင်းတွင် လှိုင်မြို့နယ် စည်ပင်သာယာ ရုံး၌ ဝန်ထမ်းများလက်ဝယ်အရောက် လှူဒါန်းခဲ့ ကြောင်း သိရသည်။

လှိုင်မြို့နယ်အတွင်း Stay at Home ကာလတွင် စည်ပင်သာယာရေးဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ မိသားစုများအနေဖြင့် စားသောက်ရေးအတွက် အခက်အခဲမရှိစေရန် ရည်ရွယ်၍ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**ကြည်ဇေသော် (ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်းနှင့်ဆပ်ပြာများ လှူဒါန်း

**နတ်မောက် စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့အဝင်/အထွက် စစ်ဆေးဂိတ်များတွင် ကိုဗစ်-၁၉ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်းနှင့် ဆပ်ပြာခဲများကို စက်တင်ဘာ ၂၆ ရက်က လိုက်လံလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက နတ်မောက်မြို့နယ်တွင် လှူဒါန်းရန်ပေးထားသည့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ၊ နှာခေါင်းစည်းနှင့် ရွှေဝါဆပ်ပြာများကို နတ်မောက်မြို့ စိတ်ဓာတ်ဖြူစင်ကရုဏာရှင်လူမှုကူညီရေးအသင်းအဖွဲ့ဝင် ဦးဆန်းထူးဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့အား တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ သုံးစုံ၊ နှာခေါင်းစည်းနှစ်ထုပ်နှင့် ရွှေဝါဆပ်ပြာငါးတောင့်တို့ကို လှူဒါန်းပြီး မြို့အဝင်/အထွက် စစ်ဆေးရေးဂိတ်သုံးဂိတ်၊ ရွာမွန်ကျေးရွာ စစ်ဆေးရေးဂိတ်နှင့် ရွာတော်ကျေးရွာစစ်ဆေးရေးဂိတ်များတွင် တစ်ဂိတ်လျှင် နှာခေါင်းစည်းနှစ်ထုပ်နှင့် ရွှေဝါဆပ်ပြာတောင့်သုံးတောင့်စီ လိုက်လံလှူဒါန်းခဲ့ကြောင်း သိရသည်။ **လှဝင်း(နတ်မောက်)**

# ဒုတိယအကြိမ် ကိုဗစ်-၁၉ ချေးငွေ ပထမအသုတ်တွင် ငွေကျပ် ဘီလီယံ ၂၀ ကျော် ခွင့်ပြုထုတ်ပေးမည်

**ရန်ကုန် စက်တင်ဘာ ၂၈**

ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်မှုရှိသော နိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်းများအတွက် ဒုတိယအကြိမ်အတိုးနှုန်းသက်သာသည့် ချေးငွေပထမအသုတ်အဖြစ်လုပ်ငန်း ၁၀၄၁ ခုအား ကိုဗစ်-၁၉ Fund မှ ချေးငွေထုတ်ယူခွင့်ပြုကြောင်း ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့်စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ ထုတ်ပြန်ချက်အရ သိရသည်။

ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် ချေးငွေထုတ်ယူခွင့်ရရှိသူများအား ကော်မတီ၏ ခွင့်ပြုအမိန့်စာရရှိလာသည့်အခါ ထုတ်ပေးနိုင်ရေးနှင့် ဘဏ်လုပ်ငန်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ချေးငွေထုတ်ပေးနိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များ စီစဉ်ဆောင်ရွက်ရမည့်နေ့ရက်ကို UMFCCI Facebook Page နှင့် Website တွင် အသိပေးကြေညာမည်ဖြစ်ကြောင်း၊ ထို့ပြင် သက်ဆိုင်ရာကုမ္ပဏီများသို့လည်း ဆက်သွယ်အကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကြောင့် Stay at Home ကာလ လုပ်ငန်းဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုတစ်စုံတစ်ရာရှိခဲ့ပါက နားလည်မှုပေးရန် ကုန်သည်စက်မှုအသင်းချုပ်က မေတ္တာရပ်ခံထားသည်။

ဒုတိယအကြိမ် ကိုဗစ်-၁၉ ချေးငွေ ပထမအသုတ်အတွက် ကျပ် ၂၀ ဒသမ ၇၇၇၅ ဘီလီယံထုတ်ပေးမည်ဖြစ်ပြီး ဘဏ်တစ်ခုခု၌တရားစွဲဆိုခံထားရသည့် လုပ်ငန်းဖြစ်ပါက ချေးငွေထုတ်ပေးမည်မဟုတ်ကြောင်း သိရသည်။

ကျန်ရှိသည့်လျှောက်လွှာများကို ချေးငွေများဆက်လက်ထုတ်ပေးနိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်သူရ**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကျန်းမာရေးစစ်ဆေးခြင်းနှင့် ခရီးသွားလာမှုမှတ်တမ်းရယူ

**မြင်းမူ စက်တင်ဘာ ၂၈**

မြင်းမူမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်လွင်နှင့် တာဝန်ရှိသူများသည် မြင်းမူမြို့အဝင်တွင် ဖွင့်လှစ်ထားရှိသည့် စစ်ဆေးရေးဂိတ်တွင် ခရီးသွားများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ခရီးသွားလာမှုမှတ်တမ်းများရယူဆောင်ရွက်နေမှုကို စစ်ဆေးလျက်ရှိသည်။

မြို့တွင်းသို့ဝင်ရောက်ကြမည့် ခရီးသွားပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ နေရပ်လိပ်စာရယူခြင်း၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်များရယူခြင်းတို့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနတို့က ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးဌာနမှ ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်းနှင့် လုံခြုံရေးဆိုင်ရာများနှင့်ပတ်သက်၍ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့်အတူ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားလျက်ရှိသည့် အခြားနေရာများမှ မိမိမြို့သို့ ပြန်လည်ဝင်ရောက်လာပါက မြင်းမူမြို့ တိုင်းရင်းဆေးရုံတွင်ဖွင့်လှစ်ထားရှိသည့်ကန့်သတ်စောင့်ကြည့်စခန်းသို့ ဝင်ရောက်ရမည်ဖြစ်ကြောင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းများ ခံယူရမည်ဖြစ်ကြောင်း သိရသည်။ **အောင်စိုးဖေ(မြင်းမူ)**

# နောင်ချိုမြို့ ကုန်တင်ကုန်ချအဖွဲ့မှ အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့



**နောင်ချို စက်တင်ဘာ ၂၈**

ကျောက်မဲခရိုင် နောင်ချိုမြို့ ကုန်တင်ကုန်ချအဖွဲ့မှ လုပ်သားအိမ်ထောင်စုများအား ယမန်နေ့ ညနေပိုင်းက ဈေးရပ်ကွက် မြို့လယ်ဓမ္မာရုံ၌ အခြေခံစားသောက်ကုန်များ ထောက်ပံ့ခဲ့သည်။

နောင်ချိုမြို့ ဦးလှိုင်ဌေးဦးမိသားစုနှင့် စုံနံ့သာပရဟိတအဖွဲ့တို့ပူးပေါင်း၍ အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ပြည်၊ ဆီတစ် ပိဿာနှုန်းဖြင့် ကုန်တင်ကုန်ချလုပ်သား အိမ်ထောင်စု ၅၁ စုတို့အား ထောက်ပံ့လှူဒါန်းခဲ့ခြင်းဖြစ်သည်။

နောင်ချိုမြို့နယ် ဈေးရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြတ်မိုးအောင်၏ဦးဆောင်မှု၊ အလှူရှင်များ၏ လှူဒါန်းမှုတို့ဖြင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း အခြေခံလူတန်းစားများနှင့် နေ့စားလုပ်သားများ၏ စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ရစေရန်အတွက် ရပ်ကွက်အတွင်း အလှည့်ကျစနစ်ဖြင့် လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ထွေးငယ်(ပြန်/ဆက်)**

ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀)ပြည့် ဂုဏ်ပြုဆောင်းပါး

# ဒို့တက္ကသိုလ်တွေ အဆင့်မြင့်ဖို့ ဝိုင်းဝန်းကြိုးပမ်းကြပါစို့

ပါမောက္ခဒေါက်တာမြင့်သိန်း
(မွေး/ရေ/ကျေးလက်)



**“ဒုတိယအကြိမ်မြန်မာတက္ကသိုလ်များသုတေသနစာတမ်းဖတ်ပွဲ ၂၀၂၀”** ကို ၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိပညာရပ်နယ်ပယ်၉ရပ်ဖြင့် အုပ်စုခွဲပြီး ကျင်းပနိုင်ခဲ့ပါတယ်။ ပညာရပ်နယ်ပယ် ၉ ရပ်တို့မှာ (၁) သစ်တော၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်၊ (၂) ဝိဇ္ဇာပညာရပ်၊ (၃) စီးပွားရေးပညာရပ်၊ (၄) ကွန်ပျူတာနည်းပညာရပ်၊ (၅) ဆရာအတတ်ပညာရပ်၊ (၆) အင်ဂျင်နီယာနှင့်နည်းပညာရပ်၊ (၇) ဘာသာ၊ ယဉ်ကျေးမှုနှင့် အနုပညာရပ်၊ (၈) ဆေးနှင့်နီးနွယ်ပညာရပ်၊ (၉) သိပ္ပံပညာရပ် စသည်တို့ ဖြစ်ကြပါတယ်။ ဒီနှစ်ကျင်းပတဲ့ တက္ကသိုလ်များသုတေသနစာတမ်းဖတ်ပွဲရဲ့ ဦးတည်ချက်ဆောင်ပုဒ်က **“နိုင်ငံတော် သာယာဝပြောမှုကိုဦးတည်သော အရည်အသွေးရှိ သုတေသန”** ဖြစ်ပါတယ်။ ကိုဗစ်-၁၉ အခက်အခဲကာလမှာ ကျန်းမာရေးညွှန်ကြားချက်စည်းမျဉ်းတွေနဲ့အညီ အင်တာနက်အသုံးပြုပြီး ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အခမ်းအနားဖွင့်ပွဲ၊ စာတမ်းဖတ်ပွဲ၊ အခမ်းအနား ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲတွေကို အောင်အောင်မြင်မြင် ဦးစီးပူးပေါင်းကျင်းပပေးသွားခဲ့ကြတဲ့ အမျိုးသားပညာရေး မူဝါဒကော်မရှင်နဲ့ ပါမောက္ခချုပ်များ ကော်မတီတို့ အတွက်လည်း ဂုဏ်ယူဖွယ်ဖြစ်ပါတယ်။ တက္ကသိုလ်တွေရဲ့ အရည်အသွေး အဆင့်မြင့်မားရေးတွင် သုတေသနတွေရဲ့ အခန်းကဏ္ဍသည် ထိပ်တန်းမှပါဝင်ပေရာ မြန်မာတက္ကသိုလ်များ အဆင့်မြင့်မားရေးအတွက် ဤစာတမ်းဖတ်ပွဲများက များစွာအထောက်အကူဖြစ်စေမှာ သေချာပါတယ်။

### မြန်မာတက္ကသိုလ်များရဲ့အဆင့်

ယခုနှစ် ၂၀၂၀ ပြည့်နှစ်က တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်တို့နိုင်ငံရဲ့ ပထမဦးဆုံးသော တက္ကသိုလ်ဖြစ်တဲ့ ရန်ကုန်တက္ကသိုလ်ရဲ့ နှစ် ၁၀၀ ပြည့် (Centennial Anniversary) နဲ့တိုက်ဆိုင်တဲ့ အခါသမယ ဖြစ်တာကြောင့် ရန်ကုန်တက္ကသိုလ်အပါအဝင် ကျွန်တော်တို့ မြန်မာတက္ကသိုလ်တွေအားလုံးရဲ့ တိုးတက်ရာတိုးတက်ကြောင်း အားစိုက်ကြိုးပမ်းရမယ့် မင်္ဂလာအခါသမယလည်း ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်အတိတ်က ရွှေထီးဆောင်းခဲ့တာကို လွမ်းဆွတ်ဂုဏ်ယူရင်း အနာဂတ်မှာလည်း ရွှေထီးဆောင်းတဲ့အဆင့်မှာ ရပ်တည်နေနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဖို့တာဝန်က ကျွန်တော်တို့အားလုံးရဲ့ တာဝန်ပါ။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့ကကျင်းပတဲ့ ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားမှာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး မြွက်ကြားခဲ့သော ရန်ကုန်တက္ကသိုလ်နဲ့ ပတ်သက်တဲ့ အချက်အလက်တွေဟာ အလွန်စိတ်ဝင်စားဖွယ်ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်က ကမ္ဘာတစ်ဝန်းမှာရှိတဲ့ တက္ကသိုလ်တွေကြားမှာ ၂၀၁၆ ခုနှစ်က အဆင့် ၁၃၀၇၂ မှာသာ ရပ်တည်နိုင်ခဲ့ရာမှ ၂၀၁၇ ခုနှစ်မှာ အဆင့် ၉၆၁၉၊ ၂၀၁၈ ခုနှစ်မှာ အဆင့် ၈၇၂၆၊ ၂၀၁၉ ခုနှစ်မှာ အဆင့် ၇၂၂၁ အထိ တိုးတက်လာခဲ့ပါတယ်တဲ့။ ဒီဆောင်းပါးရေးနေစဉ် လက်ရှိအဆင့်ကို သိချင်တဲ့အတွက် အင်တာနက်မှာရှာကြည့်တဲ့အခါ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှာ ရပ်တည်နေတဲ့ အဆင့်က ၇၀၉၁ ပါ။ အချိန်ကာလ လေးနှစ်တာကာလတိုအတွင်းမှာ အဆင့် ၁၃၀၀၀ ကျော်ကနေ အဆင့် ၇၀၀၀ ကျော်အထိ အဆင့်ပေါင်းများစွာ ကျော်တက်လာနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းပေးခဲ့ကြတဲ့ တာဝန်ရှိသူတွေ၊ တာဝန်ယူခဲ့သူတွေ အားလုံးကို ဒီဆောင်းပါးကတစ်ဆင့် လေးစားစွာဂုဏ်ပြုအပ်ပါတယ်။ တစ်ဆက်တစ်စပ်တည်း ကျွန်တော်တို့နိုင်ငံမှာ တက္ကသိုလ်ပေါင်း ၁၃၆ ခုရှိတဲ့အနက် အဆင့်အကောင်းဆုံး ၁၅ ခုရဲ့ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ရပ်တည်မှု အခြေအနေကိုလည်း နမူနာအနေနဲ့ ဇယား ၁ မှာလေ့လာကြည့်ကြရအောင်ပါ။ CSIC, Ranking Web: July 2020 Edition မှာ မြန်မာနိုင်ငံ တက္ကသိုလ်ပေါင်း ၈၃ ခုနဲ့ ကမ္ဘာအရပ်ရပ်က တက္ကသိုလ်ပေါင်း ၃၀၅၆၇ ခုကို ထည့်သွင်းဖော်ပြထားတာ တွေ့ရပါတယ်။

**ဇယား ၁။ မြန်မာနိုင်ငံတက္ကသိုလ်များ၏ နိုင်ငံတွင်းအဆင့်နှင့် ကမ္ဘာ့အဆင့်**

| မြန်မာ့အဆင့် | ကမ္ဘာ့အဆင့် | တက္ကသိုလ် |
|---|---|---|
| ၁ | ၇၀၉၁ | ရန်ကုန်တက္ကသိုလ် |
| ၂ | ၉၇၀၂ | မန္တလေးတက္ကသိုလ် |
| ၃ | ၁၄၆၂၇ | ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် |
| ၄ | ၁၅၉၅၀ | ရန်ကုန်ကွန်ပျူတာတက္ကသိုလ် |
| ၅ | ၁၇၆၂၄ | ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| ၆ | ၁၈၁၇၄ | မန္တလေးဆေးတက္ကသိုလ် |
| ၇ | ၁၈၈၃၀ | ရန်ကုန်နည်းပညာတက္ကသိုလ် |
| ၈ | ၂၀၀၂၇ | ဒဂုံတက္ကသိုလ် |
| ၉ | ၂၀၀၇၆ | ရန်ကုန်စီးပွားရေးတက္ကသိုလ် |
| ၁၀ | ၂၀၆၉၈ | မြိတ်တက္ကသိုလ် |
| ၁၁ | ၂၀၇၂၇ | သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် |
| ၁၂ | ၂၁၂၈၇ | မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် |
| ၁၃ | ၂၁၄၇၂ | Strategy First University |
| ၁၄ | ၂၁၅၆၈ | သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ရန်ကုန် |
| ၁၅ | ၂၂၂၄၆ | ဆေးတက္ကသိုလ်၊ မကွေး |

Source: CSIC, Ranking Web: July 2020 Edition

### တက္ကသိုလ်အဆင့်သတ်မှတ်ထုတ်ပြန်ကြသည့်အဖွဲ့အစည်းများ

တစ်ကမ္ဘာလုံးက တက္ကသိုလ်တွေကို အကဲဖြတ်တဲ့ အဖွဲ့အစည်းတွေထဲမှာ အောက်ပါအဖွဲ့ လေးဖွဲ့ကို ဩဇာအရှိဆုံး၊ တော်တဲ့မှန်ကန်မှုအရှိဆုံးလို့ ပညာရှင်အများက လက်ခံအသုံးပြုနေကြတာ တွေ့ရပါတယ် –

(၁) Shanghai Ranking သို့မဟုတ် Academic Ranking World Universities (ARWU) – Shanghai Jiao Tong University (China) ကစုစည်းထုတ်ပြန်သောစာရင်းဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ်ကတည်းက နှစ်စဉ်ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။

(၂) QS World University Rankings – Quacquarelli Symonds Limited (UK) က Time Higher Education (THE) နဲ့ ပူးပေါင်းပြီး ၂၀၀၄ ခုနှစ်ကတည်းက University Rankings တွေကို နှစ်စဉ်ထုတ်ပြန်ခဲ့ကြပါတယ်။ ၂၀၁၀ ပြည့်နှစ်ကစပြီး ကိုယ်ပိုင်အမှတ်ပေးနည်းစနစ်များ အသုံးပြုကာ သီးခြားစီထုတ်ပြန်ခဲ့ကြပါတယ်။

(၃) Time Higher Education (THE) World University Rankings – Inflexion Pvt. Equity Partners LLP Co (UK) က Time Higher Education World University Rankings ဆိုပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါတယ်။ ၂၀၁၄ ခုနှစ်မှာ ကမ္ဘာကျော် Elsevier Publishing (Netherlands) နဲ့ပူးပေါင်းမိတဲ့အတွက် ဩဇာပိုမိုတက်ခဲ့ပါတယ်။ Elsevier Publishing က သုတေသနပညာရပ်ဆိုင်ရာ နာမည်ကြီးဂျာနယ်ပေါင်း ၂၅၀၀ ခန့် နှစ်စဉ်ထုတ်ဝေနေသူ ဖြစ်တာကြောင့် သုတေသနစာတမ်းတွေနဲ့ ကျမ်းကိုးစာရင်းတွေကို ရရှိနိုင်တဲ့အတွက် အမှတ်ပေးတွက်ချက်ရာမှာ ပိုမိုပြည့်စုံလာခဲ့ပါတယ်။

**နိုင်ငံတော်က ပညာရေးရန်ပုံငွေတွေ သိသိသာသာ တိုးမြှင့်ချထားပေးလာတာကလည်း တက္ကသိုလ်တွေအတွက် အားတက်ဖွယ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံတက္ကသိုလ်တွေအနေနဲ့ နိုင်ငံတကာတက္ကသိုလ်တွေအကြား သိသိသာသာ အဆင့်မြှင့်သတ်မှတ်ခံလာရတဲ့အတွက် လမ်းကြောင်းမှန်ပေါ်ကို ရောက်လာပြီလို့ ယုံကြည်ရပါတယ်။ ရရှိထားတဲ့ အောင်မြင်မှုအရှိန်အဟုန်ကို ထိန်းသိမ်းထားကြရပါမယ်။ မိမိတက္ကသိုလ်ရဲ့ အရည်အသွေး၊ အရည်အချင်းကိုမြင့်တက်အောင် အစဉ်ကြိုးဆောင်နေခြင်းအားဖြင့် တက္ကသိုလ်အတွက် အမှတ်တွေပိုမိုရရှိလာကာ တက္ကသိုလ်ကမ္ဘာ့အဆင့်က တရွေ့ရွေ့မြင့်တက်လာမှာဖြစ်။**

(၄) CSIC World University Rankings (Consejo Superior de Investigaciones Cientificas– Spanish National Research Council) – စပိန်နိုင်ငံအမျိုးသားသုတေသနကောင်စီအဖွဲ့အစည်းက တစ်နှစ်ကိုနှစ်ကြိမ် ပြုစုထုတ်ပြန်တဲ့ တက္ကသိုလ်အဆင့်များစာရင်းဖြစ်ပါတယ်။ နှစ်စဇန်နဝါရီလမှာ တစ်ကြိမ်၊ နှစ်လယ် ဇူလိုင်လမှာ တစ်ကြိမ် တွက်ချက်ပြုစုထုတ်ပြန်ပါတယ်။

### အမှတ်ပေးတွက်ချက်သောနည်းစနစ်များ

အဆင့်သတ်မှတ်တဲ့ အဖွဲ့အစည်းတစ်ခုနဲ့တစ်ခု အမှတ်ပေးစည်းမျဉ်း ထပ်တူမကျတာကြောင့် ထုတ်ပြန်တဲ့ အဖွဲ့အသီးသီးကသတ်မှတ်တဲ့ မိမိတို့ရဲ့တက္ကသိုလ်ရဲ့ အဆင့်က အနည်းငယ် ကွဲလွဲမှုရှိနိုင်ပါတယ်။ ဥပမာအားဖြင့် ဟားဗတ်တက္ကသိုလ်ရဲ့ အဆင့်သတ်မှတ်ခံရမှုကိုကြည့်မယ်ဆိုရင် Shanghai နဲ့ CSIC နှစ်ဖွဲ့က ကမ္ဘာ့အဆင့် (၁)စီ ပေးထားကြပြီး QS နဲ့ THE က အဆင့် (၃)နဲ့ အဆင့် (၇) အသီးသီးပေးထားကြတာကို တွေ့ရပါတယ်။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အမှတ်ပေးစည်းမျဉ်းတွေက များစွာမကွာခြားကြပေမယ့် ထပ်တူမဟုတ်ကြလို့ အနည်းငယ်အဆင့်ကွာခြားမှုတော့ တွေ့ရတာဖြစ်ပါတယ်။ နမူနာအနေနဲ့ QS စနစ်ကို အကြမ်းဖျင်း ဖော်ပြရရင် အောက်ပါအတိုင်း တွေ့ရပါတယ် –

**(၁) ပညာရေးအဆင့်အတန်းဂုဏ်သတင်း** – ကျောင်းသားဟောင်းတွေထဲက ထူးချွန်သူတွေ ဘယ်လောက်ထွက်တယ်ဆိုတာမျိုးက အမှတ်ပေးစည်းမျဉ်းထဲက အရေးကြီးတဲ့အချက်တစ်ခုပါ။ နိုဘယ်လ်ဆုလိုမျိုး၊ နိုင်ငံတကာ ထူးချွန်ဆုလိုမျိုးတွေက နမူနာပါ။ ဥပမာအားဖြင့် ၂၀၁၉ ခုနှစ် ဧပြီလက ဆွစ်ဇာလန်နိုင်ငံမှာ ကျင်းပတဲ့ 47th International Exhibition of Invention of Geneva မှာ University of Hong Kong က ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ် ငါးခု ဆွတ်ခူးနိုင်ခဲ့တာဟာ သူတို့တက္ကသိုလ်ရဲ့ အဆင့်မြင့်တက်စေရေး အမှတ်ပေးရာမှာ အကျိုးပြုမှာပါ။ မိမိတက္ကသိုလ်က ဘွဲ့ရတွေဟာ ပညာရည်ပြည့်ဝတယ်၊ လူမှုဆက်ဆံရေးကောင်းတယ်၊ ယဉ်ကျေးတယ်၊ အမြော်အမြင် ရှိတယ်၊ စာရိတ္တမြင့်မားတယ် စတဲ့ လေ့ကျင့်သင်ကြားမှုတွေရဲ့ နာမည်ကောင်းခြင်း ဂုဏ်သတင်းတွေက တက္ကသိုလ်ရရှိမယ့် အမှတ်တွေကို မြင့်တက်စေမှာပါ။ ကမ္ဘာ့အဆင့်၊ အာရှအဆင့်၊ အာဆီယံအဆင့်၊ ပြည်တွင်းအဆင့် တာဝန်ကြီးကြီးမားမား ထမ်းဆောင်သူတွေ မွေးထုတ်ပေးနိုင်တာနဲ့အမျှ ပညာရေးအဆင့်အတန်းနဲ့ပတ်သက်တဲ့ ဂုဏ်သတင်းတွေကလည်း မြင့်တက်လာမှာပါ။ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ဝါရင့်ပညာရှင်ပေါင်း တစ်သောင်းကျော်ဆီက အကဲဖြတ်မှုအပေါ်အခြေခံပြီး အမှတ်ပေးထားတာဖြစ်လို့ မှန်ကန်ဖို့များပါတယ်။ QS စနစ်က ဆုဆွတ်ခူးမှုအပြင် အခြားအချက်တွေပါ ထည့်သွင်းတွက်ချက်ပြီး အမှတ်စုစုပေါင်းရဲ့ ၄၀ ရာခိုင်နှုန်းအထိထည့်သွင်း တွက်ချက်ပေးတာကြောင့် ပညာရေးအဆင့်အတန်း ဂုဏ်သတင်းက တက္ကသိုလ်အဆင့်ကောင်းကောင်း ရောက်ရှိရေးအတွက် အရေးပါပါတယ်။ (ထူးချွန်ဆု ဆွတ်ခူးနိုင်မှုများအတွက် Shanghai စနစ်မှာ ကျောင်းသားဟောင်းဆိုပါက ၁၀ ရာခိုင်နှုန်းအထိ၊ လက်ရှိဆရာများဆိုပါက ၂၀ ရာခိုင်နှုန်းအထိ ခွဲခြားပေးတာတွေ့ရပါတယ်) **စာမျက်နှာ ၂၅ သို့**❖

❖စာမျက်နှာ ၂၄ မှ

**(၂) အလုပ်ရှင်များ၏နှစ်သက်မှုဂုဏ်သတင်း –** အလုပ်ရှင်တွေကတော့ အလုပ်ခန့်ထားပေးတဲ့နေ့ကတည်းက ရာနှုန်းပြည့်အရည်အချင်းရှိသူကိုသာ လိုချင်ကြတာချည်းပါပဲ။ ဘွဲ့နဲ့ထိုက်တန်တဲ့ ပညာရှိရုံနဲ့ ကျေနပ်နှစ်သက်ကြမှာမဟုတ်ပါဘူး။ အလုပ်ကိုလေးစားတာ၊ အလုပ်ခွင်စည်းကမ်းလိုက်နာတာ၊ အများနဲ့လိုက်လျောညီထွေနေထိုင်ပြောဆိုဆက်ဆံတတ်တာ၊ ပြဿနာကိုကိုင်တွယ်ဖြေရှင်းတတ်တာ၊ ကွပ်ကဲမှုအနည်းဆုံးနဲ့ အကောင်းဆုံးရလဒ်ရအောင် စွမ်းဆောင်နိုင်တာ၊ စေ့စပ်သေချာတာ စသည်ဖြင့် အလုပ်ရှင်စိတ်ကြိုက်ဘွဲ့ရတွေကို မွေးထုတ်နိုင်စွမ်းရှိတဲ့ တက္ကသိုလ်တွေကတော့ အလုပ်ရှင်တွေနဲ့ပတ်သက်တဲ့ရမှတ်များကို ထိုက်တန်သလို အကဲဖြတ်ရမှတ်တွေ ရရှိကြမှာ ဖြစ်ပါတယ်။ အမှတ်စုစုပေါင်းရဲ့ ၁၀ ရာခိုင်နှုန်းအထိက ဒီအချက်စီမှ ရနိုင်မှာဖြစ်ပါတယ်။

**(၃) ဆရာနှင့် ကျောင်းသားအချိုး –** ဆရာနဲ့ကျောင်းသားအချိုးက ကျဉ်းလေအမှတ်ပိုရလေ အဆင့်ပိုကောင်းလေပါပဲ။ ဘာသာရပ်သဘောသဘာဝအရ ဆေးတက္ကသိုလ်တွေက အချိုးအစားပိုကောင်းကြတာများပါတယ်။ Nippon Medical School (Japan), Jikei University School of Medicine (Japan), St Mariana University School of Medicine (Japan), Oregon Health and Science University (US) တို့မှာ ဆရာနဲ့ကျောင်းသားအချိုးက 1:1 လောက်နဲ့အကောင်းဆုံးအချိုးကို ပိုင်ဆိုင်ကြပါတယ်။ အမေရိကန်လို ထိပ်တန်းတိုးတက်တဲ့ နိုင်ငံမျိုးမှာတောင် ပြည်တွင်းအဆင့် ၁ က အဆင့် ၃၁၀ အတွင်းဝင်တဲ့ တက္ကသိုလ်တွေရဲ့ ပျမ်းမျှဆရာနဲ့ကျောင်းသားအချိုးက 1:16 လောက်ရှိပါတယ်။ လွန်ခဲ့တဲ့ ၁၄ နှစ်လောက်က ကျင်းပတဲ့ အာရှတိုက်ဆိုင်ရာ ဆေးကုတက္ကသိုလ်များအသင်း (Asian Association of Veterinary Schools–AAVS) အစည်းအဝေးမှာ သင်ကြားမှုထိရောက်ရေး ဆရာနဲ့ကျောင်းသားအချိုးကို 1:8 ဝန်းကျင်မှာထိန်းကြဖို့ စံနှုန်းသတ်မှတ်အကြံပြုခဲ့ကြပါတယ်။ သတ်မှတ်အကြံပြုချက်စံနှုန်းနီးပါး မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှာ ဆရာ ၁၀၀ ခန့်၊ ကျောင်းသား ၁၀၀၀ ခန့်ရှိတဲ့အတွက် 1:10 ခန့်မှာ ရှိနေပါတယ်။ အဆိုပါတက္ကသိုလ်မှာ သီတင်းပတ်တိုင်း ခြောက်ချိန်ကို ပြင်ပပညာရှင်၊ လုပ်ငန်းရှင်နဲ့ ဧည့်ပါမောက္ခတွေက လာရောက်ပို့ချတာဖြစ်လို့ ၎င်းဆရာတွေကိုပါ ထည့်တွက်ရင် အချိုးက 1:9 ခန့်လို့ ခန့်မှန်းတွက်ချက်နိုင်ပါတယ်။ ဘာသာရပ်သဘောသဘာဝအရ အချို့တက္ကသိုလ်တွေမှာ လိုအပ်တဲ့အချိုးက ဒီထက်ကြီးတာငယ်တာ ရှိနိုင်ပါတယ်။ QS စနစ်မှာ ဒီအချက်အတွက် ရနိုင်မယ့် အမှတ်ခွဲတမ်းက ၂၀ ရာခိုင်နှုန်းပါ။




သစ်တော၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးပညာရပ်များအဖွဲ့၏ ဒုတိယအကြိမ်တက္ကသိုလ်များ သုတေသနစာတမ်းဖတ်ပွဲကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် ကျင်းပခဲ့စဉ်။

**(၄) သုတေသနစာတမ်းများနှင့် နိုင်ငံတကာမှ ကိုးကားမှုနှုန်းထား –** ဆရာတွေရဲ့သုတေသနစာတမ်းအရေအတွက်၊ သုတေသနရဲ့အကျိုးရလဒ်၊ ကမ္ဘာတစ်ဝန်းပညာရှင်တွေက အဆိုပါဆရာတွေရဲ့ စာတမ်းကို ကိုးကားမှုအရေအတွက် စတဲ့အချက်တွေပေါ်မှာ မူတည်ပြီးပေးတဲ့ အမှတ်ခွဲတမ်းကလည်း ၂၀ ရာခိုင်နှုန်းပါပဲ။ ၂၀၂၀ ပြည့်နှစ်အတွက် အမှတ်ပေးရန် ၂၀၁၄ မှ၂၀၁၈ အထိ နှစ်နှစ်စာ သုတေသနစာတမ်းတွေကို အရင်းခံစာရင်းပြုပါတယ်။ အဆိုပါစာတမ်းတွေကို အခြားပညာရှင်အရေအတွက် မည်မျှလောက်က ရည်ညွှန်းကိုးကားကြသလဲဆိုတာကို ၂၀၁၄ မှ ၂၀၁၉ အထိ ခြောက်နှစ်စာ ရှာဖွေတွက်ချက်ပေးတာ ဖြစ်ပါတယ်။

**(၅) နိုင်ငံတကာဆရာများနဲ့ နိုင်ငံတကာ ကျောင်းသားများ –** နိုင်ငံတကာကဆရာတွေကို ခန့်ထားနိုင်ခြင်းနဲ့ နိုင်ငံတကာကကျောင်းသားတွေ လာရောက်ပညာသင်ယူနေကြမှုရှိခြင်းတွေက နိုင်ငံစုံလူမှုပတ်ဝန်းကျင်ကိုဖြစ်ထွန်းစေပါတယ်။ ယဉ်ကျေးမှု၊ အလေ့အထ၊ အတွေးအခေါ်၊ ယုံကြည်မှုတွေ ဖလှယ်ရာတက္ကသိုလ်အဖြစ် နိုင်ငံတကာ တံဆိပ်ခတ်နှိပ်နိုင်ခြင်းကလည်း အားသာချက်တစ်ရပ်ပါ။ နိုင်ငံတကာဆရာတွေ အလုပ်လုပ်နေကြခြင်းအတွက် စုစုပေါင်းရမှတ်ရဲ့ ငါးရာခိုင်နှုန်းအထိ ရရှိနိုင်ပြီး နိုင်ငံတကာကျောင်းသားတွေရှိနေကြခြင်းကလည်း နောက်ထပ် ငါးရာခိုင်နှုန်းအထိ ထပ်မံရရှိနိုင်မှာဖြစ်ပါတယ်။

**နိဂုံး**

တက္ကသိုလ်တွေရဲ့ အဓိကတာဝန်နှစ်ရပ်မှာ သင်ကြားရေးနှင့် သုတေသနလို့သာ ဆိုကြသော်လည်း အလေးထားဖော်ပြထားခြင်းမရှိသော အလွန်အရေးပါလှသည့် အခြားဆောင်ရွက်ဖွယ် များစွာရှိပါသေးတယ်။ စာပေ၊ အနုပညာ၊ ဘာသာသာသနာ၊ နိုင်ငံရေး၊ အားကစားစတဲ့ ဝါသနာတူရာစု အသင်းအဖွဲ့တွေမှတစ်ဆင့် ထူးချွန်သူတွေ မွေးထုတ်ပေးဖို့ကလည်း တက္ကသိုလ်ရဲ့ အရေးပါတဲ့ သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်ပါတယ်။ တက္ကသိုလ်အဆင့်သတ်မှတ်တဲ့အဖွဲ့တွေရဲ့ ဖော်ပြခဲ့တဲ့ အဓိကအချက်ကြီးတွေအောက်မှာ တက္ကသိုလ်ကျောင်းသားတစ်ယောက်ဘွဲ့ရဖို့ ငွေကြေးသုံးစွဲမှုပမာဏ၊ သုတေသနတွေအတွက် ငွေကြေးသုံးစွဲမှုပမာဏ၊ ပညာသင်ကြားမှု အထောက်အကူပြုပစ္စည်းတွေ ခေတ်မီပြည့်စုံမှု၊ ကျောင်းသားကျောင်းသူ အိပ်ဆောင်တွေပံ့ပိုးနိုင်မှု၊ အားကစားကွင်း အားကစားရုံနဲ့ အပန်းဖြေနားနေစရာနေရာတွေ ပံ့ပိုးနိုင်မှုတွေအပေါ်မှာလည်း ထည့်သွင်းအမှတ်ပေးမှုတွေရှိတဲ့အတွက် အဆိုပါ အချက်တွေမှလည်း အမှတ်တွေရရှိနိုင်ဖို့ လိုအပ်ပါတယ်။

နိုင်ငံတော်က ပညာရေးရန်ပုံငွေတွေ သိသိသာသာ တိုးမြှင့်ချထားပေးလာတာကလည်း တက္ကသိုလ်တွေအတွက် အားတက်ဖွယ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံတက္ကသိုလ်တွေအနေနဲ့ နိုင်ငံတကာတက္ကသိုလ်တွေအကြား သိသိသာသာ အဆင့်မြှင့်သတ်မှတ်ခံလာရတဲ့အတွက် လမ်းကြောင်းမှန်ပေါ်ကိုရောက်လာပြီလို့ ယုံကြည်ရပါတယ်။ ရရှိထားတဲ့အောင်မြင်မှုအရှိန်အဟုန်ကို ထိန်းသိမ်းထားကြရပါမယ်။ မိမိတက္ကသိုလ်ရဲ့ အရည်အသွေး၊ အရည်အချင်းကို မြင့်တက်အောင် အစဉ်ကြံဆောင်နေခြင်းအားဖြင့် တက္ကသိုလ်အတွက် အမှတ်တွေပိုမိုရရှိလာကာ တက္ကသိုလ်ကမ္ဘာ့အဆင့်က တရွေ့ရွေ့မြင့်တက်လာမှာ ဖြစ်ပါတယ်။ မိမိတို့တက္ကသိုလ်ကို အကဲဖြတ်အမှတ်ပေးနေသူတွေက သိရှိအမှတ်ပေးနိုင်စေဖို့ တက္ကသိုလ်အရည်အသွေးမြင့်တက်လာတာကို မီဒီယာတွေမှတစ်ဆင့် တိုးတက်မှုတွေကို အချိန်နဲ့တစ်ပြေးညီ အသိပေးနေဖို့လည်း လိုအပ်ပါတယ်။

သတင်းစာ၊ ဂျာနယ်၊ တက္ကသိုလ် website, facebook တွေကတစ်ဆင့် တက္ကသိုလ်ဂုဏ်သတင်းမြင့်မားစေမယ့် သတင်းအချက်အလက်တွေ ပြုစုတင်ပြနေကြဖို့လည်း တိုက်တွန်းလိုပါတယ်။ **"ရေမြင့်ရင်ကြာတင့်မယ်"** ဆိုရိုးအတိုင်း တက္ကသိုလ် အဆင့်မြင့်လာတာနဲ့အမျှ ဆရာဆရာမတွေနဲ့ ဘွဲ့ရမောင်မယ်တွေရဲ့ အရည်အသွေးကလည်း ပိုမိုတောက်ပြောင်လာကြမှာ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ်အဖြစ် တက္ကသိုလ်ပေါင်းစုံက ပူးပေါင်းပါဝင်လျက် ဘာသာရပ်ဆိုင်ရာ သုသေနစာတမ်းဖတ်ပွဲတွေကိုလည်း ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၅ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကျင်းပတော့မယ်လို့ ကြားသိရပါတယ်။ အဆိုပါ စာတမ်းဖတ်ပွဲတွေကလည်း ရန်ကုန်တက္ကသိုလ်နဲ့တကွ မြန်မာ့တက္ကသိုလ်တွေရဲ့ အရည်အသွေးနဲ့ ပုံရိပ်ကို မြင့်တက်စေမယ့် လှုပ်ရှားမှုတစ်စိတ်တစ်ဒေသလို့ ယုံကြည်မိပါကြောင်းတင်ပြရင်း ရန်ကုန်တက္ကသိုလ်ရာပြည့်သဘင်အား ကြိုဆိုဂုဏ်ပြုအပ်ပါတယ်။ ။

# မိုင်းယန်းမြို့နယ်၌ မြစိမ်းရောင်အတိုးရငွေဖြင့် ဘက်စုံသုံးခန်းမ ဆောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး



**မိုင်းယန်း စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းကျေးရွာများအနက် မိုင်းလွေကျေးရွာအုပ်စု ဝမ်တောင်းကျေးရွာ၌ မြစိမ်းရောင်အတိုးရငွေဖြင့် ကျေးရွာဘက်စုံသုံးခန်းမဆောင် ဆောက်လုပ်လျက်ရှိရာ အဆောက်အအုံပြီးစီးမှုအခြေအနေအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အလျား ပေ ၄၀၊ အနံ ပေ ၂၀ နှင့် အမြင့် ၁၂ ပေရှိသော RC တစ်ထပ် ကျေးရွာဘက်စုံသုံးခန်းမဆောင်ကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် မြစိမ်းရောင် အတိုးရငွေကျပ် သိန်း ၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၅၀ စုစုပေါင်း ကျပ်သိန်း ၁၀၀ ဖြင့် ဇန်နဝါရီလမှ စတင်ဆောက်လုပ်ခဲ့ရာ ယခု ကွင်းဆင်းစစ်ဆေးရာတွင် လုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ဝမ်တောင်းကျေးရွာတွင် အိမ်ခြေ ၆၄ အိမ်၊ လူဦးရေ ၄၀၄ ဦးခန့်ရှိရာ ယခုကဲ့သို့ ကျေးရွာဘက်စုံသုံးခန်းမဆောင်ရှိခြင်းဖြင့် ကျေးရွာတွင် ဆောင်ရွက်ရန်ရှိသည့် ကျန်းမာရေး၊ လူမှုရေးနှင့် ဘာသာရေးကိစ္စများ လွယ်ကူအဆင်ပြေကာ ရပ်ရွာအတွက် များစွာအကျိုးရှိမည်ဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူကြောင်း ကျေးရွာတာဝန်ရှိသူများထံမှ သိရသည်။

**သီတာ(ပြန်/ဆက်)**



# လှည်းကူးမြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**လှည်းကူး စက်တင်ဘာ ၂၈**

(၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှည်းကူးမြို့နယ် ဖောင်ကြီးရဲစခန်းမှူး ရဲအုပ်သန့်ဇော်ဦး ဦးဆောင်သော တပ်ဖွဲ့ဝင် ၂၈ ဦးတို့က ယနေ့ နံနက်ပိုင်းတွင် ဖောင်ကြီးအနောက်ကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာရှိ သီရိမင်္ဂလာဘုရားကုန်း ဘုန်းတော်ကြီးကျောင်း၌ ချုံနွယ်များရှင်းလင်းပြီး စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**စုပေါင်းသန့်ရှင်းရေးပြုလုပ်**

ထိုသို့ စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာတွင် ဖောင်ကြီးနယ်မြေ ရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များသည် ဘုန်းတော်ကြီးကျောင်းတိုက် အတွင်း၊ အပြင် ပတ်ဝန်းကျင်ရှိ အမှိုက်များ၊ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ တူးဖော်ဆယ်ယူခြင်း၊ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# သဘာဝရေလှောင်ကွင်းများ၊ ဆည်တမံများနှင့် စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်မှု ရာနှုန်းပြည့်ပြီးစီး

**မန္တလေး စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ကူမဲငါးလုပ်ငန်းစခန်းတို့ ပူးပေါင်း၍ ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ငါးလုန်ကုန်းကျေးရွာအတွင်းရှိ စပါးခင်း ဧက ၁၅၀ တွင် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၇၅၀၀၀ နှင့် တံတားဦးမြို့နယ် ငါးရာပြားကျေးရွာအနီးရှိ သဘာဝရေပြင် ရော၀တီမြစ်အတွင်းသို့ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂၀၀၀၀၀ နှင့် ငါးခုံးမကြီး ငါးမွှံကြီးတို့ မျိုးစိုက်ထည့်ခြင်းကို ယမန်နေ့က ပြုလုပ်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ငါးမျိုးစိုက်ထည့်ပေးကြသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်ညီတိုး၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးခင်မောင်ထွန်း၊ တံတားဦးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်ငါးလုပ်ငန်းမှ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကူမဲငါးလုပ်ငန်းစခန်းမှ စခန်းတာဝန်ခံ ဦးစောအောင်ကိုလတ်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။ ကူမဲငါးလုပ်ငန်းစခန်းအနေဖြင့် ၂၀၁၉–၂၀၂၀ နှစ်အတွက် လျာထားချက်များဖြစ်သည့် သဘာဝရေလှောင်ကွင်းများ၊ ဆည်တမံများနှင့် စပါးခင်းများအတွင်း ငါးသားပေါက်များ စိုက်ထည့်မှုအနေဖြင့် ရာခိုင်နှုန်းပြည့်မီကျော်လွန်ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန်စီးတီးအသင်းက ဘင်ဖီကာနောက်ခံလူ ရူဘင်ဒိုင်ယက်စ်ကို ပြောင်းရွှေ့ကြေး ပေါင် ၆၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိ



ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းဟာ ဘင်ဖီကာအသင်းမှ ပေါ်တူဂီနောက်တန်းကစားသမား ရူဘင်ဒိုင်ယက်စ်ကို ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်းနဲ့ စာချုပ်ချုပ်ဆိုခေါ်ယူဖို့ သဘောတူညီမှုရရှိထားပြီ ဖြစ်တယ်လို့ သိရပါတယ်။

မန်စီးတီးအသင်းရဲ့ အာဂျင်တီးနားဗဟိုခံစစ်ကစားသမား အော့တမန်ဒီဟာလည်း ပြောင်းရွှေ့ကြေး ပေါင် ၁၃ ဒသမ ၇ သန်းနဲ့ အီတီဟက်ဒ်ကနေ လမ်းခွဲထွက်ခွာဖို့ ရှိနေတာမို့ အခုလို ဘင်ဖီကာနောက်ခံလူ ရူဘင်ဒိုင်ယက်စ်ကို ခေါ်ယူဖို့ စီစဉ်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့နွေရာသီကာလက နောက်ခံလူ ကွန်ပနီ ကစားသမားဘဝကနေ အနားယူသွားစဉ်ကတည်းက မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာဟာ ညာခြမ်းခံစစ်ကစားသမားတစ်ဦးကို ခေါ်ယူဖို့ ဆန္ဒရှိနေခဲ့တာ ဖြစ်ပြီး လက်ရှိမှာ ကွန်ပနီရဲ့နေရာအတွက် အစားထိုးနိုင်တော့မှာလည်း ဖြစ်ပါတယ်။

အသက် ၂၃ နှစ်အရွယ် ရူဘင်ဒိုင်ယက်စ်ဟာ ဘင်ဖီကာအသင်းခေါင်းဆောင်တစ်ဦးဖြစ်သလို ဘင်ဖီကာအသင်းအတွက် ပွဲပေါင်း ၁၃၃ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၁၂ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တဲ့ နောက်တန်းကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိ နာပိုလီနောက်တန်းကစားသမား ကူလီဘာလီဟာ နွေရာသီအပြောင်းအရွှေ့ ကာလအတွင်း မန်စီးတီးအသင်းရဲ့ ခေါ်ယူဖို့ပစ်မှတ်ထားခံခဲ့ရသူဖြစ်ပါတယ်။ ဒါပေမယ့် အီတလီကလပ် နာပိုလီအသင်းဟာ ဆီနီဂေါကြယ်ပွင့် ကူလီဘာလီရဲ့ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၈၀ အထိ တောင်းဆိုခဲ့တာကြောင့် မန်စီးတီးအသင်းအနေနဲ့ နာပိုလီရဲ့ တောင်းဆိုထားတဲ့ ပြောင်းရွှေ့ကြေးအတိုင်း ပေးဖို့ ဆန္ဒမရှိခဲ့တာမို့ ရူဘင်ဒိုင်ယက်စ်ကို ခေါ်ယူဖို့ ပြင်ဆင်ခဲ့တာဖြစ်ပါတယ်။

# အင်တာမီယာမီအသင်းနဲ့ ပွဲဦးထွက်ပွဲစဉ်မှာ တိုက်စစ်မှူး ဟီဂူအင် ပင်နယ်တီလွဲချော်

တိုက်စစ်မှူး ဟီဂူအင်ဟာ အင်တာမီယာမီအသင်းနဲ့ ဖီလာဒဲလ်ဖီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ မေဂျာလိဂ်ပွဲစဉ်မှာ အင်တာမီယာမီအသင်းနဲ့အတူ စတင် ပွဲထွက်ကစားခွင့်ရရှိခဲ့ရာ ပွဲကစားချိန် ၇၇ မိနစ်မှာ ပင်နယ်တီကန်ခွင့်ရရှိခဲ့ပေမယ့် လွဲချော်ခဲ့ပြီး ဒေးဗစ်ဘက်ခမ်းရဲ့ အင်တာမီယာမီအသင်းဟာလည်း အဲဒီပွဲစဉ်မှာ သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာ ဖြစ်ပါတယ်။



ဟီဂူအင်ဟာ အီတလီစီးရီး အေကလပ် ဂျူဗင်တပ်အသင်းနဲ့ လမ်းခွဲခဲ့ပြီးနောက် ယခုလ အစောပိုင်းက အင်တာမီယာမီ အသင်းဆီ ပြောင်းရွှေ့ခဲ့တာ ဖြစ်ပါတယ်။ တိုက်စစ်မှူး ဟီဂူအင်ဟာ ပင်နယ်တီပြစ်ဒဏ်ဘောကနေ ဂိုးမသွင်းယူနိုင်ခဲ့တဲ့အပြင် အဲဒီပွဲစဉ်မှာ ဖီလာဒဲလ်ဖီးယားအသင်း နောက်တန်းကစားသမား ဂျာကော့ဘ် ဂလန်နက်စ်က သူ့ရှေ့မှာ အောင်ပွဲခံခဲ့တာကြောင့် ဒေါသတကြီး တုံ့ပြန်မှုတွေလည်း ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။

အင်တာမီယာမီ အသင်းဟာ ဖီလာဒဲလ်ဖီးယား အသင်းကို ရှုံးနိမ့်ခဲ့ရတာကြောင့် မေဂျာလိဂ် အမှတ်ပေးဇယား အဆင့် ၁၃ မှာပဲ ရပ်တည်ခွင့်ရရှိခဲ့ပြီး ဖီလာဒဲလ်ဖီးယား အသင်းကတော့ အမှတ်ပေးဇယားအဆင့် ၂ မှာ ရပ်တည်ခွင့် ရရှိခဲ့တာဖြစ်ပါတယ်။

ဖီလာဒဲလ်ဖီးယားအသင်းဟာ လာမယ့်ပွဲစဉ်မှာ တိုရန်တို အသင်းနဲ့ ကစားရမှာဖြစ်ပြီး အင်တာမီယာမီအသင်းကတော့ နယူးယောက်စီးတီးအသင်းနဲ့ ကစားရမှာ ဖြစ်ပါတယ်။

**ငွေကြယ် – စုစည်းသည်**

**○ ချန်ပီယံအဆုံးအဖြတ်ပွဲမှ**

ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁၉)အပြီးတွင် ရန်ကုန်အသင်းက အဆင့် (၄)နှင့် Southern အသင်းက အဆင့်(၁၀) နေရာသာ အဖြေထွက်သေးပြီး ကျန်အဆင့်အတွက် ရပ်တည်မှုများမှာ နောက်ဆုံးပွဲပြီးမှ အဖြေထွက်ပေါ်မည်ဖြစ်သည်။

ချန်ပီယံဆုအတွက် ရှမ်းယူနိုက်တက်၊ ဟံသာဝတီနှင့် ဧရာဝတီအသင်းတို့ မျှော်လင့်ချက်ရှိနေပြီး ချန်ပီယံဆုသာမက အဆင့် ၂ နှင့် ၃ နေရာရအသင်းများမှာလည်း ယင်းသုံးသင်း၏ ရလဒ်များအပေါ် မူတည်နေသည်။ လက်ရှိအနေအထားအရ ချန်ပီယံဆုအတွက် လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်းက အခြေအနေ အကောင်းဆုံးဖြစ်နေပြီး ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရထားကာ နောက်ဆုံးပွဲကို အနိုင်ကစားရုံဖြင့် ချန်ပီယံဖြစ်မည်ဖြစ်သည်။

ထိပ်တိုက်တွေ့ဆုံနေသည့် ဟံသာဝတီနှင့် ဧရာဝတီအသင်းမှာမူ နိုင်ပွဲရရန်အပြင် ရှမ်းအသင်း ခြေချော်မှသာ မျှော်လင့်နိုင်မည့်အနေအထားဖြစ်နေသည်။ ရှမ်းယူနိုက်တက်အသင်းသည် ကိုဗစ်-၁၉ ကြောင့် ပြိုင်ပွဲရပ်နားပြီး ပြန်လည်စတင်သည့်အချိန်တွင် ရလဒ်ကောင်းများ ဆက်တိုက်ရယူနိုင်ခဲ့ပြီး ၁၀ ပွဲဆက်အနိုင်ရသောကြောင့် ထိပ်ဆုံးနေရာရောက်လာခြင်းဖြစ်သည်။ အဆင့် ၅ နေရာကို ရတနာပုံ၊ ရခိုင်နှင့် စစ်ကိုင်းအသင်းတို့ မျှော်လင့်ချက်ရှိနေပြီး နောက်ဆုံးပွဲများမှာ အဆုံးအဖြတ်ဖြစ်နေသည်။

ပွဲစဉ် (၁၉) အပြီးတွင် လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်းက ၄၁ မှတ်ဖြင့် ထိပ်ဆုံးသို့ရောက်ရှိလာပြီး ဟံသာဝတီအသင်းက ရမှတ် ၄၀၊ ဧရာဝတီအသင်းက ၃၉ မှတ်၊ ရန်ကုန်အသင်းက ၃၄ မှတ်၊ ရတနာပုံအသင်းက ရမှတ် ၂၀၊ ရခိုင်အသင်းက ၁၈ မှတ်၊ စစ်ကိုင်းအသင်းက ၁၇ မှတ်၊ မကွေးအသင်းက ၁၃ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၁ မှတ်၊ Southern အသင်းက ခုနစ်မှတ်ရရှိထားသည်။ **သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-ဘုန်းသော်**


## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာရုံး/ကျောင်းများတွင် အသုံးပြုရန်လိုအပ်သော ရုံး/ကျောင်းသုံး စက်ပစ္စည်း/ပရိဘောဂဝယ်ယူခြင်း လုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| တင်ဒါပုံစံဝယ်ယူ/တင်သွင်းရမည့်နေ့ရက် | - (၁-၁၀-၂၀၂၀)မှ (၂၈-၁၀-၂၀၂၀)ထိ |
| အချိန် | - နံနက်(၉:၃၀)နာရီမှ ညနေ(၄:၃၀)နာရီအထိ |
| နေရာ | - ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး အမှတ်(၅၉၁)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ |

အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်(၀၉-၅၁၆၁၀၀၄)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၁၅၊ ၁၅-က)ဟုခေါ်တွင်သော မြေပေါ်တွင် တည်ဆောက်ထားသည့် Royal Maung Bamar Residence၊ Tower(A)၊ Unit-(B)၊ Room-(4-B)၊ ဧရိယာ-(၁၈၃၅)စတုရန်းပေအကျယ်အဝန်းရှိသော ကွန်ဒိုအခန်းအပါအဝင် ယင်းကွန်ဒိုအခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူ ဦးဇော်မင်းသွင်[၁၂/လမန(နိုင်)၀၁၈၉၄၁]မှ လက်ရှိပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းကြောင်းဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အတွက် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါကဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခွန်ဇာအောင်[၁၂/သဃက(နိုင်) ၁၅၅၄၇၅]၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးမင်းမင်းသိမ့် (LL.B, D.B.L, D.I.L, D.M.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၃၇)**

**ဒေါ်တိုးတိုးအောင်မြင့် (LL.B) အထက်တန်းရှေ့နေ (စဉ်-၄၅၉၇၃)**

**The Solution Power Law Fim - အမှတ်(၂၁)၊ မြေညီထပ်၊ အုတ်ကျင်းဘူတာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၇၉၅၉၂၁၉၃၂**

## ဦးခွန်ကျော်မျိုးမင်း၏ရှေ့နေများမှ (၂၅-၉-၂၀၂၀)ရက်ထုတ် ကြေးမုံသတင်းစာကြော်ငြာကဏ္ဍမှတစ်ဆင့် အများသိစေရန် ပြန်လည်ဖြေရှင်းခြင်း ခေါင်းစဉ်ပါအကြောင်းအရာများအပေါ် ပြန်လည်တုံ့ပြန်၍ ရှင်းလင်းသတိပေးခြင်း

အထက်ဖော်ပြပါ ခေါင်းစဉ်နှင့်ကြော်ငြာခဲ့သည့် အကြောင်းအရာများအပေါ် ဦးသန်းရွှေမှ အများသိစေရန်အတွက် ပြန်လည်တုံ့ပြန်ရှင်းလင်းအပ်ပါသည်။ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အိမ်အမှတ်-၁၁၂၊ နယ်မြေ(၄)တွင်နေထိုင်သော ဦးသန်းရွှေ ဒေါ်လွင်လွင်သန်း(ကွယ်လွန်)၏ သားသမီးများမှာ ဒေါ်ဝေဝေသန်း၊ ဦးခွန်မင်းဆွေနှင့် ဦးခွန်ကျော်မျိုးမင်းတို့ ဖြစ်ကြပါသည်။ ဖခင်ဖြစ်သူ ဦးသန်းရွှေမှ ဦးဆောင်ပြီး တောင်ကြီးမြို့၌ မိသားစုစီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ပါသည်။ ယင်းလုပ်ငန်းမှာ မိသားစုပိုင်စီးပွားရေးလုပ်ငန်းဖြစ်ပါသည်။ ဦးခွန်ကျော်မျိုးမင်းသည် ယင်းလုပ်ငန်း၏ ပိုင်ရှင်မဟုတ်ပါ။ ဝန်ထမ်းမဟုတ်ပါ။ အစုရှယ်ယာဝင်လည်းမဟုတ်ပါ။ ဝန်ထမ်းမဟုတ်သောကြောင့် ဝန်ထမ်းလစာသတ်မှတ်ထားခြင်းလည်းမရှိပါ။ ၎င်းသည် လုပ်ငန်းအား ဦးစီးဦးဆောင်ပြုသူလည်း မဟုတ်ပါ။ လုပ်ငန်းအား အမှန်တကယ် ဦးဆောင်ပြီး လုပ်ကိုင်နေသူမှာ ဖခင်ဖြစ်သူ ဦးသန်းရွှေသာဖြစ်ပါသည်။ အထက်ကြော်ငြာခေါင်းစဉ်ပါ အကြောင်းအရာများသည် မမှန်မကန် ဖော်ပြထားခြင်းများသာ ဖြစ်ပါသည်။ ဦးခွန်ကျော်မျိုးမင်း၏ ရှေ့နေများမှ ဖော်ပြခဲ့သည့် အကြောင်းအရာများအနက် ဦးသန်းရွှေသည် ဦးခွန်ကျော်မျိုးမင်းအား သွာနုတ္တာသားအဖြစ် သတင်းစာ၌ ကြော်ငြာထည့်သွင်းခဲ့သည့် အကြောင်းအရာ တစ်ခုတည်းသာ မှန်ကန်ပါသည်။ ယင်းသို့ ဦးသန်းရွှေမှ ကြော်ငြာထည့်သွင်းရခြင်းမှာ ဦးခွန်ကျော်မျိုးမင်းသည် ဖခင်အားကျွေးမွေးစောင့်ရှောက်ခြင်းမရှိသည့်အပြင် နည်းမျိုးစုံဖြင့် ခြိမ်းခြောက်ခြင်း၊ ဖြားယောင်းခြင်းများကို ပြုကာငွေကြေးများ တောင်းဆိုခြင်း၊ ယင်းသို့တောင်းဆိုခြင်းကြောင့် ငွေကြေးများပေးခဲ့ရခြင်း၊ ဖခင်အပေါ် ရန်သူသဖွယ်ပြောဆို ဆက်ဆံခြင်း၊ ၎င်း၏အစ်ကို အစ်မများအပေါ် ရိုင်းစိုင်းစွာဆက်ဆံခြင်း၊ ခြိမ်းခြောက်ခြင်း၊ အင်တာနက်စာမျက်နှာမှတစ်ဆင့် အမျိုးမျိုးတိုက်ခိုက်ခြင်း၊ စွပ်စွဲခြင်းတို့အား အကြိမ်ကြိမ်ပြုမူခဲ့သဖြင့် ဦးခွန်ကျော်မျိုးမင်းအပေါ် သွာနုတ္တာသားအဖြစ် ကြော်ငြာခဲ့ခြင်းဖြစ်ပါသည်။

ဦးခွန်ကျော်မျိုးမင်းသည် ယခုအချိန်ထိလည်း ဖခင်အပေါ်တွင်လည်းကောင်း၊ အစ်ကိုအစ်မများအပေါ်တွင်သော်လည်းကောင်း၊ အမျိုးမျိုးခြိမ်းခြောက်၍ ၎င်း၏ရပိုင်ခွင့်မရှိသော အခွင့်အရေးများကို တောင်းဆိုနေခြင်းသည် ဦးသန်းရွှေအနေဖြင့် မိမိကြော်ငြာခဲ့သည့် သွာနုတ္တာသားအဖြစ်မှ ပြန်လည်ရုပ်သိမ်းရန် အကြောင်းမရှိဟု အသိပေးတုံ့ပြန်ပါသည်။

ဦးခွန်ကျော်မျိုးမင်းမှ ရှေ့နေများမှတစ်ဆင့် ထည့်သွင်းကြော်ငြာထားသော အထက်ခေါင်းစဉ်ပါကြော်ငြာအား ပြန်လည်ရုပ်သိမ်းပေးပါရန် တောင်းဆိုအပ်ပါသည်။

**ဦးသန်းရွှေ[၁၃/တကန(နိုင်)၀၄၈၇၂၃]၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလှိုင်ဘွား(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၃၀/၂၀၁၂)**

**အမှတ်-၄၇၅၊ ပထမထပ်(ယာ)၊ သုမနလမ်း၊ ၁၆/၂ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၈၅၅၂၂၀၄၊ ၀၉-၈၉၂၇၅၅၀၁၂**

## အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ ကျိုက်ခေါက်ဘုရားလမ်း၊ အမှတ်(၄၇)တွင်တည်ရှိသော P & T CO.,LTD ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၀၈၉၉၁၉၇၆)သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်များအား မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်များမူပိုင်ရှင် ဖြစ်ပါသည်။

| | | | | |
|---|---|---|---|---|
| စာချုပ်အမှတ်- ၂၅၈၀/၂၀၁၆ (နေ့စွဲ-၁၄-၃-၂၀၁၆) | စာချုပ်အမှတ်- ၂၅၇၉/၂၀၁၆ (နေ့စွဲ-၁၄-၃-၂၀၁၆) | စာချုပ်အမှတ်- ၁၇၁၄၉/၂၀၁၅ (နေ့စွဲ-၁၁-၁-၂၀၁၆) | စာချုပ်အမှတ်- ၁၇၁၄၈/၂၀၁၅ (နေ့စွဲ-၁၁-၁-၂၀၁၆) | စာချုပ်အမှတ်- ၁၅၇၄/၂၀၁၄ (နေ့စွဲ-၁၇-၂-၂၀၁၄) |

အထက်ဖော်ပြပါ အမှတ်တံဆိပ်များအား သောက်ရေသန့်ဆိုဒ်အမျိုးမျိုး၊ အချိုရည်အမျိုးမျိုး၊ ရေသန့်ရေခဲအမျိုးမျိုးတို့အား လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းတို့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အမှတ်တံဆိပ်များအား မည်သည့်ပုံစံဖြင့်မဆို မှိုင်မြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုင်မြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**P & T CO., LTD ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၀၈၉၉၁၉၇၆)၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးမင်းမင်းသိမ့် (LL.B, D.B.L, D.I.L, D.M.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)**

**ဒေါ်ဇင်မာအေး(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၁၃၉၅)**

**The Solution Power Law Firm - အမှတ်(၂၁)၊ မြေညီထပ်၊ (၁၃) ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၈၈၄၂**

## သီဟလင်း

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း

(10',14',16',18',22')ကား

01-7570307

09-5112729

09-73009734

09-73242979

တောတောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း၏

## မီးဘေးရှောင် မလောင်ခင်တား

# နလုံးသားအရင်းခံ ရိုးမဘဏ်

ရိုးမဘဏ်ရဲ့ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းတွေ အားလုံးက မြန်မာနိုင်ငံသူ နိုင်ငံသားတိုင်းအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေ ဖော်ဆောင်လာနိုင်စေရမယ်လို့ သန္နိဌာန်ချပြီး လုပ်ဆောင်နေကြပါတယ်။ မိဘပြည်သူတွေနဲ့ လုပ်ဖော်ကိုင်ဖက်အားလုံးရဲ့ ယုံကြည်အားကိုးမှုတွေကြောင့်ပဲ ရိုးမဘဏ်အနေနဲ့ ဒီနေ့အထိ ရပ်တည်နေနိုင်တယ်ဆိုရင်လည်း မမှားပါဘူး။

အားလုံးရဲ့ ဘေးမှာ ရပ်တည်ပေးနေပြီး အိပ်မက်နဲ့ မျှော်လင့်ချက်တွေကို ရှင်သန်နေအောင် အမြဲတစေ ကူညီပေးနေမှာပါ။ အသိအမှတ်ပြုမှုလေး တစ်စုံတစ်ရာကိုတောင် ရယူဖို့ မဟုတ်ဘဲ အားလုံးအဆင်ပြေနေစေဖို့အတွက်ကိုပဲ အလေးထားပြီး စိတ်ရင်း နလုံးရင်းနဲ့ အမြဲကူညီပေးဖို့ ရည်သန်ပါတယ်။

ရိုးမဘဏ်အနေနဲ့ အားလုံးအတွက် နလုံးသားအရင်းခံပြီး ကူညီဖြည့်ဆည်းပေးပါရစေ!




Talk to us : 9662 (or) 097-9662-9662
www.yomabank.com

YOMA BANK
The Responsible Bank.




## ပြည်ထဲရေးဝန်ကြီးဌာန
## တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) **ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး**။ နေပြည်တော်
(ခ) **မြန်မာနိုင်ငံရဲတပ်ဖွဲ့**။ နေပြည်တော်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး။
(ဂ) **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**။ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး။
(ဃ) **အကျဉ်းဦးစီးဌာန**။ နေပြည်တော်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး။
(င) **မီးသတ်ဦးစီးဌာန**။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊

၂။ အဆိုပါလုပ်ငန်းများအတွက် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများကို ၁-၁၀-၂၀၂၀ရက်နေ့မှ စတင်ဝယ်ယူနိုင်ပြီး ၂၇-၁၀-၂၀၂၀ ရက်နေ့ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင် ပါဝင်ရမည့် အချက်အလက်များကို သက်ဆိုင်ရာ တပ်ဖွဲ့/ဦးစီးဌာန(ရုံးချုပ်)များတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာတင်သွင်းရမည် ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile ကိုပါ တင်ပြရမည် ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ဝန်ကြီးရုံး | ဖုန်း-၀၆၇-၃၄၃၁၂၇၈၈၊ ၀၆၇-၃၄၃၁၂၆၂၁ |
| (ခ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၃၄၃၁၂၁၃၈၊ ၀၆၇-၃၄၃၁၂၄၆၂ |
| (ဂ) | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၃၉၀၊ ၀၆၇-၃၄၃၁၃၉၅ |
| (ဃ) | အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၄၂၀၊ ၀၆၇-၃၄၃၁၄၂၆ |
| (င) | မီးသတ်ဦးစီးဌာန | ဖုန်း-၀၆၇-၃၄၂၀၀၂၅၊ ၀၁-၆၆၁၅၄၄ |

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၄)ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ်(၃၇၅) ဟုခေါ်တွင်သော ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြို့ပြအကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၃၇၅)၊ ဧရိယာ ပေ(၆၀x၆၀)ရှိ ဗိုလ်မှူးကျော်ဇင်ဦး အမည်ပေါက် မြေချပါမစ်ဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါက်တာအေးချမ်းမြင့်[၁၂/စခန(နိုင်)၀၆၁၇၇၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းမြင့်[၁၂/လမန(နိုင်)၀၇၂၄၈၄]နှင့် ဒေါ်တင်နွဲ့[၁၂/လမန(နိုင်)၁၂၇၈၀၇]ကိုင်ဆောင်သူတို့မှ စရန်ငွေပေးချေ ဝယ်ယူထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လင်းလင်းအောင်**
**(LL.B.,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၅၁)**
**အမှတ်(၁၈၉)၊ ကော့သောင်းလမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၄၂၁၀၈၂၃၆၀**

## သက်ဆိုင်သူများနှင့်အများသိစေရန် အသိပေးကြေညာချက်

ကျွန်မ၏မိတ်ဆွေ ဦးတင်ကိုကိုထိုက်(ခ)ဦးကိုကိုလေး[၉/မရမ(နိုင်)၀၅၈၇၉၆]၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာပါသည်။

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆-ဒီ ၃)၊ မြေကွက်အမှတ် တတိယတန်းမြေကွက်၏ မြောက်ဘက်တစ်ဝက်၊ အကျယ်အဝန်း ပေ(၂၅x၄၀)ရှိ မြေပိုင်မြေကွက်၊ ယခုမြို့အခေါ် ပန်းဘဲတန်းမြို့နယ်၊ (၈)ရပ်ကွက်၊ (၂၉)လမ်း၊ အမှတ်(၁၈၉) ပေါ်ရှိ (၃)ထပ် RC တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးတင်ကိုကိုထိုက်(ခ)ဦးကိုကိုလေး အမည်ပေါက် တရားဝင်ပိုင်ဆိုင်ပါသည်။

အဆိုပါ(၃)ထပ် R.Cတိုက်တွင် မြေညီထပ်တိုက်ခန်း(၂)ခန်း၊ အလယ်ထပ်တိုက်ခန်း(၂)ခန်းနှင့် အပေါ်ဆုံးထပ် တိုက်ခန်း(၂)ခန်း စုစုပေါင်း(၆)ခန်းရှိပါသည်။

ယင်းတိုက်ခန်းများတွင် နေထိုင်သူများအားလုံးသည် အိမ်ငှားများဖြစ်သည့်အလျောက် အပျောက်ငွေဖြင့် အရောင်းအဝယ်ပြုလုပ်ထားသော အိမ်ခန်း/ တိုက်ခန်းများနှင့်စပ်လျဉ်း၍ ကျင့်သုံးသော ထုံးဓလေ့အရလည်းကောင်း၊ ကြိုတင်သဘောတူညီချက်များအရလည်းကောင်း၊ အောက်ပါစည်းကမ်းချက်များကို သဘောတူညီထားကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာပါသည်။

(၁) အိမ်လခငွေများကိုလည်းကောင်း၊ အိမ်ရှင်၏အကျိုးတစ်စုံတစ်ရာကို နစ်နာဆုံးရှုံးစေမည့် ကိစ္စရပ် တစ်စုံတစ်ရာကိုသော်လည်းကောင်း မပြုလုပ်ရန်။
(၂) တိုက်ခန်းကိုသော်လည်းကောင်း၊ တိုက်ခန်း၏တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ အခြားပုဂ္ဂိုလ်တစ်စုံတစ်ဦးအား ထပ်ဆင့်ငှားရမ်းခြင်း၊ လူစားသွင်းခြင်း၊ ရောင်းချခြင်း၊ မရိုးဖြောင့်သောသဘောဖြင့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ရန်။
(၃) တိုက်ခန်းကို ရောင်းချလိုပါက ကြိုတင်အသိပေးညှိနှိုင်းပြီး သဘောတူညီချက် ရယူပြီးမှသာ ရောင်းချရန်။
(၄) အဆောက်အအုံပိုင်ရှင်(မြေပိုင်ရှင်)၏ ကြိုတင်သဘောတူညီချက်ရရှိပြီး တိုက်ခန်းကို ရောင်းချသည့်အခါ တိုက်ခန်းကို ဝယ်ယူသူသည် အဆောက်အအုံပိုင်ရှင်(မြေပိုင်ရှင်)၏ရှေ့မှောက်၌ "အိမ်ရှင်-အိမ်ငှား ကတိဝန်ခံချက်စာချုပ်"ကို သဘောတူလက်မှတ်ရေးထိုးချုပ်ဆိုပေးရန် တိုက်ခန်းရောင်းချသူ၌ အပြည့်အဝ တာဝန်ရှိကြောင်း။
(၅) တိုက်ခန်းဝယ်ယူသူ အိမ်ငှားအသစ်သည် ယင်းအိမ်ရှင်-အိမ်ငှား ကတိခံဝန်ချက် ကတိစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီး တိုက်ခန်းပိုင်ရှင်ထံမှ အိမ်ငှားအမည်သစ် အမည်ဖွင့်၍ အိမ်လခကောက်ခံသောပြေစာ လက်ခံရရှိမှသာ တရားဝင်အိမ်ငှားအဖြစ် အသိအမှတ်ပြုခံရမည်ဖြစ်ပြီး အိမ်ငှား၏ STATUS ကိုရရှိမည် ဖြစ်သည်။
(၆) စည်ပင်မှ တိုက်ဆောက်လုပ်စဉ်က ခွင့်ပြုထားသော မူလတိုက်ပုံစံကို ဖျက်၍ ပြင်ဆင်ပြောင်းလဲဆောက်လုပ်ခြင်းမပြုရန်။
(၇) မိမိတိုက်ခန်းပတ်ဝန်းကျင် အိမ်ငှားများကို စိတ်ငြိုငြင်အနှောင့်အယှက်ဖြစ်စေမည့်အပြုအမူကို မပြုလုပ်ရန်။
(၈) တိုက်ခန်းဝယ်ယူသူသည် အိမ်ငှားသာဖြစ်ကြောင်း၊ အိမ်ငှားဆိုသည့်စကားရပ်၌ ဇနီး၊ ခင်ပွန်း၊ သားသမီးများပါဝင်ကြောင်း သိရှိနားလည်ပါသည်။

အချုပ်အားဖြင့် ဖွင့်ဆိုရလျှင် တိုက်ခန်းကို ထပ်ဆင့်လွှဲပြောင်းရောင်းချကြမည်ဆိုလျှင် အဆောက်အအုံပိုင်ရှင်(မြေပိုင်ရှင်)ရှေ့မှောက်တွင် ရောင်းချမှသာ တရားဝင်ကြောင်းနှင့် အဆောက်အအုံပိုင်ရှင်(မြေပိုင်ရှင်)မျက်ကွယ်တွင် မိမိသဘောဖြင့် ရောင်းချခဲ့ခြင်းသည် တရားဝင်ရောင်းချခြင်း အထမမြောက်ကြောင်း။ အဆောက် အအုံပိုင်ရှင်(မြေပိုင်ရှင်)မှ အသစ်ဝင်လာသူအငှားအား အငှားအဖြစ် အသိအမှတ် မပြုနိုင်ကြောင်းနှင့် အချိန်မရွေး ဖယ်ထုတ်ခွင့်ရှိကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆွေဆွေ LL.B,Caes,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၀၀၃)**
**အမှတ်(၅၅/၅၆)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၉၀၈၃၅**




## ပြည်ထဲရေးဝန်ကြီးဌာန
## ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ Open Tender ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီသည် အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သောစက်နှင့်စက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများနှင့် အခြားရုံးသုံးပစ္စည်းများ၊ မီးသတ်ယာဉ်များ၊ ကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ရှာဖွေရေးလုပ်ငန်းသုံးပစ္စည်းများ၊ လုံခြုံရေး၊ စစ်ဆေးရေးပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။


၂။ အဆိုပါပစ္စည်းတင်သွင်းလိုသော ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၁-၁၀-၂၀၂၀ ရက်နေ့မှစ၍ နေပြည်တော်ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ သက်ဆိုင်ရာ တပ်ဖွဲ့/ဦးစီးဌာနများတွင် ဝယ်ယူနိုင်ပြီး ၂၆-၁၀-၂၀၂၀ ရက်နေ့ ညနေ(၁၆:၀၀)နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်အား နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြော်ငြာမည် ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး | ဖုန်း-၀၆၇-၃၄၃၁၂၆၂၁၊ ၀၆၇-၃၄၃၁၂၄၃၇ |
| (ခ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၃၄၃၁၂၅၁၂၊ ၀၆၇-၃၄၃၁၂၄၀၂ |
| (ဂ) | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၃၉၀၊ ၀၆၇-၃၄၃၁၃၉၅ |
| (ဃ) | အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၄၂၆၊ ၀၆၇-၃၄၃၁၄၂၀ |
| (င) | မီးသတ်ဦးစီးဌာန | ဖုန်း-၀၆၇-၃၄၂၀၀၂၅၊ ၀၁-၆၆၁၅၄၄ |

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**




ဒဂုံမြို့သစ်
(တောင်ပိုင်း)၊(ဆိပ်ကမ်း)
မြေကွက်များဝယ်လိုသည်
ဖုန်း -0943075129

## အမြန်ငှားရမ်းလိုသည်

ရုံးခန်းဖွင့်လှစ်ရန် တ/ဥက္ကလာ၊ သဃ်န်းကျွန်း၊ ရန်ကင်းမြို့နယ်များအတွင်း လုံးချင်းအိမ်ခြံကျယ်ကျယ် ငှားရမ်းလိုသည်။ ပွဲစားမလို၊ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

ဖုန်း-၀၉-၇၆၅၁၅၉၃၅၀

## အများသိစေရန်အသိပေးကြေညာခြင်း

GRAND TIMES INTERNATIONAL CO.,LTD. နှင့် HEIN Decoration & Materials တို့သည် ၂၆-၁၁-၂၀၁၈ရက်စွဲပါ " လုပ်ငန်းဆောင်ရွက်မှု"စာချုပ်အား ချုပ်ဆို၍ "ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက်အမှတ်-၅၉"ဟုခေါ်တွင်သော လုပ်ငန်းတည်နေရာရှိအခန်းအား အိမ်တွင်းအလှဆင်သည့် လုပ်ငန်းနှင့်ပတ်သက်၍ ၂၉-၈-၂၀၂၀ ရက်က စာရင်းရှင်းလင်းပေးရန် ကြေးမုံသတင်းစာတွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။ ထိုကြေညာချက်နှင့်ပတ်သက်၍ GRAND TIMES INTERNATIONAL CO.,LTD.ဘက်မှ ပေးရန်ရှိသော ကျသင့်ငွေများအား HEIN Decoration & Materials နှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ HEIN Decoration& Materials ဘက်မှ ရရန်ရှိသော ငွေကြေးများအပေါ် ကျေနပ်သဘောတူသဖြင့် GRAND TIMES INTERNATIONAL CO.,LTD. ဘက်မှ ညှိနှိုင်းသည့် ငွေပမာဏအား HEIN Decoration & Materials ဘက်မှ လက်ခံရရှိပြီးဖြစ်သဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ GRAND TIMES INTERNATIONAL CO.,LTD. နှင့် HEIN Decoration & Materials တို့ကြား ပေးရန် ရရန်၊ တစ်စုံတစ်ရာ ရှင်းလင်းရန်မရှိတော့ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သီတာလဲ့လဲ့ထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၈/၁၄)**
**တိုက်-၉/၁၁၊ အခန်း-၀၀၅/ဘီ၊ ၃၆ လမ်း(တို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၄၃၁၇၆၆၀၇၊ ၀၉-၄၂၀၂၆၄၉၆၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၆)လမ်း၊ အမှတ်(၃၉၂)၊ နှစ်ခန်းတွဲ RC (၆)ထပ်တိုက်မှ တတိယထပ် (၄-လွှာ) (တိုက်မျက်နှာမူလက်ယာဘက်အခန်း) ဧရိယာ(၅၀၆) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဝင်းဝင်းနွယ်[၁၂/ပဘတ(နိုင်)၀၂၇၉၄၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးပြည့်ဖြိုးလှိုင်[၇/ညလပ(နိုင်)၁၃၇၁၄၇]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**Ph:09-450023651, 09-793568375**
**Level (၅,၆,၇,၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊**
**အမှတ် (၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ညောင်တုန်းလမ်း၊ တိုက်အမှတ်(၆၀)၊ ခြေရင်းခန်း၊ (၄-လွှာ)၊ အကျယ်အဝန်း ပေ(၁၈x၆၀) တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်တို့ကို ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးကျော်ကျော်လွင်[၁၂/စခန(နိုင်)၀၆၀၉၈၆]ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးကတိစာချုပ်ချုပ်ဆိုပြီးဖြစ်ရာ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ဤကြေညာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဖြိုးလတ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၀၅)**
**အမှတ်-(၈၆)၊ (ဒုတိယထပ်)၊ (၄၉)လမ်း(အလယ်ဘလောက်)၊ ၁-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၇၀၀၅၂၁၈၅၊ ၀၉-၂၅၄၃၂၀၅၂၇**

## ဗိုလ်မှူးတင်သောင်း(ငြိမ်း)

**ကြည်း-၁၁၄၅၄၊ OTS(38)**
**ဒု-ဥက္ကဋ္ဌ (ပုဇွန်တောင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့)**
**ဒု-ဥက္ကဋ္ဌ (ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၊ ရန်ကုန်)**
**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**
**အသက် (၇၇)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် (၂၃)၊ (၅၄)လမ်းနေ ဒေါ်ခင်မမလေး (Annie)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမောင်မောင်လွင်-မခိုင်ဇာနည်တင်တို့၏ ဖခင်၊ အောင်သူရိန်မောင်မောင်၊ မင်းခန့်ကျော်မောင်မောင်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၈-၉-၂၀၂၀ (တနင်္လာနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မောင်အောင်သီဟကျော်(ခ)မောင်အောင်ကြီး

**ဝင်းထိပ်တန်းစတိုး(ကျောက်မြောင်း)**
**အသက်(၂၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ အမှတ်(၁၁)၊ ကျားကွက်သစ်လမ်းနေ ဦးနေစိုး-ဒေါ်မြင့်မြင့်ခင် (ဝင်းထိပ်တန်းစတိုး)တို့၏ သား၊ ဦးသိန်းဌေး-ဒေါ်လှလှမြင့် (ရွှေညာသားဆေးဆိုင်)၊ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါတိုင်းရင်းဆေး)၊ ဒေါ်အေးအေးခိုင်၊ ဒေါ်ခင်ခင်စိန်၊ ဘားအံမြို့နေ ဦးသာဇံ-ဒေါ်မြကျင်၊ ဒေါ်ဝင်းမြင့်၊ ဦးဝင်းနိုင်တို့၏တူ မောင်အောင်ကြီးသည် ၂၆-၉-၂၀၂၀ (စနေနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလားဇယ် (Htun Construction)**
**အသက်(၄၅)နှစ်**
**Vice Chairman, (B.O.D - M.L.C.P)**

မြန်မာလိုင်စင်ရကန်ထရိုက်တာများ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ Vice Chairman, (B.O.D) ဖြစ်သူ ဦးလားဇယ် သည် ၂၇-၉-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးတင်မြင့်၊ MD.
Mother land Co., Ltd.

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလားဇယ် (Htun Construction)**
**အသက်(၄၅)နှစ်**

ဘာသာပေါင်းစုံမိတ်ဆွေများအဖွဲ့. ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးလားဇယ် သည် ၂၇-၉-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဘာသာပေါင်းစုံမိတ်ဆွေများအဖွဲ့.

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလားဇယ် (Htun Construction)**
**အသက်(၄၅)နှစ်**
**Vice Chairman, (B.O.D - M.L.C.P)**

မြန်မာလိုင်စင်ရကန်ထရိုက်တာများ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ Vice Chairman, (B.O.D) ဖြစ်သူ ဦးလားဇယ် သည် ၂၇-၉-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးမိုးကျော်သူ၊ MD.
Rain Forest Co., Ltd.

## ဦးသန်းထွတ်

**သင်ပြနည်းဌာန**
**ပါမောက္ခ(ငြိမ်း)**
**ရန်ကုန်ပညာရေးတက္ကသိုလ်**
**အသက် (၈၆)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မင်းဓမ္မလမ်း၊ ပညာရိပ်သာ၊ C-11၊ အခန်း (၆၀၃)နေ ဒေါ်ညွန့်ညွန့်၏ ခင်ပွန်း၊ ဦးခင်မောင်ဝင်း-ဒေါ်သင်းသင်းထွတ်၊ ဦးကျော်အောင်ထွတ်-ဒေါ်အေးအေးမွန်၊ ဦးဇော်အောင်ထွတ်-ဒေါ်ခင်ငြိမ်းငြိမ်း၊ (ဦးမိုးအောင်ထွတ်)-ဒေါ်လှလှဌေး၊ ဦးဝင်းထွတ်-ဒေါ်မူမူတင်တို့၏ ဖခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၂၈-၉-၂၀၂၀ (တနင်္လာနေ့) နံနက် ၃ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ၁၀:၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၄-၁၀-၂၀၂၀ (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ဝါဝါ

**အသက် (၅၈)နှစ်**

ရန်ကုန်မြို့နေ (ဦးအောင်သန်း)-ဒေါ်သန်းဌေးတို့၏ သမီး၊ ဦးအောင်ကျော်စိုး၊ ဒေါ်ခင်မေကြည်တို့၏ ညီမ၊ ဦးအောင်ကျော်မိုး-ဒေါ်အေးအေးသန်း၊ ဦးခင်မောင်အေး-ဒေါ်နန့်သီသီ၊ ဦးအောင်ကျော်တိုး၊ ဒေါ်နော်သင်းသင်းတို့၏ အစ်မသည် ၂၈-၉-၂၀၂၀ ရက် နံနက် ၄ နာရီတွင် တောင်ဥက္ကလာပနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေ သူငယ်ချင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဥတုရာသီ တောကိုမှီ၏**

**ကြီးမြန် သစ်ပင် စိုက်ပျိုး လျှင် စွမ်းအင် လည်း ရ ပြည် လည်း လှ**

## ဘုရား၊ ကျောင်း ဒါယကာကြီး ဦးထိန်ဝင်း

**(စီးပွား/ကူးသန်း-ငြိမ်း)**
**အသက် (၇၉)နှစ်**

ရန်ကုန်မြို့နေ (ဦးဘသိန်း-ဒေါ်ချစ်ရွှေ)တို့၏ သား၊ မန္တလေးမြို့နေ (ဦးလှိုင်ဦး-ဒေါ်စောလှိုင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ညောင်တုန်းလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ခင်ဌေး (အထပြဆရာမ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးဟန်ဝင်း၊ မန္တလေးမြို့နေ ဦးအောင်နိုင်-ဒေါ်မီမီဝင်း (Sky Group Construction)၊ ဦးအောင်ကျော်စွာဟိန်း (Mascot Co., Ltd)-ဒေါ်နုယဉ်ဝင်း(PAS Co., Ltd ) တို့၏ ချစ်လှစွာသောဖခင်၊ မောင်စွမ်းဝေလျှံနိုင်၊ မယွန်းရွှေရည်ဖူး၊ မောင်ရှိုင်းထက်မြက်အောင်တို့၏ ဘိုးဘိုးသည် ၂၇-၉-၂၀၂၀ ရက်နေ့ ည ၈ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသောကြောင့် ၂၈-၉-၂၀၂၀ ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## Lazarus (ခ) ဦးလားဇယ် (ခ) လာဇရု

**အသက် (၄၅)နှစ်**
**(M.D) ရတနာရွှေထွန်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊**
**(Director) ထွန်းဆောက်လုပ်ရေး၊**
**(ဒု-ဥက္ကဋ္ဌ-၁) မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများ အသင်းချုပ်၊**
**(ဒု-ဥက္ကဋ္ဌ) မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများ**
**အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ (၉၃)လမ်း၊ အမှတ် (၈၃)၊ မြေညီထပ်နေ [ဦးရာဂျူး(ခ)ဦးစိုးမြင့်]၊ ဒေါ်ရာဂျီနာမေရီတို့၏သား၊ Mari Stella Lozarus (ခ) စံပယ်လှိုင် (ခ)စန်းစန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ Alvina Lazarus၏ ချစ်လှစွာသောဖခင်သည် ၂၇-၉-၂၀၂၀ ရက် ည ၁၁:၂၅ နာရီ တွင် ဝိတိုရိယအထူးကုဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၈-၉-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလားဇယ် (Htun Construction)**
**အသက်(၄၅)နှစ်**
**Vice Chairman, (B.O.D - M.L.C.P)**

မြန်မာလိုင်စင်ရကန်ထရိုက်တာများ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ Vice Chairman, (B.O.D - M.L.C.P) ဖြစ်သူ ဦးလားဇယ် သည် ၂၇-၉-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

Chairman of Founder,
Chairman of B.O.D, Board of Directors များ၊
Myanmar Licensed Contractors Public Co., Ltd.

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလားဇယ် (Htun Construction)**
**အသက်(၄၅)နှစ်**

မြန်မာ-အိန္ဒိယ-တရုတ် အပြည်ပြည်ဆိုင်ရာ ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးလားဇယ် သည် ၂၇-၉-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြန်မာ-အိန္ဒိယ-တရုတ် အပြည်ပြည်ဆိုင်ရာ ချစ်ကြည်ရေးနှင့်
စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း

အဂတိ ပယ်ရှား
ပြည်သာယာ

## အထူးကျေးဇူးတင်ရှိခြင်း

၂၀-၉-၂၀၂၀ ရက် (တနင်္ဂနွေနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသော ကျေးဇူးရှင် ဦးထွန်းငွေ သံအမတ်ကြီး(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန နာမကျန်းဖြစ်စဉ် နှစ်ပေါင်းများစွာ မိသားစုသဖွယ် ပြုစုစောင့်ရှောက်ပေးပါသော အထွေထွေရောဂါကုသမားတော်ကြီး ပါမောက္ခ(ငြိမ်း) ဒေါက်တာဒေါ်ခင်ခင်သက်၊ နှလုံးရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာဦးသန်းထိုက်အောင်၊ ပါရမီဆေးရုံ Home Care Service မှ ဒေါက်တာဦးခင်မောင်ကြည်နှင့် ကျန်းမာရေးဝန်ထမ်းအဖွဲ့သားများအားလည်းကောင်း၊ ဝမ်းနည်းကြောင်းပြောကြားပေးပါသော ဦးအုန်းကျော် (နိုင်ငံခြားရေးဝန်ကြီး-ငြိမ်း)နှင့် ဇနီး မမကြည်၊ ဦးညွန့်ဆွေ (နိုင်ငံခြားရေးဒုတိယဝန်ကြီး-ငြိမ်း)နှင့် ဇနီး မမသက်၊ ဝမ်းနည်းကြောင်း သတင်းစာများတွင် ဖော်ပြပေးပါသော နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဇနီး ဒေါ်မေယဉ်ထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အငြိမ်းစားဝန်ထမ်းဟောင်းများ၊ ဝမ်းနည်းကြောင်း ပန်းစည်းနှင့် စာလွှာပေးပို့ပါသော မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး MR. ICHIRO MARUYAMA တို့အားလည်းကောင်း၊ နာရေးကိစ္စအဝဝကို လိုလေသေးမရှိကူညီဆောင်ရွက်ပေးပါသော ရတနာအိမ်ရာ သာယာရေးကော်မတီမှ ဦးကျော်မြင့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ခင်ဝင်း၊ ဦးစောဝင်း၊ ဦးကျော်စိုးသန့်နှင့် နာရေးကူညီမှုအသင်း(ရန်ကုန်) တို့အားလည်းကောင်း၊ ဝမ်းနည်းကြောင်းသတင်းမေးမြန်း၍ လှူဖွယ်ဝတ္ထုများပေးပို့ပါသော ပြည်တွင်း ပြည်ပမှ ဆွေမျိုး မိတ်သင်္ဂဟ အားလုံးတို့ကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူ ဇနီးနှင့်မိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကြည်ထွန်း (ခလရ-၁၄) (ငြိမ်း)

### အသက် (၈၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြဓမ္မာရုံလမ်း၊ အမှတ် (၃)နေ (ဦးဘမှီ-ဒေါ်မမ)တို့၏ သား၊ (ဒေါ်စောရီ)၏ ခင်ပွန်း၊ (ကိုသန့်စင်)-မအေးမြသူ (Sujin Co., Ltd.)၊ ကိုရန်ပိုင်-မစန္ဒာလွင်၊ ကိုစည်သူဆုအောင် (အော်စကာ) (Unity Shipping)- မသီရိလှိုင် (အထက်တန်းရှေ့နေ)၊ ကိုအောင်ကိုဦး (Oway Co., Ltd.)-မသန္တာအောင်၊ မယုစန္ဒာမင်း (ခေတ္တ-Singapore)၊ ကိုကြည်ဖြူအောင် (Dollor) (Unity Shipping)၊ ကိုချမ်းမြေ့အောင် (Superior သောက်ရေသန့်)၊ မယွန်းမီမီဇော် (AGD Bank)၊ ကိုဖြိုးကိုဝင်း-မစုဇူဝတ်ရည်သိန်း (ဇူးဇူး) (MGMA)၊ မောင်ကောင်းထက်ဇော် (3/E, RAFFLES Shipping)၊ မဆုစန္ဒီမင်း (Computer Science, YU)၊ မဝင့်နဒီကြေးမုံ (YUE)၊ မောင်အာကာမိုးမြင့်တို့၏ အဘိုး၊ မြေးခြောက်ယောက်တို့၏ ဘိုးဘိုးကြီး ဦးကြည်ထွန်းသည် ၂၈-၉-၂၀၂၀ (တနင်္လာနေ့) နံနက် ၅:၄၅ နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၁၀-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

### ဦးစိုးငြိမ်း (၆၆)နှစ်

### ခရိုင်ဥပဒေအရာရှိ(ငြိမ်း)

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ နှင်းဆီလမ်း၊ အမှတ် (၁၇၆) နေ ဦးစိုးငြိမ်း (ခရိုင်ဥပဒေအရာရှိ-ငြိမ်း)သည် ၂၂-၉-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဇေယျ (၆၃) ဥပဒေအရာရှိများ**

အနိစ္စ

**သွေး သည် အသက်**

## ဘုရား၊ ကျောင်း ဒါယကာကြီး ဦးထိန်ဝင်း

(စီးပွား/ကူးသန်း-ငြိမ်း)

### အသက် (၇၉)နှစ်

ရန်ကုန်မြို့နေ (ဦးဘသိန်း-ဒေါ်ချစ်ရွှေ)တို့၏ သား၊ မန္တလေးမြို့နေ (ဦးလှိုင်ဦး-ဒေါ်စောလှိုင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ညောင်တုန်းလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ခင်ငွေး (အထပြဆရာမ-ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးအုန်းမောင်-ဒေါ်ကြည်ကြည်တင်)၊ (ဦးတင်အောင်-ဒေါ်သန်းအေး)၊ (ဦးကိုကိုကြီး)၊ (ဦးညွန့်လှိုင်-ဒေါ်မြမြသိန်း)၊ (ဦးအုန်းစိန်)-ဒေါ်လှလှသိန်း၊ ဦးခင်စိုး၊ ဦးကြင်စိုး၊ ဒေါ်သန္တာစိုးတို့၏ ညီ/မောင်၊ တူရှစ်ယောက်၊ တူမကိုးယောက်တို့၏ ချစ်လှစွာသော ဦးလေး ဦးထိန်ဝင်းသည် ၂၇-၉-၂၀၂၀ ရက်နေ့ ည ၈ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသောကြောင့် ၂၈-၉-၂၀၂၀ ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိုးမြင့် (လေတပ်မှတ်တမ်း-ငြိမ်း) (ပန်းတောင်း)

### အသက် (၇၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နေ (ဦးပြေသိန်း-ဒေါ်လှညွန့်)တို့၏ သားကြီး၊ (ဦးတင်အေး-ဒေါ်မြင့်မြင့်ဟန်)၊ ဦးစိုးတင့်-ဒေါ်သန်းနွဲ့တို့၏ အစ်ကို၊ မြောက်ဒဂုံမြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ် (၄၂၄) နေ ဒေါ်ခင်ခင်ရီ (အလပြ-ငြိမ်း၊ လ-၆၊ ရန်ကင်း)၏ ခင်ပွန်း၊ မနီလာညွန့် (Family Entertainment Group Co., Ltd.)၊ မကေသွယ် (ABC Content Solutions Co., Ltd)တို့၏ဖခင် ဦးစိုးမြင့် (တကကက-ငြိမ်း၊ လေတပ်မှတ်တမ်း၊ တပ်မတော်မှတ်တမ်းရုံး)သည် ၂၄-၉-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရှိသော ရုပ်ကလာပ်ကို ၂၅-၉-၂၀၂၀ (သောကြာနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား ကျန်ရစ်သူမိသားစုမှ ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန္တာညွန့် (၅၇)နှစ်

### မြန်မာစာတိုက်လုပ်ငန်းရုံးချုပ်(နေပြည်တော်)

ရန်ကုန်မြို့၊ တိုက်ဟောင်း(၃)၊ အခန်း(၉)၊ စံပြ ဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးသန်းညွန့်-ဒေါ်ခင်အေးကြူ)တို့၏ သမီး၊ (ဦးညွန့်လှိုင်-ဒေါ်မြကြည်)တို့၏ သမီးချွေးမ၊ အရှင်မုနိန္ဒ၊ ဦးသန်းဇော်၊ ဦးသန်းငွေး၊ ဒေါ်စန္ဒာညွန့်၊ ဒေါ်ဥမ္မာညွန့်၊ ဒေါ်သူဇာညွန့်၊ (ဦးအောင်မိုး)-ဒေါ်ခင်မြသွင်တို့၏ ညီမ၊ ဦးဝင်းမြင့် (မြန်မာဆက်သွယ်ရေးလုပ်ငန်း၊ IT Billing ဌာန)၏ ချစ်လှစွာသော ဇနီးသည် ၂၈-၉-၂၀၂၀ (တနင်္လာနေ့) နံနက် ၆:၃၀ နာရီတွင် ၉၆ ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ကောင်းမွန်စွာပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၁၀-၂-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ချယ်ရီ

### ဆက်သွယ်ရေး

### အသက် (၅၅)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် (၁၈၈)နေ (ဦးဘရီ-ဒေါ်အုံးနွဲ့)တို့၏သမီး၊ ဦးသိန်းဝင်း-ဒေါ်စုစုကြည် တို့၏ညီမ၊ ဦးအောင်ခန့်-ဒေါ်မဥ္ဇူသင်း၊ ဦးခင်မောင်ရီ-ဒေါ်ယင်းမာတို့၏ အစ်မ၊ သာကေတမြို့နယ်၊ (၂) မြောက်ရပ်ကွက်၊ ထူပါရုံ (၂၁) လမ်းအရှေ့၊ အမှတ် (၂၇၄-B/ခ) နေ ဦးအောင်ကျော်စိုး (အိုး/အိမ်)၏ဇနီး၊ မအိန္ဒြာအောင်၊ မောင်ရဲထက်ကျော်တို့၏ မွေးသမိခင် ဒေါ်ခင်ချယ်ရီ(ဆက်သွယ်ရေး)သည် ၂၈-၉-၂၀၂၀ ရက် ၉:၅၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၁၀-၂၀၂၀ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဒေဝသာဂရသိမ်ကုန်း ဓမ္မိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်

ပဓာနနာယကဆရာတော်

## အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမန

### သိက္ခာတော် (၇၁)ဝါ၊ သက်တော် (၉၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူမီးရထားရပ်ကွက်၊ သိမ်ဖြူလမ်း၊ ဒေဝသာဂရသိမ်ကုန်း ဓမ္မိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုမန မဟာထေရ်မြတ်သည် ၂၈-၉-၂၀၂၀ (တနင်္လာနေ့) နံနက် ၂:၅၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ရုပ်ကလာပ်တော်ကို ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့် သံဃာများနှင့် ဆွေမျိုး၊ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

နာယကဆရာတော်များ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကြည်ထွန်း(ခလရ-၁၄)(ငြိမ်း)

### အသက် (၈၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြဓမ္မာရုံလမ်း၊ အမှတ် (၃)နေ (ဦးဘမှီ-ဒေါ်မမ)တို့၏ သား၊ (ဒေါ်စောရီ)၏ ခင်ပွန်း၊ ဦးဝင်းသိန်း (Unity Shipping)-ဒေါ်နှင်းရီငွေး၊ (ဦးလှသန်း)-ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးထွန်းထွန်း (Unity Shipping & Service Agencies Ltd), (Princess Power Manufacturing Co., Ltd)၊ ဦးမင်းသိန်း(Unity Shipping)-ဒေါ်ကြည်ကြည်မာ၊ ဦးဇော်ဝင်း(Unity Shipping)-ဒေါ်သိန်းသိန်းထွေး၊ ဦးဇော်လင်း (Unity Shipping)-ဒေါ်အေးအေးမြင့်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၃ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုး ဦးကြည်ထွန်းသည် ၂၈-၉-၂၀၂၀ (တနင်္လာနေ့) နံနက် ၅:၄၅ နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၁၀-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကြည်ထွန်း(ခလရ-၁၄)(ငြိမ်း)

### အသက် (၈၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြဓမ္မာရုံလမ်း၊ အမှတ်(၃) နေ (ဦးဘမှီ-ဒေါ်မမ)တို့၏ သား၊ (ဒေါ်စောရီ)၏ ခင်ပွန်း၊ (ဦးဘသိုက်)၊ (ဦးလှဘော်-ဒေါ်ခင်ပြုံး)၊ (ဦးညိုလုံး-ဒေါ်သန်းရွှင်)တို့၏ ညီ/မောင်၊ (ဦးထွန်းရင်-ဒေါ်အေးရင်) ၊ (ဦးကံကောင်း)-ဒေါ်ခင်နွဲ့၊ (ဦးတင်အုန်း)-ဒေါ်ခင်မူ၊ ဦးရဲမြင့်-(ဒေါ်သိန်းရင်)၊ ဦးညွန့်ဆွေ-ဒေါ်ခင်ဝင်းနွယ်တို့၏ အစ်ကိုကြီး ဦးကြည်ထွန်းသည် ၂၈-၉-၂၀၂၀ (တနင်္လာနေ့) နံနက် ၅:၄၅နာရီတွင် OSC ဆေးရုံ၌ ၉၆ ပါး ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၁၀-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့် သွေးဖြင့် အသက် ကယ်ပါ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## တွဲဖက်ပါမောက္ခ ဒေါက်တာတင်ဆွေ

### လည်ပင်းကြီးနှင့် အထွေထွေရောဂါအထူးကုဆရာဝန်ကြီး(ငြိမ်း)

### အသက် (၆၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ (၃) လမ်း၊ အမှတ်(၇၆)နေ ဦးပေါသန်း-ဒေါ်ခင်ရီတို့၏သား၊ ဒေါ်ခင်အေးရီ၏ခင်ပွန်း၊ Capt. ဝေဖြိုး-ဒေါ်အေးမို့မို့ခင်၊ ဒေါ်ဆွေရည်သိမ့်သိမ့်ထက်တို့၏မွေးသဖခင်၊ မသီရိထက်ထက်အောင်၏အဘိုး ဒေါက်တာတင်ဆွေသည် ၂၇-၉-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀:၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၂၀ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

## တွဲဖက်ပါမောက္ခ ဒေါက်တာတင်ဆွေ

### လည်ပင်းကြီးနှင့် အထွေထွေရောဂါအထူးကုဆရာဝန်ကြီး(ငြိမ်း)

### အသက် (၆၃)နှစ်

၂၇-၉-၂၀၂၀ ရက်တွင် ကွယ်လွန်သွားသော ဒေါက်တာတင်ဆွေ နာမကျန်းဖြစ်၍ ဆေးရုံတက်ရောက်ကုသနေစဉ်အတွင်း အဘက်ဘက်မှ လိုလေသေးမရှိအောင် ဝိုင်းဝန်းကူညီပေးခဲ့ကြသော ခုတင်(၅၀၀) အထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ အသည်းရောဂါဆေးကုဌာနမှ ဌာနမှူး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့်တကွ ဝန်ထမ်းများ၊Gleneagles Global Health City, Perumbakkam, Chennai မှ အသည်းအထူးကု ဆရာဝန်ကြီးများနှင့်တကွ ဝန်ထမ်းများ၊ (ရန်ကုန်၊ မန္တလေး၊ နေပြည်တော်) အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေကုသရေးဌာနမှ ဌာနမှူးများနှင့်တကွ ဝန်ထမ်းများ၊ သီတာအေးမြဆေးကုခန်းမှ ဆရာဝန်များ၊ ဝိသုဒ္ဓိမဂ်ဓမ္မလမ်း ဝိပဿနာအဖွဲ့မှ ဓမ္မမိတ်ဆွေများ၊ မိတ်ဆွေသူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း ဖုန်း၊ အီးမေး(လ်)နှင့် လူမှုကွန်ယက်စာမျက်နှာများမှ သတင်းမေးအားပေးနှစ်သိမ့်ကြသူများ၊ အမည်နာမအားဖြင့် ဖော်ပြ၍ မရနိုင်လောက်အောင်များပြားသော ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

# စက်တင်ဘာ ၂၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၈၉၇ ဦး တွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၂၈-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂၇-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၈-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၅၅၉၇ ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၈၉၇ ဦး တွေ့ရှိရပါသည်။

**မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား သေဆုံးမှုအခြေအနေ (၂၈-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၈၉၇) ဦး | (၁၁,၆၃၁) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၂၁၁) ဦး | (၃,၀၇၃) ဦး |
| သေဆုံးလူနာ | (၃၀) ဦး | (၂၅၆) ဦး |

**မှတ်ချက်။ သေဆုံးလူနာ ၃၀ ဦးအနက် ဆေးရုံသို့ သေဆုံးရောက်ရှိလာသူ ၁၅ ဦး ရှိပါသည်။**

# ကိုဗစ်- ၁၉ လူနာ ၁၀၀၀ ထားရှိနိုင်မည့် Fortune Plaza အား ကန့်သတ်စောင့်ကြည့်စခန်းအဖြစ် အသုံးပြုရန်ပြင်ဆင်

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်း ဒေသကြီးအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာများ တစ်နေ့တခြား တိုးပွားလာသည့်အတွက် အတည်ပြုလူနာများအား ကုသပေးနိုင်မည့် ကန့်သတ်စောင့်ကြည့်စခန်းများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရက အလျင်အမြန် ရှာဖွေပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိသည်။

**လှည့်လည်ကြည့်ရှု**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မင်းနန္ဒာလမ်းရှိ Fortune Plaza သို့ ရောက်ရှိပြီး တာဝန်ရှိသူများ နှင့် တွေ့ဆုံဆွေးနွေးကာ Fortune Plaza အား ကန့်သတ်စောင့်ကြည့်စခန်းအဖြစ် ပြင်ဆင်ဆောင်ရွက်ရန် အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❂



## ခေတ်သစ်ပြည်ထောင်စုပါတီ ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ပါရှိ

ခေတ်သစ်ပြည်ထောင်စုပါတီ ၏ ပြည်သူများသို့ စည်းရုံး ဟောပြောချက်ကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ တွင် ဖော်ပြထားပါသည်။

## ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ ၊ အမျိုးသားတိုးတက်ရေးပါတီ နှင့် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၂၈

**ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ ၊ အမျိုးသားတိုးတက်ရေးပါတီ** နှင့် **အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ** တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၂၉ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယို နှင့် **MRTV Facebook Page** တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၃၀ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ နှင့် **The Global New Light of Myanmar** သတင်းစာ တို့တွင် ဖော်ပြသွားမည် ဖြစ်ပါသည်။

သတင်းစဉ်

## ကြေးမုံ ယနေ့ ဖတ်စရာ


တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန် စာမျက်နှာ » ၁၀

ဂျပန်၌ သက်ကြီးရွယ်အိုစောင့်ရှောက်ပေးမည့် ကျန်းမာရေးဝန်ထမ်း မလုံလောက်မှု ရင်ဆိုင်ရနိုင် စာမျက်နှာ » ၁၁

ဂျီ-၂၀ ခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေး နိုဝင်ဘာလတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပမည် စာမျက်နှာ » ၁၂

ဒို့တက္ကသိုလ်တွေ အဆင့်မြင့်ဖို့ ဝိုင်းဝန်းကြိုးပမ်းကြပါစို့ စာမျက်နှာ » ၂၄


# ချန်ပီယံအဆုံးအဖြတ်ပွဲများနှင့် MNL နောက်ဆုံးရက်သတ္တပတ်

**ရန်ကုန် စက်တင်ဘာ ၂၈**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၂၀) ကို စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲများ၊ အဆင့်ရပ်တည်မှုအတွက် အရေးပါသည့်ပွဲများ ပါဝင်နေသည်။

**အဖြေထွက်ပေါ်မည်**

ပွဲစဉ် (၂၀) အဖြစ် စက်တင်ဘာ ၂၉ ရက်တွင် သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် စစ်ကိုင်းအသင်း၊ စက်တင်ဘာ ၃၀ ရက်တွင် သုဝဏ္ဏကွင်း၌ ရခိုင်အသင်းနှင့် Southern အသင်း၊ YUSC ကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ရန်ကုန်အသင်း၊ အောက်တိုဘာ ၁ ရက်တွင် သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းနှင့် ရောဝတီအသင်း၊ YUSC ကွင်း၌

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ○



ဇယားထိပ်ဆုံးသို့ရောက်ရှိလာပြီး ချန်ပီယံဆုကာကွယ်နိုင်ရန် အခြေအနေကောင်းနေသည့် ရှမ်းယူနိုက်တက်အသင်း။